အသိပညာအားနည်းလာခြင်း

☞ ရဟန်းတို့ - ဆုတ်ယုတ်ခြင်းတို့တွင် အသိဉာဏ်ဆုတ်ယုတ်ခြင်းသည် အဆိုးဝါးဆုံးဖြစ်၏။

ရဟန်းတို့ - အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိများမှာ အာရုံခံစားသူ၏စိတ်ကို စွဲမက်အောင် ဆွဲယူနိုင်သော သာယာဖွယ် ဆွဲအားရှိနေခြင်းကြောင့် သတ္တဝါတို့သည် အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိဟူသော အာရုံငါးပါး၌ လွန်စွာစွဲလမ်းတပ်မက်ကြ၏။

☞ ရဟန်းတို့ - ယောက်ျား၏စိတ်ကို သိမ်းကျုံးဖမ်းယူရာ၌ မိန်းမ၏အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိကဲ့သို့ ဆွဲအားကောင်းသော အခြားတစ်မျိုးသော အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိကို ငါဘုရား တွေ့မြင်တော်မမူ။

ရဟန်းတို့ - မိန်းမ၏စိတ်ကို သိမ်းကျုံးဖမ်းယူရာ၌ ယောက်ျား၏ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိကဲ့သို့ ဆွဲအားကောင်းသော အခြားတစ်မျိုးသော အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိကို ငါဘုရား တွေ့မြင်တော်မမူ။

☞ ရဟန်းတို့ - အာရုံငါးပါး ကာမဂုဏ်တရား၌ လိုချင်တက်မက်မှုသည် -

(၁) လူသားအတွက် ကောင်းကျိုးချမ်းသာကို ဖြစ်ပေါ်စေတတ်သော ကုသိုလ်တရားများ လူသား၏ စိတ်အစဉ်၌ မဖြစ်ရအောင် ပိတ်ပင်တားဆီးတတ်၏။

(၂) ဖြူစင်သော လူသား၏စိတ်ကို ညစ်ပေစေတတ်၏။

(၃) လူသား၏ အသိပညာကို အားနည်းသွားအောင် ပြုလုပ်တတ်၏။

(၄) လူသား၏ ပညာမျက်စိကို ကန်းအောင် ပြုလုပ်တတ်၏။

(၅) အဆိုး, အကောင်း၊ အမှား, အမှန် စသည်ကို ခွဲခြားမြင်နိုင်သော ပညာမျက်စိမရှိအောင် ပြုလုပ်တတ်၏။

(၆) အဆိုး, အကောင်း၊ အမှား, အမှန် စသည်ကို ခွဲခြားမသိအောင် ပြုလုပ်တတ်၏။

(၇) အသိပညာကို ချုပ်ကွယ်စေတတ်၏။

(၈) ဆင်းရဲပင်ပန်းခြင်းအဖို့၌သာ ဖြစ်စေတတ်၏။

☞ ရဟန်းတို့ - ထို့ကြောင့် ဤသာသနာတော်၌ သင်ချစ်သားတို့သည် မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်ဟူသော ဣန္ဒြေတံခါးပေါက်တို့ကို လုံခြုံအောင် စောင့်ထိန်းနေကြလော့။

(၁) ငါ့ရှင်တို့ - မြန်မာ့လူ့ဘောင်ကို ဗုဒ္ဓတရားတော်ဖြင့် ဖွဲ့စည်းထားခြင်းကြောင့် မြန်မာတို့သည် အာရုံလိုက်စားမှုကို ဆင်းရဲပျက်စီးကြောင်းဟု ယုံကြည်၍ အရာရာ၌ ထိန်းထိန်းသိမ်းသိမ်းနေထိုင်ခဲ့ကြ၏။

(၂) မြန်မာနိုင်ငံ လူမျိုးခြားလက်ထဲကျရောက်ပြီးနောက် မြန်မာ့လူ့ဘောင်ထဲသို့ မြန်မာ့လူနေမှုစနစ်နှင့် ဆန့်ကျင်သော လူမျိုးခြားလူနေမှုစနစ် ဝင်ရောက်လာခဲ့၏။

(၃) ရက်တတ်, ကြောက်တတ်သော မြန်မာ့လူ့ဘောင်ထဲသို့ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် သရုပ်ပျက်ပျော်ပွဲရွှင်ပွဲများကို သယ်ဆောင်လာခဲ့ကြ၏။

(၄) ထို့ကြောင့် မြန်မာတို့သည် လူမျိုးခြားယဉ်ကျေးမှုကို အားကျလာပြီး အာရုံလိုက်စားမှုလွန်ကဲလာကြ၏။

(၅) အာရုံလိုက်စားမှုလွန်ကဲလာခြင်းကြောင့် စဉ်းစားတွေးခေါ်နိုင်သော အသိပညာအားနည်းလာခဲ့၏။

(၆) အသိပညာနည်းလာခြင်းကြောင့် အသိပညာကိုအခြေခံ၍ တည်ဆောက်ထားသော စာရိတ္တမဏ္ဍိုင် ယိုင်လဲလာခဲ့၏။ စာပေကြိုးစားမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအားလုံး ကျဆင်းလာခဲ့၏။

(၇) စာရိတ္တမဏ္ဍိုင် ယိုင်လဲပြိုကျမှုကြောင့် မြန်မာ့လူ့ဘောင်၌ ငြိမ်းချမ်းသာယာမှုများ ပျက်ပြားလာခဲ့၏။

(၈) ထို့ကြောင့် အထက်ပါ ဗုဒ္ဓ၏ မိန့်ကြားတော်မူချက်များ လွန်စွာမှန်ကန်နေသည်ကို တွေ့ရ၏။

(၉) ငါ့ရှင်တို့ - ဘဝတိုးတက်မြင့်မားစေလိုလျှင် ဗုဒ္ဓအဆုံးအမ တရားတော်များကို တိတိကျကျ လိုက်နာသင့်၏။

http://www.dhammadownload.com

ပုသိမ်မြို့၊ ပဋ္ဌာန်မာရုံကျောင်းတိုက်

အရှင်ခေမိန္ဒ

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ

အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ

၏

ယမကသင်ကြားနည်း

ပထမတွဲ

မူလ, ခန္ဓ, အာယတန, ဓါတု, သစ္စ

စာပေအမှတ် (၇)

သာသနာ - ၂၅၄၈ ကောဇာ - ၁၃၆၆ ခရစ် - ၂၀၀၄

(ဒုတိယအကြိမ်)

http://www.dhammadownload.com

ပုသိမ်မြို့ ပစ္ဆိမာရုံကျောင်းတိုက်

အရှင်ခေမိန္ဒ

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

၏

ယမကသင်ကြားနည်း

ပထမတွဲ

မူလ၊ ခန္ဓ၊ အာယတန၊ ဓါတု၊ သစ္စ

စာပေအမှတ်(၇)

ဖြန့်ချိရေး

တင်တင်အေး ပိဋကတ်စာပေဖြန့်ချိရေး

၁၃-၁၄၊ ၄၁-၄၂၊ တောင်ဘက်မုခ်၊ ရွှေတိဂုံဘုရားဈေး၊ ဒဂုံစာတိုက်၊

ရန်ကုန်မြို့။

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် – ၂၃၅ / ၂၀၀၄ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၂၂၈ / ၂၀၀၄ (၄)

ထုတ်ဝေသူ – ဒေါ်မိုးကေခိုင်
ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ
ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးဝင်းဇော် (၀၇၄၉၇)
မိဘမေတ္တာပုံနှိပ်တိုက်
၅၄၄၊ အင်းတော်လမ်း
(၆၄) ဒဂုံမြို့သစ်တောင်ပိုင်း
ရန်ကုန်မြို့။

အုပ်ရေ – ၂၀၀၀
တန်ဖိုး – ၁၀၀၀ ကျပ်
၂၀၀၄ ခုနှစ်၊ မေလ
(ဒုတိယအကြိမ်)

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	က
၂။	အခြေခံမှတ်ဖွယ်	၁
၃။	ပဏ္ဏတ္တိဝိသဇ္ဇနာဝိဘင်းတွဲစပ်ပုံ	၂
၄။	ပဏ္ဏတ္တိ, ဝိသဇ္ဇနာ, ဝိဘင်း, ကောဋ္ဌာသ တွဲပြပုံ	၃
၅။	ဝိဘင်းဖြောင့် ဝိဘင်းလိမ်	၅
၆။	ကောဋ္ဌာသတင်ပုံ	၆
၇။	ဝိဘင်းထုတ်ရန်	၁၁

မူလယမိုက်

စဉ်	အကြောင်းအရာ	စာမျက်နှာ
၈။	ဥဒ္ဒေသ	၁၂
၉။	ပုစ္ဆာဝါရပါဠိတော်	၁၄
၁၀။	ပုစ္ဆာဝါရပါဠိတော် နည်းပြဇယား	၁၅
၁၁။	မူလနယ ပုစ္ဆာပါဠိကို အနက်ပေးပုံ	၁၆
၁၂။	မူလယမိုက် ဥဒ္ဒေသ၌ ဝါရစသည်ကိုမေးပုံ	၁၈
၁၃။	ဝါရစသည်ရေတွက်ပုံ	၂၁
၁၄။	အများဆိုင်ရာ လက္ခဏာပြဇယား	၂၂
၁၅။	ပဒအားလျော်စွာ သရုပ်ခွဲပုံ	၂၃
၁၆။	ကုသလပဒ မူလယမက	၂၄
၁၇။	အကုသလပဒ မူလယမက	၃၁
၁၈။	အဗျာကတပဒ မူလယမက	၃၃
၁၉။	နာမပဒ မူလယမက	၃၆
၂၀။	ဝေဒနာတိက်	၃၈
၂၁။	ဝိပါကတိက်	၄၃
၂၂။	ဥပါဒိန္နတိက်	၄၈
၂၃။	သံကိလိဋ္ဌတိက်	၅၃
၂၄။	ဝိတက္ကတိက်	၅၅

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၅။	သနိဒဿနသပ္ပဋိဃတိက်	၆၀
၂၆။	ဒုကမာတိကာ	၆၃
၂၇။	အာသဝဂေါစ္ဆက	၆၇

ခန္ဓယမိုက်

၂၈။	ပဏ္ဏတ္တိဝါရဥဒ္ဒေသ	၇၁
၂၉။	ပဒသောဓနဝါရနှင့် ပဒသောဓနမူလစက္ကဝါရပါဠိတော်ဇယား	၇၁
၃၀။	သုဒ္ဓခန္ဓဝါရနှင့်သုဒ္ဓခန္ဓမူလစက္ကဝါရပါဠိတော်ဇယား	၇၂
၃၁။	ပဒသောဓနဝါရ	၇၄
၃၂။	ပဒသောဓနမူလစက္ကဝါရ	၇၈
၃၃။	သုဒ္ဓခန္ဓဝါရ	၇၉
၃၄။	ပဝတ္တိဝါရအခြေခံသရုပ်ခွဲပုံ	၈၂
၃၅။	အရကောက်များ	၈၄
၃၆။	ပဝတ္တိဝါရဟောရိုးစစ်	၈၉
၃၇။	ဥပ္ပါဒပစ္စုပ္ပန္နဝါရ	၉၀
၃၈။	ဩကာသဝါရ	၉၃
၃၉။	နိရောဓပစ္စုပ္ပန္နဝါရ	၉၄
၄၀။	ဥပ္ပါဒနိရောဓပစ္စုပ္ပန္နဝါရ	၉၅
၄၁။	ဥပ္ပါဒအတီတပုဂ္ဂလဝါရ	၉၆
၄၂။	အတီတပုဂ္ဂလောကာသသရုပ်ခွဲပုံ	၉၇
၄၃။	အတီတပုဂ္ဂလောကာသ	၉၈
၄၄။	ဥပ္ပါဒအနာဂတပုဂ္ဂလဝါရသရုပ်ခွဲပုံ	၉၉
၄၅။	အရကောက်များ	၁၀၁
၄၆။	ဥပ္ပါဒအနာဂတပုဂ္ဂလဝါရ	၁၀၂
၄၇။	ပုဂ္ဂလောကာသသရုပ်ခွဲပုံ	၁၀၃
၄၈။	ဥပ္ပါဒအနာဂတ ပုဂ္ဂလောကာသဇယား	၁၀၇
၄၉။	နိရောဓအနာဂတပုဂ္ဂလဝါရသရုပ်ခွဲပုံ	၁၀၈
၅၀။	နိရောဓအနာဂတပုဂ္ဂလဝါရ	၁၀၉
၅၁။	ပုဂ္ဂလောကာသသရုပ်ခွဲပုံ	၁၁၀
၅၂။	နိရောဓအနာဂတ ပုဂ္ဂလောကာသဇယား	၁၁၁

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၅၃။	မိဿကဝါရ	၁၁၂
၅၄။	ဥပ္ပါဒပစ္စုပ္ပန္နာတီတပုဂ္ဂလဝါရဇယား	၁၁၃
၅၅။	ပစ္စုပ္ပန္နာတီတ ပုဂ္ဂလောကာသ	၁၁၄
၅၆။	ဥပ္ပါဒ ပစ္စုပ္ပန္နာနာဂတဝါရ	၁၁၆
၅၇။	ဥပ္ပါဒအတီတာနာဂတဝါရ	၁၁၇
၅၈။	နိရောဓ ပစ္စုပ္ပန္နာတီတဝါရ	၁၁၈
၅၉။	နိရောဓ ပစ္စုပ္ပန္နာနာဂတဝါရ	၁၁၉
၆၀။	နိရောဓ အတီတာနာဂတဝါရ	၁၂၀
၆၁။	ဥပ္ပါဒနိရောဓ အနာဂတဝါရ	၁၂၁
၆၂။	ဥပ္ပါဒနိရောဓ ပစ္စုပ္ပန္နာနာဂတ	၁၂၄
၆၃။	ပရိညာဝါရ	၁၂၅

အာယတနယမိုက်

၆၄။	ပဏ္ဏတ္တိဝါရဥဒ္ဒေသ	၁၂၈
၆၅။	ပဒသောဓနဝါရ	၁၂၉
၆၆။	ပဒသောဓနမူလစက္ကဝါရ	၁၃၄
၆၇။	သုဒ္ဓါယတနဝါရ	၁၃၅
၆၈။	သုဒ္ဓါယတနမူလစက္ကဝါရ	၁၃၈
၆၉။	ပဝတ္တိဝါရအခြေခံမှတ်ဖွယ်	၁၃၈
၇၀။	ဥပ္ပါဒ ပစ္စုပ္ပန္နဩကာသဝါရ	၁၄၀
၇၁။	ဝိကလသုံးချက်	၁၄၁
၇၂။	ဝိကလသုံးချက်အရကောက်	၁၄၂
၇၃။	အာယတနကို ဝိဘင်း၌တွဲစပ်ပုံ	၁၄၄
၇၄။	ဥပ္ပါဒပစ္စုပ္ပန္န ပုဂ္ဂလ-ပုဂ္ဂလောကာသ	၁၄၅
၇၅။	အတီတဝါရသင်ကြားနည်း	၁၄၉
၇၆။	ဥပ္ပါဒအတီတပုဂ္ဂလောကာသ	၁၅၀
၇၇။	ဥပ္ပါဒအနာဂတ ပုဂ္ဂလဝါရသင်ကြားနည်း	၁၅၁
၇၈။	ဥပ္ပါဒအနာဂတ ပုဂ္ဂလောကာသဝါရ	၁၅၆
၇၉။	ဥပ္ပါဒပစ္စုပ္ပန္နာတီတ ပုဂ္ဂလဝါရ	၁၅၉
၈၀။	ပုဂ္ဂလောကာသဝါရ	၁၆၁

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၈၁။	ဥပ္ပါဒပစ္စုပ္ပန္နာနာဂတပုဂ္ဂလဝါရ	၁၆၅
၈၂။	ပုဂ္ဂလောကာသဝါရ	၁၆၇
၈၃။	အတီတာ နာဂတ ပုဂ္ဂလဝါရ	၁၇၃
၈၄။	အတီတာ နာဂတ ပုဂ္ဂလောကာသဝါရ	၁၇၃
၈၅။	နိရောဓအနာဂတပုဂ္ဂလဝါရသင်ကြားနည်း	၁၇၈
၈၆။	နိရောဓအနာဂတ ပုဂ္ဂလောကာသဝါရ	၁၈၁

ဓာတုယမက

၈၇။	ပဏ္ဏတ္တိဝါရဉဒ္ဒေသ	၁၈၄
၈၈။	ပဝတ္တိဝါရ	၁၈၆

သစ္စယမက

၈၉။	ပဏ္ဏတ္တိဝါရဉဒ္ဒေသ	၁၈၆
၉၀။	ပဒသောဓနဝါရ	၁၈၇
၉၁။	ပဒသောဓနမူလစက္ကဝါရ	၁၈၉
၉၂။	သုဒ္ဓသစ္စဝါရ	၁၉၀
၉၃။	ပဝတ္တိဝါရ အခြေခံမှတ်ဖွယ်	၁၉၂
၉၄။	ပစ္စုပ္ပန္နဝါရ သရုပ်ခွဲပုံ	၁၉၄
၉၅။	အရကောက်များ	၁၉၇
၉၆။	ဒုက္ခမူ+သမုဒယမူလီ	၂၀၂
၉၇။	ဒုက္ခမူ+မဂ္ဂမူလီ	၂၀၃
၉၈။	သမုဒယမူ မဂ္ဂမူလီ	၂၀၅
၉၉။	ဩကာသဝါရ	၂၀၅
၁၀၀။	အတီတပုဂ္ဂလဝါရ	၂၀၆
၁၀၁။	အတီတပုဂ္ဂလောကာသအခြေခံမှတ်ဖွယ်	၂၀၆
၁၀၂။	ပုဂ္ဂလောကာသအခြေခံသရုပ်ခွဲပုံ	၂၀၇
၁၀၃။	အရကောက်များ	၂၀၈
၁၀၄။	အတီတ ပုဂ္ဂလောကာသ ဒုက္ခမူ သမုဒယမူလီ	၂၁၃
၁၀၅။	ဒုက္ခမူ မဂ္ဂမူလီ	၂၁၄
၁၀၆။	သမုဒယမူ မဂ္ဂမူလီ	၂၁၅

http://www.dhammadownload.com

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၀၇။	အနာဂတဝါရ အခြေခံမှတ်ဖွယ်	၂၁၆
၁၀၈။	အနာဂတဝါရ အခြေခံသရုပ်ခွဲပုံ	၂၁၇
၁၀၉။	ပုဂ္ဂိုလ် (၄) မျိုးဇယား	၂၁၉
၁၁၀။	ဒုက္ခမူ သမုဒယမူလီ	၂၂၁
၁၁၁။	ဒုက္ခမူ မဂ္ဂမူလီ	၂၂၂
၁၁၂။	သမုဒယမူ မဂ္ဂမူလီ	၂၂၂
၁၁၃။	အနာဂတ ပုဂ္ဂလောကာသ သရုပ်ခွဲပုံ	၂၂၃

နောက်ဆက်တွဲအမိပ္ပါယ်

၁၁၄။	အခြေခံမှတ်ဖွယ်	၂၂၇
၁၁၅။	မူလယမိုက်	၂၂၉

နိဒါန်း

စာရေးသူသည် ၁၃၂၂ ခုနှစ်၊ အသက် (၁၇) နှစ်သားအရွယ်မှာ မြောင်းမြမြို့၊ ပဋ္ဌာ တာရုံတိုက်သို့ ရောက်ရှိခဲ့ပါသည်။ ထိုနှစ်မှာ အစိုးရပထမငယ်တန်းကို ဝင်ရောက်ဖြေဆိုခဲ့ရာ အောင် မြင်ခဲ့ပါသည်။

အစိုးရပထမငယ်တန်းကို ဖြေဆိုပြီးနောက် နွေရာသီကျောင်းပိတ်ရက်မှာ ခရီးမသွားဘဲ ပထမလတ်တန်း ယမိုက်ဘာသာအတွက် ကျေးဇူးတော်ရှင် ပန်းကုံးဆရာတော်ဘုရား၏ ယမက ပန်းကုံးစာမူကို ဦးသာကေတဆီမှတစ်ဆင့်ယူ၍ လက်ရေးဖြင့်ကူးယူခဲ့ပါသည်။ ထိုစဉ်က ကျောင်းတိုက် ထဲသို့ ရောက်ခါစဖြစ်၍ "ဘယ်ဟာကိုကူး၊ ဘယ်ဟာကိုမကူးနဲ့" ဟု ညွှန်ပြပေးမည့်သူမရှိခြင်းကြောင့် ယမကပန်းကုံးစာမူတစ်အုပ်လုံးကို တစ်နွေလုံး ကူးယူခဲ့ရပါသည်။

ဆေးရုံသို့ (၄) ကြိမ် တက်ရောက်ခဲ့ရ

ကျန်းမာရေးဆိုင်ရာ ဗဟုသုတနည်းပါးမှုကြောင့် စာကူးသောအခါ ဝမ်းလျားမှောက်လျက် စာရေးခဲ့ပါသည်။ စာရေးရက်ရှည်လာသောအခါ ခါးအောင့်၊ ခါးနာ၊ ရင်ဘတ်အောင့်ရောဂါ ဖြစ် လာပါသည်။ ကျောင်းပြန်ဖွင့်၍ ယမိုက်ဘာသာကို မူလယမိုက်၊ အဗျာကတပဒ, မူလယမက လောက် သာ လိုက်နိုင်ခဲ့ပါသည်။ ရင်ဘတ်အောင့်ပြီး တံတွေးထွေးတိုင်း တံတွေးထဲမှာ သွေးအစအနပါလာ ခြင်းကြောင့် မြောင်းမြမြို့၊ ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့ရပါသည်။ ထိုနှစ်တွင် မြောင်းမြ ဆေးရုံသို့ နှစ်ကြိမ်၊ ပုသိမ်ဆေးရုံသို့ နှစ်ကြိမ်၊ စုစုပေါင်း တစ်နှစ်အတွင်းမှာ ဆေးရုံသို့ (၄) ကြိမ် တက်ရောက်ကုသခဲ့ရပါသည်။ စာရေးသူသည် ထိုနှစ်မှစ၍ ကျန်းမာရေးချို့တဲ့လာပါသည်။ ကျန်းမာ ရေး ချို့တဲ့နေပြီ ဖြစ်သော်လည်း ဖွဲ လုံ့လကို မလျှော့ဘဲ စာကိုဆက်လက်ကြိုးစားပြီး ၁၃၂၃ ခုနှစ်၊ အစိုးရပထမလတ်တန်းကို ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်ခဲ့ပါသည်။

ယမကသင်ကြားနည်း

၁၃၂၄ ခုနှစ်၊ ကျောင်းပြန်ဖွင့်၍ ပထမကြီးတန်းဆိုင်ရာ ဘာသာရပ်များကို ဆက်လက် သင်ကြားနေရာ လုံ့ဝစာမကျက်နိုင်လောက်အောင် မောပန်းလာခဲ့ပါသည်။ အားနည်းလွန်း၍ ဆရာဝန်က ဆေးရုံတက်ရန် ညွှန်ကြားခြင်းကြောင့် မြောင်းမြဆေးရုံသို့ တက်ရောက်ကုသခဲ့ရပါသည်။ ဆရာဝန်က အနားယူဖို့ တိုက်တွန်းသဖြင့် ထိုနှစ် ပထမကြီးတန်းကို မဖြေဆိုနိုင်ဘဲ အနားယူခဲ့ရပါ သည်။ တော်သလင်းလလောက်မှာ ပုသိမ်မြို့၊ ပဋ္ဌမာရုံကျောင်းတိုက်သို့ ခေတ္တပြန်လာခဲ့ရပါသည်။

http://www.dhammadownload.com

(၁) ကျန်းမာရေးအတွက် နေတတ်အောင် ညွှန်ပြသူမရှိခြင်း၊
(၂) ကျန်းမာရေးကို ဂရုမစိုက်ဘဲ စာပေကို လွန်လွန်ကဲကဲ ကြိုးစားအားထုတ်ခြင်း၊
(၃) စာသင်သားဘဝမှာ ကူညီထောက်ပံ့မည့်သူမရှိခြင်းကြောင့် လိုအပ်သော ဆေးဝါး၊ ဓာတ်စာများကို မမှီဝဲရခြင်း စသောအကြောင်းများကြောင့် စာရေးသူမှာ ကျန်းမာရေး လွန်စွာ ချို့တဲ့လာခဲ့ပါသည်။

ရင်ဘတ်အောင့်ရာမှ ၁၃၂၇ ခုနှစ်၊ အသက် (၂၂) နှစ်အရွယ်မှာ ရင်ကြပ်ရောဂါ စတင်စွဲကပ်လာပါသည်။ စာသင်၍ မဖြစ်နိုင်လောက်အောင် ကျန်းမာရေးချို့တဲ့နေပြီဖြစ်၍ ပတ်ဝန်းကျင်ကလည်း အနားယူရန် တိုက်တွန်းလာခြင်းကြောင့် ၁၃၂၉ ခုနှစ်မှာ မိခင် ပဋ္ဌာနတာရုံတိုက်ကြီးကို ကျောခိုင်းပြီး၊ ပစ္ဆိမာရုံကျောင်းတိုက်သို့ ကျန်းမာရေးအနားယူရန် ခေတ္တပြန်ခဲ့ရပါသည်။ ကျန်းမာရေး အနားယူနေစဉ် ပစ္ဆိမာရုံဆရာတော်က စာချဖို့ တာဝန်ပေးအပ်လာသဖြင့် စာချခဲ့ရာ ယနေ့အထိ စာချတာဝန်ကို ယူနေရဆဲပင် ဖြစ်ပါသည်။

ပစ္ဆိမာရုံ၌ ယမိုက်ဘာသာကို သင်ကြားပေးသောအခါ ပဋ္ဌာနတာရုံမှ ပါလာသော ယမကပန်းကုံး လက်ရေးစာမူကို အခြေခံ၍ စာသင်သားကိုင် ယမကသင်ကြားနည်းစာမူကို ရေးသားခဲ့ပါသည်။ ထို့ကြောင့် ယမကသင်ကြားနည်းကျမ်းစာ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

ရေးသားပုံအစီအစဉ်

ဤကျမ်းစာ၌ ဝါရအားလျော်စွာ

(၁) အခြေခံသရုပ်ခွဲပုံ
(၂) အရကောက်တရား
(၃) ဇယားကွက်
(၄) ဝိဘင်းထုတ်ပုံ
(၅) နောက်ဆက်တွဲအမိပ္ပါယ်

ဤငါးမျိုးကို ထည့်သွင်းရေးသားထားပါသည်။ ဤကျမ်းစာသည် အာဂုံကျက်မှတ်ခြင်းထက် အသိဉာဏ်ဖြင့် စူးစမ်းဝေဖန်တတ်၊ ကြံစည်တွေးခေါ်တတ်အောင် လမ်းညွှန်ပေးပါသည်။ ဝါရတစ်ခုကို သင်ကြားတော့မည်ဆိုလျှင် အရကောက်စာအုပ်၊ ဇယားကွက်များ၊ ပါဠိတော်စာအုပ်များကို အလွတ်ရအောင် အကျက်မခိုင်းဘဲ ဆိုင်ရာအခြေခံသရုပ်ခွဲပုံကို ကြိုတင်သင်ကြားပေးပါသည်။ ယင်းသရုပ်ခွဲပုံတွင် ပါဝင်သော အရကောက်တရားအားလုံးကို ကြိုတင်ကျက်ခိုင်းပြီးပါမှ ဇယားကွက်ဖြင့် သင်ကြားပေးပါသည်။ စာသင်သားများသည် ဇယားကွက်ကို မကြည့်တတ်မီ ဇယားကွက်ထဲမှာ

http://www.dhammadownload.com

ပါရှိသော ဝိဘင်နှင့် အရကောက်ကို မှန်ကန်အောင် မဆိုတတ်ကြပါ။ ထို့ကြောင့် နမူနာအဖြစ် အချို့နေရာ၌ ဝိဘင်းထုတ်ပုံနှင့် အရကောက်ပုံတို့ကို ထည့်သွင်းပေးထားပါသည်။ ဝိဘင်းထုတ်သော အခါ ပါဠိတော်အသွား ပါဠိတော်ထုံးကျဖို့ လိုအပ်သကဲ့သို့ အရကောက်ရာ၌လည်း အရကောက် အသွား၊ အရကောက်ထုံးကျဖို့ လိုအပ်ပါသည်။ ထို့ကြောင့် နမူနာ ဝိဘင်းထုတ်ပုံနှင့် အရကောက်ပုံ တို့ကို အလွတ်ရအောင် ကျက်ထားရပါမည်။

မိဿကဝါရများအတွက် ဇယားကွက်ဖြင့် မသင်ရပါ။ ကျောက်သင်ပုန်းမှာ ချပြီး မိမိ ကိုယ်တိုင် သရုပ်ခွဲတတ်အောင် မူအရတရား၊ မူလီအရတရားနှင့် ပစ္စနိက်နှစ်ဖက်ရတရားတို့ကိုသာ ပြထားပါသည်။ ပြထားသောတရားတို့ကို ဖြစ်သင့်သလို တရားခွဲပြီး မိမိကိုယ်တိုင် ဝိဘင်းထုတ် အရကောက်ပါလေ။ ရိုးရိုးဝါရများကို ကျေညက်ပါက မိဿကဝါရအတွက် အခက်အခဲမရှိနိုင်ပါ။

ယမကပန်းကုံး

ယမကသင်ကြားနည်းစာအုပ်ကို လက်ရေးမူဖြင့် သင်ကြားလာခဲ့ရာ ယနေ့အထိ နှစ်ပေါင်း (၂၃) နှစ်ပင် ရှိခဲ့ပါပြီ။ ကျေးဇူးတော်ရှင် ပန်းကုံးဆရာတော်၏ ယမကပန်းကုံးစာအုပ် ထွက်လာ သောအခါ ယင်းပန်းကုံးစာအုပ်ကို ဝယ်ယူကြည့်ရှုကြရန် တိုက်တွန်းပေးခဲ့ပါသည်။ သို့သော် ကျောင်း တိုက်မှာ အစဉ်အလာအားဖြင့် သင်ကြားပေးနေသော ယမကသင်ကြားနည်းလက်ရေးမူကိုသာ ကူးယူ သင်ကြားနေကြပါသည်။ အချို့တပည့်ဟောင်းများက "ကျောင်းတိုက်ထဲမှာ သုံးစွဲဖို့ လက်ရေးမူကို ဖယောင်းစက္ကူဖြင့် ဖောက်၍ ကူးပေးပါလျှင် စာသင်သားများ စာကူးရ သက်သာကြပါမည်။ စာကျက် ချိန်လည်း ပိုရပါမည်" ဟု အကြံပေးခြင်းကြောင့် ထပ်မံဖြည့်စွက်သင့်သည်ကို ဖြည့်စွက်လျက် ဖယောင်း ဖြင့် ကူးယူခဲ့ပါသည်။ ယခု ဤစာအုပ်ကို ပုံနှိပ်ရန် အလှူငွေ တစ်သိန်း လှူဒါန်းသူတစ်ဦးပေါ်ပေါက် လာခြင်းကြောင့် ပုံနှိပ်ထုတ်ဝေရခြင်း ဖြစ်ပါသည်။

တိုက်တွန်းချက်။ ။ ဤကျမ်းစာ၏ လမ်းညွှန်ချက်အတိုင်း မှန်မှန်ကြိုးစားကြဖို့ တိုက်တွန်း လိုပါသည်။ ဤကျမ်းစာ၏ လမ်းညွှန်ချက်အတိုင်း လိုက်နာပါက ယမိုက် ဘာသာအတွက် ပူပန်စရာ မလိုပါ။ ဤကျမ်းစာက အရှင်မြတ်အား လိုအပ်သော အကူအညီများကို ကူညီပေးပါလိမ့်မည်။

အရှင်ခေမိန္ဒ

http://www.dhammadownload.com

ယမကသင်ကြားနည်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အခြေခံမှတ်ဖွယ်

ပဉ္စာ (၄) မျိုး

၁။ ပုရေပဉ္စာ

၂။ ပစ္ဆာပဉ္စာ

၃။ ပရိပုဏ္ဏပဉ္စာ

၄။ မောဃပဉ္စာ

ဝိဿဇ္ဇနာ (၅) မျိုး

၁။ ပါဠိဂတိဝိဿဇ္ဇနာ

၂။ ပဋိဝစနဝိဿဇ္ဇနာ

၃။ သရူပဒဿနဝိဿဇ္ဇနာ

၄။ ပဋိသေဓဝိဿဇ္ဇနာ

၅။ ပဋိက္ခေပဝိဿဇ္ဇနာ

ဝိဘင်း (၆) မျိုး

၁။ ပါဠိဂတိဝိဘင်း

၂။ အာမန္တာဝိဘင်း

၃။ တစ်ဘက်ရဝိဘင်း

၄။ နှစ်ဘက်ရဝိဘင်း

၅။ နောဝိဘင်း

၆။ နတ္ထိဝိဘင်း

http://www.dhammadownload.com

ပဥ္စာ ဝိသဇ္ဇနာ ဝိဘင်း တွဲစပ်ပုံ

ပဥ္စာ	ဝိသဇ္ဇနာ	ဝိဘင်း
ပုရေ	ပါဠိဂတိ	ပါဠိဂတိ
ပစ္ဆာ	ပဋိဝစန	အာမန္တာ
ပရိပုဏ္ဏ	သရူပဒဿန	တစ်ဘက်ရ
		နှစ်ဘက်ရ
မောဃ	ပဋိသေဓ	နော
	ပဋိက္ခေပ	နတ္ထိ

ဆောင်။ ။ ပုရေမှာ ပါဠိဂတိ၊ ဝိဘင်းသိ ပါဠိသာ၊
ပစ္ဆာမှာ ပဋိဝစန၊ ဝိဘင်းက အာမန္တာ၊
ပရိပုဏ္ဏ သရူပါငယ်၊ တစ် နှစ်ဖြာ ဝိဘင်း၊
မောဃမှာ ပဋိသေနှင့်၊ ပဋိက္ခေနော နတ္ထိတို့ကို မှတ်သိမယွင်း။

ယမိုက်သင်ကြားနည်း (၂) မျိုး

ယမိုက်သင်ကြားနည်းသည် -

၁။ သံန္နိဋ္ဌာန်၊ သံသယကို မှတ်၍ သင်ကြားနည်း
၂။ တစ်ဘက်ရ၊ နှစ်ဘက်ရကို မှတ်၍ သင်ကြားနည်းဟု (၂) မျိုးရှိ၏။

သန္နိဋ္ဌာန်၊ သံသယကို မှတ်၍ သင်ကြားနည်း

(၁) သန္နိဋ္ဌာန်ပုဒ်၏ အရမျှသာရှိ၍ သံသယပုဒ်၏ အရမရှိရာ၌ အနုလုံ ဖြစ်က နောဝိဘင်း ထုတ်၍ ပစ္စနိက်ဖြစ်က ပါဠိဂတိ ဝိဘင်းထုတ်ပါ။
(၂) သန္နိဋ္ဌာန် သံသယနှစ်ပုဒ်လုံး အရတူရာ၌ အာမန္တာ ဝိဘင်း ထုတ်ပါ။
(၃) သံသယပုဒ်အရထက် သန္နိဋ္ဌာန်ပုဒ်အရများလျှင် တစ်ဘက်ရ နှစ်ဘက်ရ ဝိဘင်းထုတ်ပါ။
(၄) သန္နိဋ္ဌာန် ပုဒ်အရမရှိလျှင် နတ္ထိဝိဘင်းထုတ်ပါ။

http://www.dhammadownload.com

ဆောင်။ ။ ရှေ့ပုဒ်ရသာ၊ ရှိလေရာဝယ်၊ နှုမှာနောသိ၊ နိုက်ပါဠိသင့်၊ တူဘိနှစ်ဖြာ၊ အာမန္တာတည်း၊ ရှေ့မှာများက တစ် နှစ်ရသိ၊ ရှေ့မရှိမူ၊ နတ္ထိဟုသာ၊ ထုတ်ကြရာသည်၊ ခြောက်ဖြာဝိဘင်းသဘောတည်း။

တစ်ဘက်ရ နှစ်ဘက်ရကိုမှတ်၍ သင်ကြားနည်း

(၁) တစ်ဘက်ရသာရှိ၍ နှစ်ဘက်ရမရှိရာ၌ အနုလုံဖြစ်က နောဝိဘင်း ထုတ်၍ ပစ္စနိက်ဖြစ်က ပါဠိဂတိ ဝိဘင်းထုတ်ပါ။

(၂) နှစ်ဘက်ရသာရှိ၍ တစ်ဘက်ရမရှိရာ၌ အာမန္တာဝိဘင်း ထုတ်ပါ။

(၃) တစ်ဘက်ရ နှစ်ဘက်ရ နှစ်ပါးအပြည့်အစုံရှိရာ၌ တစ်ဘက်ရဝိဘင်း နှစ်ဘက်ရဝိဘင်း ထုတ်ပါ။

(၄) တစ်ဘက်ရ နှစ်ဘက်ရ နှစ်ပါးစုံမရှိရာ၌ နတ္ထိဝိဘင်း ထုတ်ပါ။

အမှာ။ ။ ဤနည်းသည် ရှေးနည်းထက် လွယ်ကူ၏။ ထို့ကြောင့် ဤနည်းကို အခြေခံ၍ နိဒ္ဒေသဝါရဇယားများကို ရေးသားထားပါသည်။

ဆောင်။ ။ တစ်ဘက်ရသာ ၊တွေ့ခဲ့ပါလျှင်၊ နှုမှာနောသိ၊ နိုက်ပါဠိသင့်၊ တွေ့ရှိနှစ်သာ၊ အာမန္တာတည်း၊ နှစ်ဖြာစုံက၊ တစ် နှစ်ရသိ၊ ရမရှိမူ၊ နတ္ထိဟုသာ၊ ထုတ်ကြရာသည်၊ ခြောက်ဖြာဝိဘင်း သဘောတည်း။

ပဥှာ, ဝိဿဇ္ဇနာ, ဝိဘင်း, ကောဋ္ဌာသ တွဲပြပုံ

သဘောလက္ခဏာ	ပဥှာ	ဝိဿဇ္ဇနာ	ဝိဘင်း	ကောဋ္ဌာသ
၁။ နှစ်ပုဒ်အရမတူ ၂။ သန္နိဋ္ဌာနအရသာရှိ	ပုရေ	ပါဠိဂတိ	ပါဠိဂတိ	ပုရိမ
၁။ နှစ်ပုဒ်အရတူ ၂။ သံသယအရများ	ပစ္ဆာ	ပဋိဝစန	အာမန္တာ	ပစ္ဆိမ

http://www.dhammadownload.com

ယမကသင်ကြားနည်း

၁။ သန္ဒိအရများ ၂။ အချို့တူ၊ အချို့မတူ	ပရိပုဏ္ဏ	သရူပဒဿန	တစ်ဘက်ရ နှစ်ဘက်ရ	ပုရိမ ပစ္ဆိမ
၁။ နှစ်ပုဒ်အရမတူ ၂။ သန္ဒိအရသာရှိ	မောဃ	ပဋိသေဓ	နော	သံသယပုဒ် အရကိုမြစ်
၁။ သံသယသာအရရှိ ၂။ နှစ်ပုဒ်လုံးအရမရှိ	မောဃ	နတ္ထိ		သန္ဒိဋ္ဌာန်ပုဒ် အရကိုပယ်

ရှင်းလင်းချက်။

၁။ (က) သန္ဒိဋ္ဌာန်ပုဒ်အရနှင့် သံသယပုဒ်အရတို့ လုံးဝမတူရာ၌ လည်းကောင်း၊

(ခ) သန္ဒိဋ္ဌာန်ပုဒ်အရသာရှိ၍ သံသယပုဒ်အရ မရှိရာ၌လည်းကောင်း၊ (ပစ္စနိက်ဖြစ်က) ပုရေပဉှာ၊ ပါဠိဂတိ ဝိဿဇ္ဇနာ ပါဠိဂတိ ဝိဘင်းထုတ်ရ၏။

ဆောင်။ ။ နှစ်ပုဒ်အရ၊ မတူမြင်၊ နောက်ပုဒ်အရ၊ ကင်းကလျှင်၊ ပုရေ၊ ပါဠိ၊ ဂတိယှဉ်၊ ဝိဘင်းမှတ်သိ၊ ပါဠိပင်။

၂။ (က) သန္ဒိဋ္ဌာန်ပုဒ်၏အရနှင့် သံသယပုဒ်အရတို့ လုံးဝတူရာ၌လည်းကောင်း၊

(ခ) သန္ဒိဋ္ဌာန်ပုဒ်၏ အရထက် သံသယပုဒ်၏အရက သာလွန်များပြားရာ၌လည်းကောင်း၊ ပဏ္ဏာပဉှာ, ပဋိဝစန, ဝိဿဇ္ဇနာ, အာမန္တာ ဝိဘင်းထုတ်ရ၏။

ဆောင်။ ။ နှစ်ပုဒ်အရ၊ တူမျှမြင်၊ နောက်ပုဒ်အရ၊ များကလျှင်၊ ပဏ္ဏာပဋိ၊ ဝိသဇ်ယှဉ်၊ အာမန္တာသွင်း ဝိဘင်းတွင်။

၃။ (က) သန္ဒိဋ္ဌာန်ပုဒ်၏ အရက သံသယပုဒ်အရထက် သာလွန်များပြားရာ၌ လည်းကောင်း၊

(ခ) သန္ဒိဋ္ဌာန်ပုဒ်၏ အရနှင့် သံသယပုဒ်အရတို့ အချို့အဝက်သာတူ၍ အချို့အဝက် မတူရာ၌လည်းကောင်း၊ ပရိပုဏ္ဏပဉှာ၊ သရူပဒဿနဝိဿဇ္ဇနာ၊ တစ်ဘက်ရ ဝိဘင်း၊ နှစ်ဘက်ရ ဝိဘင်း ထုတ်ရ၏။

http://www.dhammadownload.com

ဆောင်။ ။ ရှေ့ပုဒ်အရ၊ များကလျှင်၊ ချို့အဝက်မျှ၊ တူမျှမြင်၊ ပရိပုဏ္ဏ၊ သရူပပင်၊ တစ်နှစ်ဘက်ရ၊ ဝိဘင်းဆင်။

၄။ (က) သန္နိဋ္ဌာန်ပုဒ်၏အရနှင့် သံသယပုဒ်အရတို့ လုံးဝမတူရာ၌လည်းကောင်း၊

(ခ) သန္နိဋ္ဌာန်ပုဒ်၏ အရသာရှိ၍ သံသယပုဒ်အရမရှိရာ၌လည်းကောင်း (အနုလုံဖြစ်က) မောဃပဉှာ၊ ပဋိသေဓ ဝိဿဇ္ဇနာ၊ နောဝိဘင်း ထုတ်ရ၏။

ဆောင်။ ။ နှစ်ပုဒ်အရ၊ မတူမြင်၊ နောက်ပုဒ်အရ၊ ကင်းကလျှင်၊ မောပဋိသေဓ၊ အဖြေယှဉ်၊ နောဝိဘင်းရှု၊ နုလုံတွင်။

၅။ (က) သန္နိဋ္ဌာန်ပုဒ်၏ အရမရှိမူ၍ သံသယပုဒ်အရသာရှိရာမျိုး၌လည်းကောင်း၊

(ခ) သန္နိဋ္ဌာန် သံသယနှစ်ပုဒ်လုံး၏ အရမရှိရာမျိုး၌လည်းကောင်း၊ မောဃပဉှာ၊ ပဋိက္ခေပ ဝိဿဇ္ဇနာ၊ နတ္ထိဝိဘင်း ထုတ်ရ၏။

ဆောင်။ ။ ရှေ့ပုဒ်အရ၊ မရှိမြင်၊ နောက်ပုဒ်အရ၊ ကင်းကလျှင်၊ မောပဋိက္ခေပ၊ အဖြေတင်၊ နတ္ထိဝိဘင်း၊ နိက်တွင်းယှဉ်။

အမှာ။ ။ ဤနည်းသည် ရှေးဆရာများ သင်ကြားခဲ့သောနည်း ဖြစ်ပါသည်။

ဝိဘင်းဖြောင့် ဝိဘင်းလိမ်

ဝိဘင်းသည် ဝိဘင်းဖြောင့်၊ ဝိဘင်းလိမ်ဟု (၂) မျိုးရှိ၏။ ထိုတွင် ဝိဘင်းထုတ်ရာ၌ ပုစ္ဆာပါဠိအားလျော်စွာ တစ်ဘက်ရကို ရှေ့ကထား၍ ဝိဘင်းထုတ်ပါက ပုစ္ဆာနှင့် ဝိဘင်း လိုက်လျောညီထွေသည့်အပြင် ဟေဋ္ဌာသ တင်ရာ၌လည်း ရှုပ်ထွေးပွေလိမ်မှု မရှိချေ။ ထို့ကြောင့် ယင်းဝိဘင်းမျိုးကို ဝိဘင်းဖြောင့် ဟုခေါ်၏။ ပုံစံကား - ကုသလသမုဋ္ဌာနံ ရူပံ ကုသလမူလေန ဧကမူလံ နကုသလံ၊ ကုသလံ ကုသလမူလေန၊ ဧကမူလဉ္စေဝ၊ ကုသလဉ္စ စသည်တည်း။

ပုစ္ဆာပါဠိအားလျော်စွာ တစ်ဘက်ရကို ရှေ့ကမထားဘဲ နှစ်ဘက်ရကို ရှေ့ကထားလျှင် ပုစ္ဆာပါဠိနှင့် ဝိဘင်း လိုက်လျောညီညွတ်မှုမရှိသည့်ပြင် ကောဋ္ဌာသတင်ရာ၌လည်း လွန်စွာ ရှုပ်ထွေးပွေလိမ်သောကြောင့် ဝိဘင်းလိမ် (ဝိဘင်းကောက်) ဟုခေါ်၏။ ပုံစံကား - "တီဏေဝ ကုသလမူလာနိ အဝသေသာ ကုသလာမေ့ွ နကုသလမူလာ" စသည်တည်း။

http://www.dhammadownload.com

တစ်ဘက်ရကို ရှေးဦးစွာထုတ်၍ နှစ်ဘက်ရကို နောက်မှထုတ်လျှင် ဝိဘင်းဖြောင့် ဟုခေါ်၏။ နှစ်ဘက်ရကို ရှေးဦးစွာထုတ်၍ တစ်ဘက်ရကို နောက်မှထုတ်လျှင် ဝိဘင်းလိမ် ဟုခေါ်၏။ ဤသို့ အကျဉ်းချုပ် မှတ်သားထားပါ။

မှတ်ချက်။ ။ ဝိဘင်းလိမ် ကောဋ္ဌာသ တင်ရာ၌ ရှေးဦးစွာ အဖြောင့်စောဒနာပြီးမှ ဝိဘင်းလိမ် အတိုင်း ကောဋ္ဌာသ တင်ရသည်။ ဝိဘင်းဖြောင့်ဖြစ်က စောဒနာဖွယ်မလို။ ရှိသည့် အတိုင်းပင် ကောဋ္ဌာသ တင်ရသည်။ ဝိဘင်းဖြောင့်မှာ တစ်ဘက်ရကို ပုရိမကောဋ္ဌာသ၊ နှစ်ဘက်ရကို ပစ္ဆိမကောဋ္ဌာသ တင်ခြင်းသည် အဖြောင့်၊ ဝိဘင်းလိမ်မှာ နှစ်ဘက်ရကို ပုရိမကောဋ္ဌာသ၊ တစ်ဘက်ရကို ပစ္ဆိမကောဋ္ဌာသ တင်ခြင်းသည် အလိမ်အကောက်ဟု မှတ်ပါ။

ကောဋ္ဌာသ တင်ပုံ

ကောဋ္ဌာသ တင်ရာ၌ -

(၁) သက်ဆိုင်ရာ ပုစ္ဆာပါဠိကို ပါဠ်လျှောက်အဓိပ္ပါယ်ဆို၍ (ဟု မြတ်စွာဘုရား၌ တစ်စုံတစ်ခု သော သံသယသည် မရှိငြားသော်လည်း) ဟု လက္ခဏာရစ်ထည့်ပြီးလျှင် (ဝေနေယျဗောဓသယ အားဖြင့် မေးတော်မူဦး၍) ဟု အဖြေစကားရပ်ကို ဖော်ထုတ်ပြရမည်။

(၂) ထို့နောက် မည်သည့် ပဉ္စာဖြင့် မေးကြောင်းကို ပြရမည်။

(၃) တစ်ဘက်ရ နှစ်ဘက်ရ ဝိဘင်းဖြောင့်ဖြစ်ပါက ဝိဘင်းပါဠိ ရှိသည့်အတိုင်းပင် ကောဋ္ဌာသ တင်ရမည်။ ဝိဘင်းလိမ်ဖြစ်ခဲ့ပါမူ ရှေးဦးစွာ အဖြောင့်စောဒနာပြီးမှ ဝိဘင်းအကောက် အတိုင်းပင် ကောဋ္ဌာသ တင်ရမည်။

(၄) ထို့နောက် ပဉ္စာနှင့် ဝိဿဇ္ဇနာကို ယှဉ်တွဲ၍ ပြရမည်။

ဤသို့ အဆစ်အပိုင်း လေးခုမျှသာ ပါရှိပါသည်။ ကျန်စကားရပ်များမှာ ပဉ္စာ ဝိဿဇ္ဇနာ တို့၏ အဓိပ္ပါယ်ကို ဖြည့်စွက်ထည့်သွင်းထားရုံမျှသာ ဖြစ်သည်။ (၃) နံပါတ်စည်းကမ်းမှာ တစ်ဘက်ရ နှစ်ဘက်ရဝိဘင်း အတွက်မျှသာ ဖြစ်သည်။ ကြွင်းသော ဝိဘင်းများနှင့် မသက်ဆိုင်ချေ။ ကျန်စည်း ကမ်းများမှာ ဝိဘင်းခြောက်မျိုးလုံးနှင့်ပင် သက်ဆိုင်ကြပေသည်။ အထူးအားဖြင့် ပါဠိဂတိ ဝိဘင်းနှင့် နောဝိဘင်းများမှာ သံသယအရ မရှိခြင်းအကြောင်း၊ နတ္ထိဝိဘင်းမှာ သန္နိဋ္ဌာန် သံသယနှစ်ပုဒ်လုံး၏ အရမရှိခြင်း အကြောင်းများကို အဓိပ္ပါယ် လှောက်ကာ ရှေ့မှ ဆက်တွဲပေးရသည်။

2B

http://www.dhammadownload.com

ဝိဘင်းဖြောင့်

ယဿရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿဝေဒနက္ခန္ဓော ဥပ္ပဇ္ဇတီတိ၊ အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ နောစ တေသံ ဝေဒနက္ခန္ဓော ဥပ္ပဇ္ဇတိ၊ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓောစ ဥပ္ပဇ္ဇတိ၊ ဝေဒနာက္ခန္ဓောစ ဥပ္ပဇ္ဇတိ။

(၁) ထိုသို့ရသောကြောင့် အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာဖြစ်ဆဲ၊ ထိုရူပက္ခန္ဓာ ဖြစ်ဆဲသော ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာဖြစ်ဆဲလောဟု မြတ်စွာဘုရား၌ တစ်စုံတစ်ခုသော သံသယမရှိငြားသော်လည်း ဝေနေယျဇ္ဈာသယအားဖြင့် မေးတော်မူဦး၏၊

(၂) အမေးလေးပါးတို့တွင် (ပုရေပဉှာ၊ ပစ္ဆာပဉှာ နှစ်ပါး၏ လက္ခဏာနှင့် ပြည့်စုံသော) ပရိပုဏ္ဏာ ပဉှာဖြင့် မေးတော်မူသည်အား လျှောက်ပတ်စွာ၊

(၃) (သန္နိဋ္ဌာန်ပုဒ်၏ အရသာဖြစ်၍ သံသယပုဒ်၏ အရမဖြစ်ကောင်းသော အစစ္စာသော ဇီဝိတ နဝက ကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော) အသညသတ် ဥပပဇ္ဇန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ကို "အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ နောစတေသံ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိဟု ပုရိမကောဋ္ဌာသသို့ တင်တော်မူ၍ (သံသယကို ပဋိသေဓမြစ်၍ သန္နိဋ္ဌာန်သံသယ နှစ်ပုဒ်လုံး၏ အရဖြစ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ၊ စေတသိက် ပဉ္စတ္တိံသ၊ ကမ္မဇ ကလာပ်သုံးစည်း ခုနစ်စည်း လေးစည်း တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော) ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ် လေးယောက် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်ကို ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓောစ ဥပ္ပဇ္ဇတိ၊ ဝေဒနာက္ခန္ဓောစ ဥပ္ပဇ္ဇတိဟု ပစ္ဆိမကောဋ္ဌာသသို့ တင်တော်မူ၍ (သံသယကို ပဋိသေဓ မမြစ်မူ၍)

(၄) အဖြေငါးပါးတို့တွင် (ပုရိမကောဋ္ဌာသ ပစ္ဆိမကောဋ္ဌာသ နှစ်ပါး၏သရုပ်ကို ပြသောအားဖြင့်) သရူပဒဿန ဂိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။

(. . .) ဤအမှတ်အသားအတွင်းရှိ စကားရပ်များကို ပယ်နုတ်လိုက်ပါက အကျဉ်း တင်နည်း ဖြစ်၏။ ရှေးဦး အစပထမ အကျဉ်းတင်နည်းကို သဘောကျအောင် လေ့လာပါ။ နောက်မှ တဖြည်းဖြည်း အကျယ်တင်တတ်အောင် ကြံစည်ပါ။ လေ့လာအားထုတ်ပါ။ လွယ်ကူသက်သာပါလိမ့်မည်။

http://www.dhammadownload.com

ဝိဘင်းလိမ်

ကေယေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေတေ ကုသလမူလာတိ၊ တီဏေဝ ကုသလမူလာနိ၊ အဝသေသာ ကုသလာဓမ္မာ နကုသလမူလာ။

(၁) (ထိုသို့ ရသောကြောင့်) ခပ်သိမ်းကုန်သော ကုသိုလ်မည်ကုန်သော တရားတို့သည် ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သလောဟု မြတ်စွာဘုရား၌ တစ်စုံတစ်ခုသော သံသယမရှိငြားသော်လည်း ဝေနေယျဇ္ဈာသယ အားဖြင့် မေးတော်မူဦး၍၊

(၂) အမေးလေးပါးတို့တွင် (ပုရေပဥှာ ပစ္ဆာပဥှာ နှစ်ပါး၏ လက္ခဏာနှင့်ပြည့်စုံသော) ပရိပုဏ္ဏပဥှာဖြင့် မေးတော်မူသည့်အား လျောက်ပတ်စွာ၊

(၃) သန္နိဋ္ဌာန်ပုဒ် အရသာဖြစ်၍ သံသယပုဒ်အရ မဖြစ်ကောင်းသော ကုသိုလ်စိတ် ဧကဝီသ ကုသလမူ သုံးခုမှတစ်ပါး စေတသိက် ပဉ္စတ္တိံသကို ပုရိမကောဋ္ဌာသသို့ တင်တော်မူ၍ သံသယကို ပဋိသေဓ်မြစ်၍ သန္နိဋ္ဌာန် သံသယနှစ်ပုဒ်လုံး၏ အရဖြစ်သော ကုသလမူသုံးခုကို ပစ္ဆိမကောဋ္ဌာသသို့ တင်တော်မူ၍ သံသယကို ပဋိသေဓ်မမြစ်မူ၍ ဖြေတော်မူအပ်လျက် မဖြေမူ၍ (အဖြောင့်စောဒနာပုံ) "အဝသေသာ" ဟူသော ပါဌ်ဖြင့် အကြွင်းကို သိလွယ်စိမ့်သောအခါ (အကြောင်းပြချက်) သန္နိဋ္ဌာန် သံသယနှစ်ပုဒ်လုံး၏ အရဖြစ်သော ကုသလမူသုံးခုကို "တီဏေဝ ကုသလမူလာနိ" ဟု ပုရိမကောဋ္ဌာသသို့ တင်တော်မူ၍ သန္နိဋ္ဌာန်ပုဒ် အရသာဖြစ်၍ သံသယပုဒ် အရမဖြစ်ကောင်းသော ကုသိုလ်စိတ် ဧကဝီသ ကုသလမူသုံးခုမှတစ်ပါး စေတသိက် ပဉ္စတ္တိံသကို အဝသေသာ ကုသလာဓမ္မာ နကုသလမူလာ ဟု ပစ္ဆိမကောဋ္ဌာသသို့ တင်တော်မူ၍ သံသယကို ပဋိသေဓ်မြစ်၍ (အရကောက်အားဖြင့် ကောဋ္ဌာသ ဘင်ပုံ)

(၄) အဖြေငါးပါးတို့တွင် (ပုရိမကောဋ္ဌာသ ပစ္ဆိမကောဋ္ဌာသ နှစ်ပါး၏ သရုပ်ကို ပြသောအားဖြင့်) သရူပဒဿန ဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။

တစ်ဘက်ရ နှစ်ဘက်ရ ဝိဘင်းမှန်သမျှမှာ ဤနည်းကို မှီ၍ ကောဋ္ဌာသ တင်ပါ။ သဘောမကျမချင်း ထပ်ဖန်တလဲလဲ ကြည့်ရှုကြံစည်ပါ။ တစ်ခုကို သဘောကျသွားက ဝိဘင်းခြောက်ပါးလုံးအတွက်ပင် ကိစ္စပြီးနိုင်သည်။ နည်းရက ထင်သလောက် မခက်ပါ။

http://www.dhammadownload.com

ပါဠိဂတိဝိဘင်း

ယဿရူပက္ခန္ဓော နုပ္ပဇ္ဇတိ၊ တတ္ထဝေဒနာက္ခန္ဓော နုပ္ပဇ္ဇတီတိ၊ ဥပ္ပဇ္ဇတိ။ (အရကောက်ကို သွင်းပါ)

(ထိုအရူပ လေးဘုံသည် ရူပက္ခန္ဓာ၏ ဖြစ်ရာသော်ကားမဟုတ်၊ ဝေဒနာက္ခန္ဓာ၏သာ ဖြစ်ရာ ဖြစ်သောကြောင့် "တတ္ထဝေဒ နာက္ခန္ဓော နုပ္ပဇ္ဇတိ" ဟူသော သံသယပုဒ်၏ အရမရှိ။ ထိုသို့ သန္နိဋ္ဌာန် ပုဒ်အရသာရှိ၍ သံသယပုဒ်၏ အရမရှိသောကြောင့်)

(၁) အကြင်ဘုံ၌ ရူပက္ခန္ဓာ ဖြစ်ဆဲမဟုတ်၊ ထိုရူပက္ခန္ဓာ ဖြစ်ဆဲမဟုတ်သော ဘုံ၌ ဝေဒနာက္ခန္ဓာ ဖြစ်ဆဲမဟုတ်လေလောဟု မြတ်စွာဘုရား၌ တစ်စုံတစ်ခုသော သံသယသည် မရှိငြားသော်လည်း ဝေနေယျရွှာသယအားဖြင့် မေးတော်မူဦး၍၊

(၂) အမေးလေးပါးတို့တွင် (ပုရိမကောဋ္ဌာသ အရနှင့်တူသော ပုရေပဉှာဖြင့် မေးတော်မူသည့်အား လျောက်ပတ်စွာ သန္နိဋ္ဌာန်ပုဒ်အရသို့ လိုက်၍ နုပ္ပဇ္ဇတိ ဟူသော ပဋိက္ခေပါဠိ၌ နအက္ခရာကို ပယ်တော်မူ၍)၊

(၃) အဖြေငါးပါးတို့တွင် (အနုလုံပါဠိဖြင့် ဥပ္ပဇ္ဇတိ) ဟု ပါဠိဂတိ ဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။

နောဝိဘင်း

ယဿရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ ဝေဒနာက္ခန္ဓော နိရုဇ္ဈတီတိ၊ နော။ (အရကောက်ပါ)

(ထိုပုဂ္ဂိုလ်အား ရူပက္ခန္ဓာသော်ကား ဖြစ်ဆဲဟုတ်၏။ ဝေဒနာက္ခန္ဓာ ချုပ်ဆဲမဟုတ်သောကြောင့် "တဿဝေဒနာက္ခန္ဓာ နိရုဇ္ဈတိ" ဟူသော သံသယပုဒ်၏ အရမရှိ၊ ထိုသို့ သန္နိဋ္ဌာန်ပုဒ်၏ အရသာရှိ၍ သံသယပုဒ်၏ အရမရှိသောကြောင့်)၊

(၁) အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာဖြစ်ဆဲ၊ ထိုရူပက္ခန္ဓာဖြစ်ဆဲသော ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ ချုပ်ဆဲလောဟု မြတ်စွာဘုရား၌ တစ်စုံတစ်ခုသော သံသယသည် မရှိငြားသော်လည်း ဝေနေယျရွှာသယအားဖြင့် မေးတော်မူဦး၍၊

(၂) အမေးလေးပါးတို့တွင် မောဃပဉှာဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ၊

(၃) ရူပက္ခန္ဓာဖြစ်ဆဲသော ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာချုပ်ဆဲမဟုတ်သည်သာ ဖြစ်သောကြောင့် သံသယပုဒ်အရကို မြစ်သောအားဖြင့် အဖြေငါးပါးတို့တွင် "နော" ဟု ပဋိသေဓ ဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။

http://www.dhammadownload.com

နတ္ထိဝိဘင်း

ယဿရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ၊ တဿဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထာတိ၊ နတ္ထိ (အရကောက်ကို သွင်းပါ)။

(ဘဝများစွာ သံသရာ၌ ရူပက္ခန္ဓာမဖြစ်ဖူးသော ပုဂ္ဂိုလ်မည်သည် မရှိ၊ ဖြစ်ဖူးသောသူသာ ရှိသောကြောင့် "ယဿရူပက္ခန္ဓော နုပ္ပဇ္ဇိတ္ထ" ဟူသော သန္နိဋ္ဌာန်ပုဒ် အရမရှိ။ ထိုသို့ သန္နိဋ္ဌာန်ပုဒ်အရ မရှိလျှင် "တဿဝေဒနာက္ခန္ဓော နုပ္ပဇ္ဇိတ္ထ" ဟူသော သံသယပုဒ်အရလည်း မရှိ။ ထိုသို့ သန္နိဋ္ဌာန် သံသယနှစ်ပုဒ်လုံး၏ အရမရှိသောကြောင့်)၊

(၁) အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာ မဖြစ်ဖူးလေ၊ ထိုရူပက္ခန္ဓာ မဖြစ်ဖူးသော ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ မဖြစ်ဖူးလေလောဟု မြတ်စွာဘုရား၌ တစ်စုံတစ်ခုသော သံသယသည် မရှိငြားသော်လည်း ဝေနေယျဗ္ဗာသယအားဖြင့် မေးတော်မူဦး၍၊

(၂) အမေးလေးပါးတို့တွင် (ပစ္ဆိမကောဋ္ဌာသ၏ အရနှင့်တူသော ပစ္ဆာပဉ္စာဖြင့် မေးတော်မူသည်အား လျော်ပတ်စွာ၊

(၃) သန္နိဋ္ဌာန်ပုဒ်၏ အရကို ပယ်သောအားဖြင့် အဖြေငါးပါးတို့တွင် "နတ္ထိ" ဟု ပဋိက္ခေပဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။

အာမန္တာဝိဘင်း

ယေဝါပန ကုသလမူလာ၊ သဗ္ဗေတေ ဓမ္မာ ကုသလာတိ၊ အာမန္တာ။ (အရကောက်ပါ)

(၁) ထိုသို့ ရသောကြောင့် အကြင်သို့သော သဘောရှိကုန်သော ကုသိုလ်ဟုဆိုအပ်သော မူလ မည်ကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်သလောဟု မြတ်စွာဘုရား၌ တစ်စုံတစ်ခု သော သံသယသည် မရှိငြားသော်လည်း ဝေနေယျဗ္ဗာသယအားဖြင့် မေးတော်မူဦး၍၊

(၂) အမေးလေးပါးတို့တွင် (ပစ္ဆိမကောဋ္ဌာသ၏ အရနှင့်တူသော) ပစ္ဆာပဉ္စာဖြင့် မေးတော်မူ သည်အား လျော်ပတ်စွာ၊

(၃) ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်သာလျှင် ဖြစ်သောကြောင့် (သန္နိဋ္ဌာန်ပုဒ်၏ အရကို ဝန်ခံသောအားဖြင့်) အဖြေငါးပါးတို့တွင် "အာမန္တာ" ဟု ပဋိဝစနဝိဿဇ္ဇနာဖြင့် ဖြေတော်မူ၏။

http://www.dhammadownload.com

အနုလုံ၌သာရသောဝိဘင်း။

နောဝိဘင်းကို ယေဘုယျအားဖြင့် အနုလုံ၌သာရ၏။ စိတ္တယမိုက် ပစ္စနိက်မှာ နောဝိဘင်း ထွက်သည်ကိုထောက်လျှင် နောဝိဘင်းကို ပစ္စနိက်မှာလည်း အနည်းငယ်ရသည်ဟုမှတ်။

ပစ္စနိက်သာရသောဝိဘင်း။

ပါဠိဂတိဝိဘင်းနှင့် နတ္ထိဝိဘင်းတို့ကို ပစ္စနိက်မှာသာ ရသင့်ပါသည်။ မူလယမိုက်နှင့် အနုသယ ယမိုက် အနုလုံတို့၌ နတ္ထိဝိဘင်းထွက်သည်ကို ထောက်လျှင် ယင်းနတ္ထိဝိဘင်းကို ရံခါအနုလုံမှာလည်း ရသည်ဟုမှတ်။

အနုလုံပစ္စနိက် နှစ်ပါးစုံ၌ရသောဝိဘင်း။

အာမန္တာဝိဘင်း၊ တစ်ဘက်ရဝိဘင်း၊ နှစ်ဘက်ရဝိဘင်း တို့ကို အနုလုံ ပစ္စနိက်နှစ်ပါးစုံ၌ ရသင့်ပါသည်။

ဝိဘင်းထုတ်ရန်

ဝိဘင်းထုတ်လိုလျှင် သင်္ဂြိုဟ်၌ လေးချက်စက်လှည့်ပြီး သရုပ်ခွဲ သကဲ့သို့ အရကောက်တရား ကို လေးစုခွဲထားရမည်။

(၁) သန္နိဋ္ဌာန်ပုဒ်အရသာဖြစ်၍ သံသယပုဒ်အရ မဟုတ်သောတရားကို အနုလုံ၊ အနုလောမ တစ်ဘက်ရဝိဘင်းထုတ် အရကောက်၍ ပစ္စနိက်မှာလည်း ပဋိလောမ တစ်ဘက်ရဝိဘင်း ထုတ် အရကောက်ရမည်။

(၂) သံသယပုဒ်အရသာဖြစ်၍ သန္နိဋ္ဌာန်ပုဒ်အရမဟုတ်သော တရားကို အနုလုံ ပဋိလောမ တစ်ဘက်ရဝိဘင်းထုတ် အရကောက်၍ ပစ္စနိက်မှာလည်း အနုလောမ တစ်ဘက်ရဝိဘင်း ထုတ် အရကောက်ရမည်။

(၃) သန္နိဋ္ဌာန် သံသယနှစ်ပါးစုံဖြစ်သော တရားကို အနုလုံ အနုလောမ နှစ်ဘက်ရ ပဋိလောမ နှစ်ဘက်ရ ဝိဘင်းထုတ် အရကောက်ရမည်။

(၄) သန္နိဋ္ဌာန် သံသယ နှစ်ပုဒ်လုံးအရ မဟုတ်သောတရားကို ပစ္စနိက် အနုလောမ နှစ်ဘက်ရ ပဋိလောမ နှစ်ဘက်ရ ဝိဘင်းထုတ် အရကောက်ရမည်။

http://www.dhammadownload.com

နမူနာပုံစံ။

(၁)	လောဘသာယှဉ်၍ ထိန မိဒ္ဓ မယှဉ်သောစိတ်	၄ ပါး
(၂)	ထိနမိဒ္ဓသာယှဉ်၍ လောဘမယှဉ်သောစိတ်	၁ ပါး
(၃)	လောဘ၊ ထိနမိဒ္ဓ နှစ်ပါးစုံယှဉ်သောစိတ်	၄ ပါး
(၄)	လောဘ၊ ထိနမိဒ္ဓ နှစ်ပါးစုံမယှဉ်သော အကုသိုလ်စိတ်	၃ ပါး

ဤသို့ သင်္ဂြိုဟ်၌ လေးချက်စက်လှည့် သရုပ်ခွဲသကဲ့သို့ ယမိုက်၌လည်း အရကောက်တရားကို လေးမျိုးခွဲရမည်။

(၁) ရူပက္ခန္ဓာသာဖြစ်၍ ဝေဒနာက္ခန္ဓာဖြစ်ဆဲမဟုတ်သော ပုဂ္ဂိုလ်မှာ အသညသတ်ဥပပဇ္ဇန္တ ဖြစ်သည်။

(၂) ဝေဒနာက္ခန္ဓာသာဖြစ်၍ ရူပက္ခန္ဓာဖြစ်ဆဲမဟုတ်သော ပုဂ္ဂိုလ်မှာ အရူပ ဥပပဇ္ဇန္တ ဖြစ်သည်။

(၃) ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ နှစ်ပါးစုံဖြစ်ဆဲဖြစ်သော ပုဂ္ဂိုလ်မှာ ပဥ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သည်။

(၄) ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ နှစ်ပါးစုံဖြစ်ဆဲ မဟုတ်သော ပုဂ္ဂိုလ်မှာ ခပ်သိမ်းသော စဝန္တ ဖြစ်သည်။

ဤသို့ (၄) ချက်ခွဲပြီးမှ ဝိဘင်းထုတ် အရကောက်ရမည်။

၁။ မူလယမိုက်
ဥဒ္ဒေသ
ယမက (၁၀) ကျမ်း

၁။ မူလယမက
၂။ ခန္ဓယမက
၃။ အာယတနယမက
၄။ ဓာတုယမက
၅။ သစ္စယမက
၆။ သင်္ခါရယမက
၇။ အနုသယယမက
၈။ စိတ္တယမက
၉။ ဓမ္မယမက
၁၀။ ဣန္ဒြိယယမက

http://www.dhammadownload.com

ဥဒ္ဒေသ နိဒ္ဒေသ ဟောခဲ့ပြ

ဥဒ္ဒေနိဒ္ဒေသ၊ ဟောရိုးကျအောင်၊ မှတ်ကြထုံးညီ၊ ကဗျာစီအံ့ . . . ဗာဝီတိက၊ ဝါရဆယ်ခု၊ စတုပဒ၊ နယစတ္တာ၊ သုံးဖြာယမက၊ ဒွယပုစ္ဆာ၊ အတ္ထာထို့တူ၊ မြောက်ယူဆင့်ကာ၊ ရေးမှတ်ပါလော့။ တရာ ဒုက၊ ဝါရ ဆယ်ခု၊ သုံးခုပဒ၊ နယလေးသာ၊ သုံးဖြာယမက၊ ဒွယပုစ္ဆာ၊ အတ္ထာထို့တူ၊ မြောက်ယူဆင့်ပွား၊ ရေးမှတ်သား၍၊ နှစ်ပါးရောစပ်၊ ပေါင်းယူလတ်က၊ ကျမ်းမူလဝယ်၊ ဝါရစသား၊ သချာများသည် . . . ထင်ရှား ထွက်ပေါ်လာမည်တည်း။

ဝါရဆယ်ခု

၁။ မူလဝါရ
၂။ ဟေတုဝါရ
၃။ နိဒါနဝါရ
၄။ သမ္ဘဝဝါရ
၅။ ပဘဝဝါရ
၆။ သမုဋ္ဌာနဝါရ
၇။ အာဟာရဝါရ
၈။ အာရမ္မဏဝါရ
၉။ ပစ္စယဝါရ
၁၀။ သမုဒယဝါရ

ဆောင်။ ။ မူလံဟေ နိဒါနရယ်နှင့် သမ္ဘဝ ပဘဝံ၊ သမုဋ္ဌာ အာဟာရငယ်၊ ဆက်ပြအာရမ်၊ ပစ္စယရယ်နှင့်၊ သမုဒယအဆုံးစွန်၊ ထုံးအမှန်လာရှိ၊ ဆယ်ဝါရ၊ ဘယ်အခါစဉ်မလွဲအောင်၊ မြဲကြသတိ။

စတုပဒ

၁။ ကုသလပဒ
၂။ အကုသလပဒ
၃။ အဗျာကတပဒ
၄။ နာမပဒ

နယစတ္တာ

၁။ မူလနယ
၂။ မူလ မူလနယ
၃။ မူလကနယ
၄။ မူလ မူလကနယ

သုံးဖြာယမက

၁။ မူလယမက
၂။ ဧကမူလယမက
၃။ အညမညမူလယမက

http://www.dhammadownload.com

ဒွယပုစ္ဆာ

၁။ အနုလောမပုစ္ဆာ

၂။ ပဋိလောမပုစ္ဆာ

အတ္ထထိုတူ

၁။ သန္နိဋ္ဌာန်

၂။ သံသယ

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

ပဏ္ဏတ္တိဝါရ ပါဠိတော်

မူလဝါရ၊ ကုသလပဒ

ကျက်ရန်

မူလယမက

ယေကေစိ ကုသလာဓမ္မာ၊ သဗ္ဗေတေ ကုသလမူလာ။

ယေဝါပန ကုသလမူလာ၊ သဗ္ဗေတေ ဓမ္မာ ကုသလာ။

ဧကမူလယမက

ယေကေစိ ကုသလာဓမ္မာ၊ သဗ္ဗေတေ ကုသလမူလေန ဧကမူလာ။

ယေဝါပန ကုသလမူလေန ဧကမူလာ၊ သဗ္ဗေတေ ဓမ္မာ ကုသလာ။

အညမည မူလယမက

ယေကေစိ ကုသလမူလေန ဧကမူလာဓမ္မာ၊ သဗ္ဗေတေ ကုသလမူလေန အညမညမူလာ။

ယေဝါပန ကုသလမူလေန အညမညမူလာ၊ သဗ္ဗေတေ ဓမ္မာ ကုသလာ။

http://www.dhammadownload.com

ပုစ္ဆာဝါရ ပါဠိတော် နည်းပြဇယား

အနုလောမ	စတုပဒ						ပဋိလောမ
သန္နိဋ္ဌာန်	ကုသလာ	အကုသလာ	အဗျာကတာ	နာမာ	သံသယ	သုံးဖြာယမက	သန္နိဋ္ဌာန်
ယေကေစိ	ဓမ္မာ				သဗ္ဗေတေ	မူလာ	ယေဝါပန
	ဓမ္မာ					မူလေန ဧကမူလာ	
	မူလေနဧကမူလာဓမ္မာ					မူလေနအညမညမူလာ	
	ဓမ္မာ						

ညွှန်ကြားချက်။ ။ အလယ်ကွက်လပ်များ၌ "ဓမ္မာ၊ မူလာ" စသည်ဖြင့် တွေ့ရှိရာမှာ ကုသလပဒ ဖြစ်က ကုသလသဒ္ဒါကို ပေါင်းထည့်၍ "ကုသလာဓမ္မာ" "ကုသလမူလာ" စသည် ဖြစ်ဟောပါလိမ့်မည်။

မူလမူလ၊ မူလက နယ တို့ကိုလည်း နည်းမှီဟောပါ။ အကုသလပဒ၊ အဗျာကတပဒ၊ နာမပဒ တို့ကိုလည်း နည်းမှီဟောပါ။

မူလမူလနယကို ဟောသောအခါ ယမကသုံးပါးနေရာ၌ မူလ မူလာ၊ ဧကမူလ မူလာ၊ အညမည မူလမူလာဟု မူလသဒ္ဒါ တစ်ခု ဖြည့်စွက်ဟောပါ။

မူလကနယကို ဟောသောအခါ၌လည်း မူလကာ၊ ဧကမူလကာ၊ အညမညမူလကာဟု ပြင်ဆင်၍ဟောပါ။

မူလ မူလကနယကို ဟောသောအခါ၌လည်း မူလ မူလကာ၊ ဧကမူလ မူလကာ၊ အညမည မူလ မူလကာ ဟု ပြင်ဆင်၍ ဟောပါ။

http://www.dhammadownload.com

အနုလောမပစ္စယာစသည်ခွဲပုံ

သန္နိဋ္ဌာန်	⟵	အနုလောမပုစ္ဆာပါဠိ	⟶	သံသယ
↓				↓
ယေကေစိကုသလာဓမ္မာ				သဗ္ဗေတေ ကုသလမူလာ
သန္နိဋ္ဌာန်	⟵	ပဋိလောမပုစ္ဆာပါဠိ	⟶	သံသယ
↓				↓
ယေဝါပနကုသလမူလာ				သဗ္ဗေတေဓမ္မာ ကုသလာ

အမှာ။ ။ ကေမူလယမက၊ အညမညမူလယမက တို့၌လည်း ဤနည်းအတိုင်း အနုလောမပုစ္ဆာ၊ ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်၊ သံသယခွဲပါ။

မူလနယ ပုစ္ဆာပါဠိကို အနက်ပေးပုံ

မူလယမက။ ။ ယေကေစိ-ခပ်သိမ်းကုန်သော၊ ကုသလာ-ကုသိုလ်မည်ကုန်သော (တစ်နည်း) အပြစ်မရှိကောင်းသော အကျိုးပေးခြင်းလက္ခဏာရှိကုန်သော၊ ဓမ္မာ-တရားတို့သည်၊ သန္တိ-ရှိကုန်၏။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေဓမ္မာ-ထိုတရားတို့သည်၊ ကုသလမူလာ-ကုသိုလ်ဟုဆိုအပ်သော မူလ မည်ကုန်သလော။

ယေဝါပန-အကြင်သို့ သဘောရှိကုန်သော၊ ကုသလမူလာ-ကုသိုလ်ဟုဆိုအပ်သော မူလ မည်ကုန်သော၊ ဓမ္မာ-တရားတို့သည်၊ သန္တိ-ရှိကုန်၏။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေဓမ္မာ-ထိုတရားတို့သည်၊ ကုသလာ-ကုသိုလ်မည်ကုန်သလော။

ကေမူလယမက။ ။ ယေကေစိ-ခပ်သိမ်းကုန်သော၊ ကုသလာ-ကုသိုလ်မည်ကုန်သော၊ ဓမ္မာ-တရားတို့သည်၊ သန္တိ-ရှိကုန်၏။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေဓမ္မာ-ထိုတရားတို့သည်၊ ကုသလ မူလေန-ကုသိုလ်ဟုဆိုအပ်သောမူလနှင့် (တစ်နည်းကား) မူလအားဖြင့်၊ ဧကမူလာ-တူသောမူလ ရှိကုန်သလော။

http://www.dhammadownload.com

ယေဝါပန-အကြင်သို့သဘောရှိကုန်သော၊ ကုသလမူလေန-ကုသိုလ်ဟုဆိုအပ်သော မူလနှင့် (တစ်နည်းကား) မူလအားဖြင့်၊ ဧကမူလာ-တူသောမူလရှိကုန်သော၊ ဓမ္မာ-တရားတို့သည်၊ သန္တိ-ရှိကုန်၏။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေဓမ္မာ-ထိုတရားတို့သည်၊ ကုသလာ-ကုသိုလ်မည်ကုန်သလော။

အညမညမူလယမက။ ။ ယေကေစိ-ခပ်သိမ်းကုန်သော၊ ကုသလမူလေန-ကုသိုလ်ဟုဆိုအပ်သော မူလနှင့်၊ ဧကမူလာ-တူသောမူလရှိကုန်သော၊ ဓမ္မာ-တရားတို့သည်၊ သန္တိ-ရှိကုန်၏။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေဓမ္မာ-ထိုတရားတို့သည်၊ ကုသလမူလေန-ကုသိုလ်ဟုဆိုအပ်သောမူလအားဖြင့်၊ အညမညမူလာ-တစ်ပါးသည် တစ်ပါး၏ မူလ ရှိကုန်သလော။

ယေဝါပန-အကြင်သို့သဘောရှိကုန်သော၊ ကုသလမူလေန-ကုသိုလ်ဟုဆိုအပ်သော မူလအားဖြင့်၊ အညမညမူလာ-တစ်ပါးသည် တစ်ပါး၏ မူလမည်ကုန်သော၊ ဓမ္မာ-တရားတို့သည်၊ သန္တိ-ရှိကုန်၏။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေဓမ္မာ-ထိုတရားတို့သည်၊ ကုသလာ-ကုသိုလ်မည်ကုန်သလော။

မူလနယ ပြီး၏။

❖❖❖❖❖❖❖❖❖❖❖❖

မူလမူလနယ

မူလ မူလနယ စသည်တို့၌ ထူးသောပါဠိကိုသာ အနက်ပေးမည်။

မူလ မူလယမက။ ။ ကုသလ မူလမူလာ-ကုသိုလ်မူလဟု ဆိုအပ်သော မူလမည်ကုန်သလော။

ဧကမူလ မူလယမက။ ။ ဧကမူလ မူလာ-တူသော မူလဟုဆိုအပ်သော မူလရှိကုန်သလော။

အညမညမူလ မူလယမက။ ။ အညမညမူလမူလာ-တစ်ပါးသည် တစ်ပါး၏ မူလဟုဆိုအပ်သော မူလရှိကုန်သလော။

မူလမူလနယ ပြီး၏။

❖❖❖❖❖❖❖❖❖❖❖❖

http://www.dhammadownload.com

မူလကနယ

မူလကယမက။ ။ ကုသလမူလကာ-ကုသိုလ်ဟု ဆိုအပ်သော မူလရှိကုန်သလော။

ဧကမူလကယမက။ ။ ဧကမူလကာ-တူသော မူလရှိကုန်သလော။

အညမညမူလကယမက။ ။ အညမညမူလကာ-တစ်ပါးသည် တစ်ပါး၏ မူလရှိကုန်သလော။

မူလကနယ ပြီး၏။

❖❖❖❖❖❖❖❖❖❖❖❖❖

မူလ မူလကနယ

မူလ မူလကယမက။ ။ ကုသလမူလ မူလကာ-ကုသိုလ်မူလဟု ဆိုအပ်သော မူလရှိကုန်သလော။

ဧကမူလ မူလကယမက။ ။ ဧကမူလ မူလကာ-တူသောမူလဟု ဆိုအပ်သော မူလရှိကုန်သလော။

အညမည မူလ မူလကယမက။ ။ အညမည မူလ မူလကာ-တစ်ပါးသည် တစ်ပါး၏ မူလဟု ဆိုအပ်သော မူလရှိကုန်သလော။

မူလ မူလကနယ ပြီး၏။

❖❖❖❖❖❖❖❖❖❖❖❖❖

မူလယမိုက် ဥဒ္ဒေသ၌ ဝါရ စသည်ကို မေးပုံ

မူလယမိုက် ဥဒ္ဒေသ၌ ဝါရ စသည်ကို မေးရာ၌

(၁) (မူလဝါရ ကုသလပဒ စသည်တို့တွင်) မူလနယ၌ ယမက စသည်ကိုလည်းကောင်း၊
(၂) ကုသလပဒ၌ နယ စသည်ကိုလည်းကောင်း၊
(၃) မူလဝါရ၌ ပဒစသည်ကိုလည်းကောင်း၊

http://www.dhammadownload.com

(၄) ကုသလတိက်၌ ဝါရစသည်ကိုလည်းကောင်း၊
(၅) တိကမာတိကာ ဥဒ္ဒေသ၌ ဝါရစသည်ကိုလည်းကောင်း၊
(၆) ဒုက မာတိကာ ဥဒ္ဒေသ၌ ဝါရစသည်ကိုလည်းကောင်း၊
(၇) တိက မာတိကာ၊ ဒုကမာတိကာ နှစ်ပါးအပေါင်း၌ ဝါရ စသည်ကိုလည်းကောင်း၊ တစ်မျိုးမျိုးကို မေးလိမ့်မည်။

ထိုတွင် မူလနယ၌ ယမက စသည်ကို မေးလျှင်

(၁) မူလနယကိုတည် ယမက (၃) ပါးနှင့် မြှောက် ၁ × ၃ = ၃ ဖြစ်၏။
ယင်း (၃) ပါးသည် ယမက (၃) ပါးပင် ဖြစ်၏။

ယင်းယမက (၃) ပါးကို တည်၊ ပုစ္ဆာ (၂) ပါးနှင့်မြှောက်၊ ၃ × ၂ = ၆ ဖြစ်၏။
ယင်း (၆) ပါးသည် ပုစ္ဆာ ဖြစ်၏။

ပုစ္ဆာ (၆) ပါးကို တည်၊ အတ္ထ (၂) ပါးနှင့်မြှောက်၊ ၆ × ၂ = ၁၂ ဖြစ်၏။
ယင်း (၁၂) ပါးသည် အတ္ထ ဖြစ်၏။

ဤသို့လျှင် မူလနယ၌ ယမက (၃) ပါး၊ ပုစ္ဆာ (၆) ပါး၊ အတ္ထ (၁၂) ပါး ဖြစ်၏။
မူလမူလနယ စသည်တို့၌လည်း ဤနည်းအတိုင်း မြှောက်ပါ။

(၂) ကုသလပဒ၌ နယစသည်ကိုမေးလျှင် ကုသလပဒကိုတည်၊ နယလေးပါးနှင့်မြှောက်၊
၁ × ၄ = ၄ ဖြစ်၏။
ယင်း (၄) ပါးသည် နယ (၄) ပါး ဖြစ်၏။

ယင်း (၄) ပါးကို တည်၊ ယမက (၃) ပါးနှင့်မြှောက်၊ ၄ × ၃ = ၁၂ ဖြစ်၏။
ဤသို့ စသည်ဖြင့် အစဉ်အတိုင်း ဆက်မြှောက်ပါ။

ဤသို့လျှင် ကုသလပဒ၌ နယ (၄) ပါး၊ ယမက (၁၂) ပါး၊ ပုစ္ဆာ (၂၄) ပါး၊ အတ္ထ (၄၈) ပါး ဖြစ်၏။

http://www.dhammadownload.com

အမှာ။ ။ အကုသလပဒ စသည်တို့၌လည်း ဤနည်းအတိုင်း မြှောက်ပါ။

(၃) မူလဝါရ၌ ပဒစသည်ကိုမေးလျှင် မူလဝါရကိုတည်၊ ပဒ (၄) ပါးနှင့်မြှောက်၊ ၁ × ၄ = ၄၊ ပဒ (၄) ပါးဖြစ်၏။

ယင်းပဒ (၄) ပါးကိုတည်၊ နယ (၄) ပါးနှင့်မြှောက်၊ ၄ × ၄ = ၁၆၊ နယ (၁၆) ပါးဖြစ်၏။

နယ (၁၆) ပါးကိုတည်၊ ယမက (၃) ပါးနှင့်မြှောက်၊ ၁၆ × ၃ = ၄၈၊ ယမက (၄၈) ပါးဖြစ်၏။

ယမက (၄၈) ပါးကိုတည်၊ ပုစ္ဆာ (၂) ပါးနှင့်မြှောက်၊ ၄၈ × ၂ = ၉၆၊ ပုစ္ဆာ (၉၆) ပါးဖြစ်၏။

ယင်း (၉၆) ပါးကိုတည်၊ အတ္ထ (၂) ပါးနှင့်မြှောက်၊ ၉၆ × ၂ = ၁၉၂၊ အတ္ထ (၁၉၂) ပါးဖြစ်၏။

ဤသို့လျှင် မူလဝါရ၌

ပဒ	-	၄	ပါး	
နယ	-	၁၆	ပါး	
ယမက	-	၄၈	ပါး	
ပုစ္ဆာ	-	၉၆	ပါး	
အတ္ထ	-	၁၉၂	ပါး	ဖြစ်၏။

အမှာ။ ။ ဟေတုဝါရ စသည်တို့၌လည်း ဤနည်းအတိုင်း မြှောက်ပါ။

(၄) ကုသလတိတ်၌ ဝါရစသည်ကိုမေးလျှင် ကုသလတိတ်ကိုတည်၊ ဝါရ (၁၀) ပါးနှင့်မြှောက်၊ ၁ × ၁၀ = ၁၀၊ ဝါရ (၁၀) ပါး ဖြစ်၏။

ဝါရ (၁၀) ပါးကိုတည်၊ ပဒ (၄) ပါးနှင့်မြှောက်၊ ၁၀ × ၄ = ၄၀၊ ပဒ (၄၀) ဖြစ်၏။

ယင်း (၄၀) ကိုတည်၊ နယ (၄) ပါးနှင့်မြှောက်၊ ၄၀ × ၄ = ၁၆၀၊ နယ (၁၆၀) ဖြစ်၏။

ယင်း (၁၆၀) ကိုတည်၊ ယမက (၃) ပါးနှင့်မြှောက်၊ ၁၆၀ × ၃ = ၄၈၀၊ ယမက (၄၈၀) ဖြစ်၏။

ယင်း (၄၈၀) ကိုတည်၊ ပုစ္ဆာ (၂) ပါးနှင့်မြှောက်၊ ၄၈၀ × ၂ = ၉၆၀၊ ပုစ္ဆာ (၉၆၀) ဖြစ်၏။

ယင်း (၉၆၀) ကိုတည်၊ အတ္ထ (၂) ပါးနှင့်မြှောက်၊ ၉၆၀ × ၂ = ၁၉၂၀၊ အတ္ထ (၁၉၂၀) ဖြစ်၏။

http://www.dhammadownload.com

ဤသို့လျှင် ကုသလတိက်၌

ဝါရ	-	၁၀	ပါး	
ပဒ	-	၄၀	ပါး	
နယ	-	၁၆၀	ပါး	
ယမက	-	၄၈၀	ပါး	
ပုစ္ဆာ	-	၉၆၀	ပါး	
အတ္ထ	-	၁၉၂၀	ပါး	ဖြစ်၏။

အမှာ။ ။ ဝေဒနာတိက် စသည်တို့၌လည်း ဤနည်းအတိုင်း မြှောက်ပါ။

(၅၊ ၆၊ ၇) တိက မာတိကာဥဒ္ဒေသ၊ ဒုကမာတိကာ ဥဒ္ဒေသ၌ ဝါရ စသည်ကိုလည်းကောင်း မေးလျှင် အောက်ပါဇယားအတိုင်း မြှောက်ပါ။

ဝါရစသည်ရေတွက်ပုံ

အမည်	ဟာဝီတိက		တရာ-ဒုက		နှစ်ရပ်ပေါင်း	အမည်
	၂၂		၁၀၀			
ဝါရ	× ၁၀		× ၁၀			
	၂၂၀	+	၁၀၀၀	=	၁၂၂၀	ဝါရ
ပဒ	× ၄		× ၃			
	၈၈၀	+	၃၀၀၀	=	၃၈၈၀	ပဒ
နယ	× ၄		× ၄			
	၃၅၂၀	+	၁၂၀၀၀	=	၁၅၅၂၀	နယ
ယမက	× ၃		× ၃			
	၁၀၅၆၀	+	၃၆၀၀၀	=	၄၆၅၆၀	ယမက
ပုစ္ဆာ	× ၂		× ၂			
	၂၁၁၂၀	+	၇၂၀၀၀	=	၉၃၁၂၀	ပုစ္ဆာ
အတ္ထ	× ၂		× ၂			
	၄၂၂၄၀		၁၄၄၀၀၀	=	၁၈၆၂၄၀	အတ္ထ

4A

http://www.dhammadownload.com

မူလယမိုက် နိဒ္ဒေသ

အများဆိုင်လက္ခဏာပြဇယား

တရားအမည်	သာမညအရကောက်
မူလ	ဟိတ် (၆) ပါး၊ တစ်နည်း ဟိတ် (၉) ပါး
ဧကမူလ	သဟိတ်စိတ် ဧကသတ္တတိ-မောဟမူဒွေ့၌ မောဟကြဉ်စေ-၅၂၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်
အညမညမူလ	မောဟမူဒွေ့၌ မောဟကြဉ်သော ဟိတ် (၆) ပါး တစ်နည်းဟိတ် (၉) ပါး

ရှင်းလင်းချက်။

(၁) လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟိတ် (၆) ပါး တစ်နည်း ဟိတ် (၉) ပါးသည် "မူလ" မည်၏။

မှတ်ချက်။ ။ မူလ မူလသည် မူလနှင့် အရတူ၏။

(၂) သဟိတ်စိတ် ဧကသတ္တတိ မောဟမူဒွေ့၌ မောဟကြဉ်သော စေတသိက်ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့သည် ဧကမူလမည်၏။

မှတ်ချက်။ ။ ဧကမူလ မူလ၊ မူလက၊ ဧကမူလက၊ မူလမူလက၊ ဧကမူလမူလက တို့သည် ဧကမူလနှင့် အရတူ၏။

(၃) မောဟမူဒွေ့၌ မောဟကြဉ်သော ဟိတ် (၆) ပါး, တစ်နည်း ဟိတ် (၉) ပါးသည် အညမညမူလ မည်၏။

မှတ်ချက်။ ။ အညမညမူလ မူလ၊ အညမညမူလက၊ အညမညမူလ မူလကတို့သည် အညမညမူလ နှင့် အရတူကြ၏။ ဤအများဆိုင်လက္ခဏာသည် မူလယမိုက်တစ်ခုလုံး အတွက် အရေးပါလှ၏။ ထို့ကြောင့် အလွတ်ရအောင် ကျက်ထားပါ။ ထို့ပြင် ပဒအားလျော်စွာ သက်ဆိုင်ရာ တရားကို သရုပ်ခွဲထားရမည်။ ကုသလပဒဖြစ်က မူလအရ ဟိတ် (၆) ပါးတွင်

http://www.dhammadownload.com

ကုသိုလ်ဟိတ် (၃) ပါး၊ ကေမူလအရ သဟိတ်စိတ် ကေသတ္တဟိ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တရားတို့တွင် ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊ အညမည မူလအရ ဟိတ် (၆) ပါးတွင် ကုသိုလ်ဟိတ် (၃) ပါး၊ ဤသို့ သရုပ်ခွဲထားရမည်။

ပဒအားလျော်စွာသရုပ်ခွဲပုံ

ကုသလပဒ

(၁) ကုသိုလ်စိတ် ကေဝီသ စေတသိက် အဋ္ဌတိံသသည် ကုသိုလ်မည်၏။
(၂) အလောဘ၊ အဒေါသ၊ အမောဟ ကုသိုလ်ဟိတ် (၃) ပါးသည် ကုသလမူလ မည်၏။
(၃) ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် အဋ္ဌတိံသ၊ ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်သည် ကုသလကေမူလ မည်၏။
(၄) အလောဘ၊ အဒေါသ၊ အမောဟ ကုသိုလ်ဟိတ် (၃) ပါးသည် ကုသလအညမညမူလ မည်၏။

အကုသလပဒ

(၁) အကုသိုလ်စိတ်ဒွါဒသ စေတသိက်သတ္တဝီသသည် အကုသိုလ် မည်၏။
(၂) လောဘ၊ ဒေါသ၊ မောဟ ဟိတ် (၃) ပါးသည် အကုသလမူလ မည်၏။
(၃) အကုသိုလ်စိတ်ဒွါဒသ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက်သတ္တဝီသ၊ အကုသိုလ် ပြုအပ်သော စိတ္တဇရုပ်သည် အကုသလကေမူလ မည်၏။
(၄) မောဟမူဒွေ၌ မောဟကြဉ်သော လောဘ၊ ဒေါသ၊ မောဟ ဟိတ် (၃) ပါးသည် အကုသလ အညမညမူလ မည်၏။

အဗျာကတပဒ

(၁) ဝိပါက်စိတ်ဆတ္တိံသ၊ ကြိယာစိတ်ဝီသ စေတသိက်အဋ္ဌတိံသရုပ် အဋ္ဌဝီသ နိဗ္ဗာန်သည် အဗျာကတ မည်၏။
(၂) အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် (၃) ပါးသည် အဗျာကတမူလ မည်၏။

http://www.dhammadownload.com

(၃) သဟိတ်ဝိပါက် ဧကဝီသ၊ သဟိတ်ကြိယာသတ္တရသစေတသိက် အဋ္ဌတိံသ၊ သဟိတ်ဝိပါက်၊ သဟိတ်ကြိယာပြုအပ်သော သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ် တို့သည် အဗျာကတဧကမူလ မည်၏။
(၄) အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် (၃) ပါးသည် အဗျာကတအညမညမူလ မည်၏။

နာမပဒ

(၁) စိတ် ၈၉၊ စေတသိက် ၅၂၊ နိဗ္ဗာန်သည် နာမမည်၏။
(၂) ကုသလမူ ၃၊ အကုသလမူ ၃၊ အဗျာကတမူ ၃ ဟူသော ဟိတ် (၉) ပါးသည် နာမမူလ မည်၏။
(၃) သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့သည် နာမဧကမူလ မည်၏။
(၄) မောဟမူဒွေ၌ မောဟကြဉ်သော ဟိတ် (၉) ပါးသည် နာမအညမညမူလ မည်၏။

ကုသလပဒ မူလယမကသရုပ်ခွဲပုံ

(၁) ကုသိုလ်သာမည်၍ မူလမမည်သော တရားမှာ ကုသိုလ်စိတ် ဧကဝီသ၊ ကုသလမူ ၃-ခု ကြဉ် စေတသိက် ပဉ္စတိံသ ဖြစ်၏။ ထိုတရားကို အနုလောမ တစ်ဘက်ရကောက်ပါ။
(၂) ကုသိုလ်၊ ကုသလမူလ နှစ်ပါးစုံမည်သော တရားမှာ ကုသလမူ ၃-ခု ဖြစ်၏။ ထိုတရားကို အနုလောမ ပဋိလောမ နှစ်ဘက်ရကောက်ပါ။

ကုသလပဒ မူလယမက

နံ	သရူပတရား	ကု	မူ	ဝိဘင်-ဌာန
ပ	ကု ၂၁ (ကုမူကြဉ်) စေ ၃၅	॥		အဝသေသာ
ဒု	ကုသလမူ ၃-ခု	॥	॥	တီဏေဝ

http://www.dhammadownload.com

ညွှန်ကြားချက်။ ။ ဇယားအပေါ်ခေါင်းစီး၌ ကုသလဓမ္မာအစား "ကု" ဟု အတိုကောက် သုံးထားသည်။ ကုသလမူလာအစား "မူ" ဟု သုံးထားသည်။ (။) ဤအမှတ်သင်္ကေတဖြင့် ရသင့်သော တရားများကို ညွှန်ပြသည်။ ထို့ကြောင့် လက်ဝဲဘက်ရှိတရားများကို အမှတ်ရှိရာရှု၍

(၁) ကုသိုလ်စိတ် ဧကဝီသ၊ ကုသလမူသုံးခုကြဉ်သော စေတသိက်ပဥ္စတိံသသည် ကုသလဓမ္မသာ မည်၏။ ကုသလမူလ မမည်။ ထိုတစ်ဘက်ရတရားကို အဝသေသာကုသလာဓမ္မာ နကုသလ မူလာ ဟု ဝိဘင်းထုတ်ပါ။

(၂) ကုသလမူ (၃) ခုသည် ကုသလဓမ္မ၊ ကုသလမူလ နှစ်ပါးစုံမည်၏။ ထိုနှစ်ဘက်ရတရားကို တီဏေဝ ကုသလမူလာနိ ဟု ဝိဘင်းထုတ်ပါ။ ပဋိလောမ၌ အာမန္တာဝိဘင်း ထုတ်ပါ။

ဝိဘင်းထုတ်ပုံ

အနု။ ။ ယေကေစိ ကုသလာဓမ္မာ၊ သဗ္ဗေတေ ကုသလမူလာတိ တီဏေဝ ကုသလ မူလာနိ၊ အဝသေသာ ကုသလာ ဓမ္မာ နကုသလ မူလာ။

ပဋိ။ ။ ယေဝါ ပန ကုသလမူလာ၊ သဗ္ဗေတေ ဓမ္မာ ကုသလာတိ၊ အာမန္တာ။

အနက်ပေးပုံ

အနုလောမ။ ။ ယေကေစိ-ခပ်သိမ်းကုန်သော၊ ကုသလာ-ကုသိုလ်မည်ကုန်သော၊ ဓမ္မာ-တရားတို့သည်၊ သန္တိ-ရှိကုန်၏။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေဓမ္မာ-ထိုတရားတို့သည်၊ ကုသလမူလာ-ကုသိုလ်ဟုဆိုအပ်သော၊ မူလ-မည်ကုန်သလော။ ဣတိ ပုစ္ဆာယံ-ဤသို့သော အမေးတော်သည်၊ သတိ-ရှိသော်၊ တီဏေဝ တီဏိဧဝ-အလောဘ, အဒေါသ, အမောဟ ဟု ဆိုအပ်သော ကုသလမူသုံးခုတို့သည်သာလျှင်၊ ကုသလမူလာနိ-ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်၏။ အဝသေသာ-ကုသလမူလ သုံးခုတို့မှကြွင်းကုန်သော၊ ကုသလာ-ကုသိုလ်မည်ကုန်သော၊ ဓမ္မာ-ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် ပဥ္စတိံသတို့သည်၊ နကုသလမူလာ-ကုသိုလ်ဟုဆိုအပ်သော မူလမမည်ကုန်။ ဣတိဝိဿဇ္ဇနာ-ဤသို့ဖြေတော်မူသည်၊ ဟောတိ-ဖြစ်၏။

http://www.dhammadownload.com

ပဋိလောမ။ ။ ယေဝါပန-ကုန်သော၊ ကုသလမူလာ-ကုသိုလ်ဟုဆိုအပ်သော မူလမည်ကုန်သော၊ ဓမ္မာ-တို့သည်၊ သန္တိ-ရှိကုန်၏။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေဓမ္မာ-ထိုတရားတို့သည်၊ ကုသလာ-ကုသိုလ်မည်ကုန်သလော။ ဣတိပုစ္ဆာယံ-ဤသို့သော အမေးတော်သည်၊ သတိ-သော်၊ အာမန္တာ-ကုသိုလ်ဟုဆိုအပ်သော၊ မူလ-မည်ကုန်သော တရားတို့သည် ကုသိုလ်မည်ကုန်၏။ ဣတိဝိသဇ္ဇနာ-သည်၊ ဟောတိ-၏။

အရကောက်ပုံ

အနု။ ။ "ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေတေ ကုသလမူလာ" ဟူ၍ ဟောတော်မူအပ်သော အနုလောမပုစ္ဆာ၌ "ယေကေစိ ကုသလာဓမ္မာ" ဟူသော သန္နိဋ္ဌာန်ပုဒ်၏ အရကား ကုသိုလ်စိတ် ၈ကေဝိသ၊ ကုသလမူ သုံးခုကြဉ်သော စေတသိက် ပဉ္စတိံသ ရ၏။ ကုသလမူ သုံးခုလည်း ရ၏။ "သဗ္ဗေတေ ကုသလမူလာ" ဟူသော သံသယပုဒ်၏ အရကား ကုသလမူ သုံးခု သာ ရ၏။

ပဋိ။ ။ "ယေဝါပန ကုသလမူလာ၊ သဗ္ဗေတေ ဓမ္မာကုသလာ" ဟူ၍ ဟောတော်မူအပ်သော ပဋိလောမ ပုစ္ဆာ၌ "ယေဝါပန ကုသလမူလာ" ဟူသော သန္နိဋ္ဌာန်ပုဒ်၏ အရကား ကုသလမူသုံးခုရ၏။ "သဗ္ဗေတေ ဓမ္မာ ကုသလာ" ဟူသော သံသယပုဒ်၏ အရလည်း ကုသလမူ သုံးခု ၎င်းရ၏။

ကေမူလယမက

နံ	သရုပတရား	ကု	ကေ	ဝိဘင်-ဌာန
၁	ကု ၂၁ စေ ၃၈	။	။	ကုသလံ
၃	ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်		။	ကုသလသမုဋ္ဌာန်ရုပ်

http://www.dhammadownload.com

သရုပ်ခွဲပုံ

(၁) ကုသိုလ်စိတ် စေတသိက် အဌတိံသသည် ကုသလဓမ္မ, ကုသလကေမူလ နှစ်ပါးစုံ မည်၏။ သန္နိဋ္ဌာန် သံသယ အရတူ၍ အာမန္တာဝိဘင်းထုတ်ပါ။ နှစ်ဘက်ရကောက်ပါ။ ပဋိလောမ၌ ကုသလံဟု နှစ်ဘက်ရ ဝိဘင်းထုတ်ပါ။

(၂) ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်သည် ကုသလကေမူလသာမည်၍ ကုသလဓမ္မမမည်သော ကြောင့် ပဋိလောမ တစ်ဘက်ရဖြစ်၏။ "ကုသလသမုဋ္ဌာနံရူပံ" ဟု ဝိဘင်းထုတ်ပါ။

ဝိဘင်းထုတ်ပုံ

အနုလောမ။ ။ ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေတေကုသလမူလေန ကေမူလာတိ၊ အာမန္တာ။

ပဋိလောမ။ ။ ယေဝါပန ကုသလမူလေန ကေမူလာ၊ သဗ္ဗေတေ ဓမ္မာ ကုသလာတိ ကုသလ သမုဋ္ဌာနံ ရူပံ ကုသလမူလေန ကေမူလံ နကုသလံ၊ ကုသလံ ကုသလမူလေန ကေမူလဉ္စေဝ ကုသလဉ္စ။

အနက်ပေးပုံ

အနုလောမ။ ။ ယေကေစိ-ခပ်သိမ်းကုန်သော၊ ကုသလာ-ကုသိုလ်မည်ကုန်သော၊ ဓမ္မာ-တို့သည်။ သန္တိ-ကုန်၏။ သဗ္ဗေ၊ တေဓမ္မာ-တို့သည်၊ ကုသလမူလေန-ကုသိုလ်ဟုဆိုအပ်သော မူလနှင့် (ဝါ) အားဖြင့်၊ ကေမူလာ-တူသောမူလရှိကုန်သလော၊ ဣတိပုစ္ဆာယံ-သည်၊ သတိ-သော်၊ အာမန္တာ-ကုသိုလ်မည်ကုန်သောတရားတို့သည် ကုသိုလ်ဟုဆိုအပ်သောမူလနှင့် (ဝါ) မူလအားဖြင့် တူသောမူလရှိကုန်၏။ ဣတိဝိဿဇ္ဇနာ-သည်၊ ဟောတိ-ဖြစ်၏။

ပဋိလောမ။ ။ ယေဝါပန-အကြင်သို့သောသဘောရှိကုန်သော၊ ကုသလမူလေန-ကုသိုလ်ဟုဆို အပ်သောမူလနှင့် (ဝါ) အားဖြင့်၊ ကေမူလာ-တူသောမူလရှိကုန်သော၊ ဓမ္မာ-တို့သည်၊ သန္တိ-ရှိကုန်၏။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေဓမ္မာ-တို့သည်၊ ကုသလာ-ကုသိုလ်မည် ကုန်သလော။ ဣတိပုစ္ဆာယံ-သည်၊ သတိ-သော်။ ကုသလသမုဋ္ဌာနံ-ကုသိုလ်လျှင်ဖြစ်ကြောင်းရှိကုန် သော၊ ရူပံ-စိတ္တဇရုပ် သတ္တရသသည်၊ ကုသလမူလေန-နှင့်၊ (ဝါ) အားဖြင့်၊ ကေမူလံ-တူသောမူလရှိ ၏။ နကုသလံ-ကုသိုလ်မမည်၊ ကုသလံ-သည်၊ ကုသလမူလေန-နှင့် (ဝါ) အားဖြင့်၊ ကေမူလဉ္စေဝ- တူသော မူလလည်းရှိ၏။ ကုသလဉ္စ-ကုသိုလ်လည်းမည်၏။ ဣတိဝိဿဇ္ဇနာ-သည်။ ဟောတိ-၏။

http://www.dhammadownload.com

အရကောက်ပုံ

အနုလောမ။ ။ "ယေကေစိ ကုသလာဓမ္မာ၊ သဗ္ဗေတေ ကုသလမူလေန ဧကမူလာ" ဟူ၍ ဟောတော်မူအပ်သော အနုလောမပုစ္ဆာ ပါဠိတော်မြွက်ပါဠ်၌ "ယေကေစိ ကုသလာဓမ္မာ" ဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား ကုသိုလ် ဧကဝီသ စေတသိက် အဋ္ဌတိံသရ၏။ "သဗ္ဗေတေ ကုသလမူလေန ဧကမူလာ" ဟူသော သံသယပုဒ်အရလည်း ကုသိုလ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ ရင်းရ၏။

ပဋိလောမ။ ။ "ယေဝါပန ကုသလမူလေန ဧကမူလာ၊ သဗ္ဗေတေ ဓမ္မာ ကုသလာ" ဟူ၍ ဟောတော်မူအပ်သော ပဋိလောမပုစ္ဆာ၌ "ယေဝါပန ကုသလမူလေန ဧကမူလာ" ဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ်ရ၏။ ကုသိုလ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ လည်းရ၏။ "သဗ္ဗေတေဓမ္မာ ကုသလာ" ဟူသော သံသယပုဒ်၏ အရကား ကုသိုလ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ သာရ၏။

အညမညမူလယမက

နံ	သရုပတရား	ဧ/ကု	ည	ဝိဘင်္ဂ-ဌာန
၁	ကုသလမူ ၃ ခု	။	။	မူလာနိယာနိဧကတော ဥပ္ပဇ္ဇန္တိ၊ ကုသလမူလာနိ
၂	ကု ၂၁ စေ ၃၅ ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်	။		အဝသေသာကုသလမူလ သဟဇာတာဓမ္မာ

သရုပ်ခွဲပုံ

(၁) ကုသိုလ်စိတ် ဧကဝီသ၊ ကုသလမူ သုံးခုမှတစ်ပါး စေတသိက် ပဉ္စတိံသ ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်သည် ကုသလ ဧကမူလသာမည်၍ ကုသလအညမည မူလမမည်။ ထို့ကြောင့် "အဝသေသာ ကုသလမူလ သဟဇာတာ ဓမ္မာ" ဟု အနုလောမ တစ်ဘက်ရ ဝိဘင်းထုတ်၍ အရကောက်ပါ။

http://www.dhammadownload.com

(၂) ကုသလမူ ၃-ခုသည် ကုသလဧကမူလ၊ အညမညမူလနှစ်ပါးစုံမည်၏။ ထို့ကြောင့် "မူလာနိ ယာနိ ဧကတောဥပဇ္ဇန္တိ ကုသလမူလာနိ" ဟု အနုလောမ နှစ်ဘက်ရ (ဝိဘင်းလိမ်) ဝိဘင်းထုတ်၍ အရကောက်ပါ။

(၃) ကုသလ အညမညမူလသာ မည်၍ ကုသိုလ်မမည်သောတရားမရှိသောကြောင့် ပဋိလောမ၌ အာမန္တာဝိဘင်းထုတ်အရကောက်ပါ။

ဝိဘင်းထုတ်ပုံ

အနုလောမ။ ။ ယေကေစိ ကုသလမူလေန ဧကမူလာ ဓမ္မာ၊ သဗ္ဗေတေ ကုသလမူလေန အညမညမူလာတိ မူလာနိယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ ဧကမူလာနိစေဝ အညမညမူလာနိစ၊ အဝသေသာ ကုသလမူလသဟဇာတာ ဓမ္မာ ကုသလမူလေန ဧကမူလာ၊ နစ အညမညမူလာ။

ပဋိလောမ။ ။ ယေဝါပန ကုသလမူလေန အညမညမူလာ၊ သဗ္ဗေတေ ဓမ္မာ ကုသလာတိ၊ အာမန္တာ။

အနက်ပေးပုံ

အနုလောမ။ ။ ယေကေစိ-ခပ်သိမ်းကုန်သော၊ ကုသလမူလေန-ကုသိုလ်ဟုဆိုအပ်သောမူလနှင့် (ဝါ) အားဖြင့်၊ ဧကမူလာ တူသောမူလရှိကုန်သော၊ ဓမ္မာ-တို့သည်၊ သန္တိ-ကုန်၏။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ တေဓမ္မာ-တို့သည်၊ ကုသလမူလေန-ကုသိုလ်ဟုဆိုအပ်သော မူလအားဖြင့်၊ အညမညမူလာ-တစ်ပါးသည် တစ်ပါး၏မူလဟုဆိုအပ်သော မူလမည်ကုန်သလော၊ (ဝါ) မူလရှိကုန်သလော၊ ဣတိပုစ္ဆာယံ-သည်၊ သတိ-သော်၊ ကုသလမူလာနိ-ကုသလမူလဟုဆိုအပ်ကုန်သော၊ ယာနိမူလာနိ-အကြင်မူလတို့သည်၊ ဧကတော-တကွနက်၊ ဥပ္ပဇ္ဇန္တိ-ကုန်၏၊ တာနိမူလာနိ-ထိုကုသလမူလသုံးခုတို့သည် ဧကမူလာနိစေဝ-တူသော မူလလည်းရှိကုန်၏၊ အညမညမူလာနိစ-တစ်ပါးသည် တစ်ပါး၏ မူလလည်းမည်ကုန်၏၊ (ဝါ) ရှိကုန်၏။ အဝသေသာ-ကုသလမူလသုံးခုမှကြွင်းကုန်သော၊ ကုသလမူလသဟဇာတာ-ကုသလမူလသုံးခုနှင့်တကွဖြစ်ကုန်သော၊ ဓမ္မာ-ကုသိုလ်ဧကဝိသ၊ ကုသလမူသုံးခုမှတစ်ပါး စေတသိက် ပဉ္စတ္တိံသ-ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ်ဧကဝီသ၊ စေတသိက်အဋ္ဌတိံသ နာမက္ခန္ဓာတို့သည်၊ ယထာရဟ-ပြုအပ်သောစိတ္တဇရုပ်တို့သည်၊ ကုသလမူလေန-ကုသိုလ်ဟုဆိုအပ်သော

http://www.dhammadownload.com

မူလနှင့် (ဝါ) အားဖြင့်၊ ဧကမူလာ-တူသောမူလရှိကုန်၏။ နစအညမညမူလာ-တစ်ပါးသည် တစ်ပါး၏ မူလမမည်ကုန် (ဝါ) တစ်ပါးသည် တစ်ပါး၏မူလမရှိကုန်။ ဣတိဝိသဇ္ဇနာ-သည်၊ ဟောတိ-ဖြစ်၏။

ပဋိလောမ။ ။ ယေဝါပန-အကြင်သို့သဘောရှိကုန်သော၊ ကုသလမူလေန-ကုသိုလ်ဟုဆိုအပ်သော မူလအားဖြင့်၊ အညမညမူလာ-တစ်ပါးသည်တစ်ပါး၏ မူလမည်ကုန်သော၊ (ဝါ) ရှိကုန်သော၊ ဓမ္မာ-တို့သည်၊ သန္တိ-ကုန်၏၊ သဗ္ဗေ-ကုန်သော၊ တေဓမ္မာ-တို့သည်၊ ကုသလာ-ကုသိုလ်မည်ကုန်သလော၊ ဣတိပုစ္ဆာယံ-သည်၊ သတိ-သော်၊ အာမန္တာ-ကုသိုလ်ဟုဆိုအပ်သောမူလအားဖြင့် တစ်ပါးသည် တစ်ပါး၏ မူလမည်ကုန်သောတရားတို့သည် ကုသိုလ်မည်ကုန်၏။ ဣတိဝိသဇ္ဇနာ-သည်၊ ဟောတိ-၏။

အရကောက်ပုံ

အနုလောမ။ ။ "ယေကေစိ ကုသလမူလေန ဧကမူလာဓမ္မာ၊ သဗ္ဗေတေ ကုသလမူလေန အညမညမူလာ" ဟူ၍ဟောတော်မူအပ်သော အနုလောမပုစ္ဆာ၌ "ယေကေစိ ကုသလမူလေန ဧကမူလာဓမ္မာ" ဟူသောသန္နိဋ္ဌာန်ပုဒ်၏အရကား ကုသိုလ် ဧကဝီသ၊ ကုသလမူသုံးခုမှတစ်ပါးစေတသိက် ပဉ္စတိံသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ကုသိုလ် ဧကဝီသ၊ စေတသိက် အဋ္ဌတိံသ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ် သတ္တရသရ၏။ ကုသလမူသုံးခုလည်းရ၏။ "သဗ္ဗေတေ ကုသလမူလေန အညမညမူလာ" ဟူသော သံသယပုဒ်အရကား ကုသလမူသုံးခုသာရ၏။

ပဋိလောမ။ ။ "ယေဝါပန ကုသလမူလေန အညမညမူလာ၊ သဗ္ဗေတေဓမ္မာ ကုသလာ" ဟူ၍ ဟောတော်မူအပ်သော ပဋိလောမပုစ္ဆာ၌ "ယေဝါပန ကုသလမူလေန အညမည မူလာ" ဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား ကုသလမူသုံးခုရ၏။ "သဗ္ဗေတေဓမ္မာ ကုသလာ" ဟူသော သံသယပုဒ်အရ လည်း ကုသလမူသုံးခု ရင်းရ၏။

မူလမူလ နယာဒိ။ ။ မူလမူလ နယသည် မူလနယနှင့်တူ၏။ မူလသဒ္ဒါတစ်ခုထည့်ဆိုရုံသာ ထူး၏။ မူလကနယ၌ မူလကယမက၊ ဧကမူလကယမက တို့သည် ဧကမူလယမကနှင့်တူကြ၏။ အညမညမူလကယမကသည် အညမညမူလယမကနှင့်တူ၏။ မူလမူလကနယသည် မူလကနယနှင့်တူ၏။

http://www.dhammadownload.com

အကုသလပဒ၊ မူလယမက

နံ	သရုပတရား	အကု	မူ	ဝိဘင်-ဌာန
၁	အကုသလမူ	‖	‖	တီဏောဝ
၃	အကု ၁၂ (မူကြဉ်) စေ ၂၄	‖		အဝသေသာ

အမှာ။ ‖ ကုသလပဒကို နည်းမှီ၍ အနက်ပေး၊ ဝိဘင်းထုတ်၊ အရကောက်ပါ။

ဧကမူလယမက

နံ	သရုပတရား	အကု	ဧက	ဝိဘင်-ဌာန
၁	မောဟမူဒွေ၌ မောဟ	‖		အဟေတုကံ အကုသလံ
၃	အကု ၁၂ (မောကြဉ်) စေ ၂၇	‖	‖	(သဟေတုကံ) အကုသလံ
၈	အကုပြုအပ်သော စိတ္တဇရုပ်		‖	အကုသလ သမုဋ္ဌာနံရူပံ

(၁) အကုသလမူသာမည်၍ အကုသလ ဧကမူလ မမည်သော တရားမှာ မောဟမူဒွေ၌ မောဟ ဖြစ်၏။ ထိုတရားကို အဟေတုကံ အကုသလံဟု အနုလောမ တစ်ဘက်ရ ဝိဘင်းထုတ်၊ အရကောက်ပါ။

(၂) အကုသိုလ်စိတ်ဒွါဒသ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသသည် အကုသလမူ၊ အကုသလဧကမူလ နှစ်ပါးစုံမည်၏။ ထို့ကြောင့် ထိုတရားကို "သဟေတုကံ၊ အကုသလံ" ဟု အနုလောမ နှစ်ဘက်ရ ဝိဘင်းထုတ်၊ အရကောက်ပါ။

(၃) အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်သည် အကုသလဧကမူလသာမည်၍ အကုသိုလ်မမည်သောကြောင့် "အကုသလ သမုဋ္ဌာနံရူပံ" ဟု ပဋိလောမ တစ်ဘက်ရဝိဘင်းထုတ်၊ အရကောက်ပါ။

http://www.dhammadownload.com

ဝိဘင်းထုတ်ပုံ

အနုလောမ။ ။ ယေကေစိ အကုသလာ ဓမ္မာ၊ သဗ္ဗေတေ အကုသလမူလေန ဧကမူလာတိ အဟေတုကံ အကုသလံ အကုသလမူလေန နဧကမူလံ၊ သဟေတုကံ အကုသလံ အကုသလမူလေန ဧကမူလံ။

ပဋိလောမ။ ။ ယေဝါပန အကုသလမူလေန ဧကမူလာ၊ သဗ္ဗေတေ ဓမ္မာ အကုသလာတိ အကုသလ သမုဋ္ဌာနံ ရူပံ အကုသလမူလေန ဧကမူလံ နအကုသလံ၊ အကုသလံ အကုသလမူလေန ဧကမူလဉ္စေဝ အကုသလဉ္စ။

အနုလောမ၊ အနက်။ ။ အဟေတုကံ-အဟိတ်ဖြစ်သော၊ အကုသလံ-အကုသိုလ်သည်၊ အကုသလ မူလေန-အကုသိုလ်ဟုဆိုအပ်သော မူလနှင့် နဧကမူလံ-တူသော မူလမရှိ၊ သဟေတုကံ-သဟိတ်ဖြစ်သော၊ အကုသလံ-အကုသိုလ်သည်၊ အကုသလမူလေန-နှင့်၊ (ဝါ) အားဖြင့်၊ ဧကမူလံ-တူသော မူလရှိ၏။

အမှာ။ ။ ပဋိလောမကို ကုသလပဒ ပဋိလောမကိုမှီ၍ အနက်ပေးပါ။

အရကောက်ပုံ

အနုလောမ။ ။ "ယေကေစိ အကုသလာဓမ္မာ" ဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား၊ မောဟမူဒွေ၌ မောဟရ၏။ အကုသိုလ်ဒွါဒသ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသလည်း ရ၏။ "သဗ္ဗေတေ အကုသလမူလေန ဧကမူလာ" ဟူသော သံသယပုဒ်၏အရကား၊ အကုသိုလ်ဒွါဒသ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက်သတ္တဝီသ သာရ၏။

ပဋိလောမ။ ။ "ယေဝါပန အကုသလမူလေန ဧကမူလာ၊ သဗ္ဗေတေဓမ္မာ အကုသလာ" ဟူ၍၊ (ပ) သန္နိဋ္ဌာန်ပုဒ်၏ အရကား၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ် သတ္တရသ ရ၏။ အကုသိုလ်ဒွါဒသ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသလည်း ရ၏။ "သဗ္ဗေတေ ဓမ္မာ အကုသလာ" ဟူသော သံသယပုဒ်၏အရကား၊ အကုသိုလ်ဒွါဒသ မောဟမူဒွေ၌၊ မောဟကြဉ် သော စေတသိက် သတ္တဝီသ သာရ၏။

http://www.dhammadownload.com

အညမညမူလယမက

နံ	သရုပတရား	ဧ/အ	ည	ဝိဘင်-ဌာန
၁	မောဒ္ဓမောကြဉ်မူ ၃ ခု	॥	॥	မူလာနိ အကုသလမူလာနိ
၃	အကု ၁၂၊ စေ ၂၄ အကုသိုလ်ပြုအပ်သောစိတ္တဇရုပ်	॥		အဝသေသာ အကုသလမူလ သဟဇာတာ ဓမ္မာ

အဗျာကတပဒ၊ မူလယမက

နံ	သရုပတရား	ဗျာ	မူလ	ဝိဘင်-ဌာန
၁	ဝိ-၃၆၊ ကြိ-၂၀၊ အဗျာမူ သုံးခုမှတစ်ပါး၊ စေ ၃၅ ရုပ် ၂၈၊ နိဗ္ဗာန်	॥		အဝသေသာ အဗျာကတာဓမ္မာ နအဗျာကတမူလာ
၃	အဗျာကတမူ ၃-ခု	॥	॥	တီဏောဝအဗျာကတမူလာနိ

ကေမူလယမက၊ အခြေခံသရုပ်ခွဲပုံ

ဝိပါက်စိတ် ဆတ္တိံသ၊ ကြိယာစိတ်ဝီသ၊ စေတသိက် အဋ္ဌတ္တိံသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်သည် အဗျာကတမည်သော တရားများဖြစ်၏။

ထိုတွင် ရုပ် (၂၈) ပါးကို

(၁) စိတ္တဇရုပ်
(၂) ကမ္မဇရုပ်
(၃) ဗာဟိရရုပ်
(၄) အာဟာရဇရုပ်
(၅) ဥတုဇရုပ် ဟု ငါးမျိုးခွဲပါ။

http://www.dhammadownload.com

စိတ္တဇရုပ် ကို

(၁) အဟိတ်ဝိပါက် အဟိတ်ကြိယာပြုအပ်သောစိတ္တဇ
(၂) သဟိတ်ဝိပါက် သဟိတ်ကြိယာပြုအပ်သောစိတ္တဇ
(၃) ကု-အကု ပြုအပ်သော စိတ္တဇရုပ်ဟု သုံးမျိုးခွဲပါ။

ကမ္မဇရုပ် ကို

(၁) အဟိတ်ကမ္မဇရုပ်
(၂) သဟိတ်ကမ္မဇရုပ်
(၃) အသညသတ်ကမ္မဇရုပ်
(၄) ပဝတ္တိကမ္မဇရုပ် ဟု လေးမျိုးခွဲပါ။

(၁) အဟိတ်စိတ်အဌာရသ၊ ဆန္ဒကြဉ်အညသမန်း စေတသိက်ဒွါဒသ၊ ကုသိုလ်၊ အကုသိုလ်၊ အဟိတ်ဝိပါက်၊ အဟိတ်ကြိယာတို့ ပြုအပ်သော စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ နိဗ္ဗာန်တို့သည် အဗျာကတဓမ္မာသာမည်၍၊ အဗျာကတ ဇကေမူလ မမည်ကြပါ။ ထို့ကြောင့် ယင်းတရားများကို အနုလောမ တစ်ဘက်ရ ကောက်ရမည်။

(၂) သဟိတ်ဝိပါက် ဇကဝီသ၊ သဟိတ်ကြာသ သတ္တရသ၊ စေတသိက်အဌတိံသ၊ သဟိတ်ဝိပါက်၊ သဟိတ်ကြိယာ နာမက္ခန္ဓာတို့ ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့သည် အဗျာကတဓမ္မ၊ အဗျာကတဇကေမူလ နှစ်ပါးစုံမည်၏။ ထို့ကြောင့် ယင်း တရားတို့ကို နှစ်ဘက်ရ ကောက်ရမည်။

အရကောက်

တစ်ဘက်ရ။ ။ အဟိတ်အဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်းစေတသိက်ဒွါဒသ၊ ပဉ္စဝေါကာရ ဘုံ၌ဖြစ်သောအခါ၊ ဒွေပဉ္စဝိညာဏ်တစ်ဆယ်ကြဉ်သော ကုသိုလ်၊ အကုသိုလ်၊ အဟိတ်ဝိပါက်၊ အဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သောစိတ္တဇရုပ်၊ အဟိတ် ပဋိသန္ဓေနှစ်ခုနှင့် ယထာရဟ အတူဥပါဒ်သော အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာ ရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ နိဗ္ဗာန်ရ၏။

http://www.dhammadownload.com

နှစ်ဘက်ရ။ ။ သဟိတ်ဝိပါက်ဇောဝီသ၊ သဟိတ်ကြိယာသတ္တရသစေတသိက် အဌတိံသ၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ၊ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိကြည်သော သဟိတ်ဝိပါက်၊ သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဉ္စဝေါကာရ ပဋိသန္ဓေတေရသတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ရ၏။

အမှာ။ ။ အခြေခံသရုပ်ခွဲပုံနှင့် ဤအရကောက်တရားများကို အလွတ်ရအောင် ကြိုတင် ကျက်ခိုင်းစေပြီးမှသာ၊ အဗျာကတ ဇေမူလယမကဇယားကို သင်ကြားပေးပါ။ ကြိုတင်မသင်ကြားဘဲ ဇေမူလယမကဇယားကို သင်ကြားပို့ချပေးပါလျှင် အချိန်ကုန် လူပင်ပန်းရုံသာ ရှိမည်။

ဇေမူလယမက

နံ	သရုပတရား	ဗျာ	ဇေ	ဝိဘင်-ဌာန
ပ	သဟိတ်- ဝိ ၂၁၊ ကြိ ၁၇၊ စေ ၃၈၊ သဟိတ်စိတ္တဇ, ကမ္မဇရုပ်	॥	॥	သဟေတုကံ အဗျာကတံ
ဒု	အဟိတ် ၁၈၊ စေ ၁၂၊ အဟိတ်စိတ္တဇ ပဋိကမ္မဇ၊ ဗာ၊ အာ၊ ဥ၊ အ၊ ပဝတ္တိကမ္မဇရုပ်၊ နိဗ္ဗာန်	॥		အဟေတုကံ-အဗျာကတံ

အမှာ။ ။ အကုသလပဒ၊ ဇေမူလယမကကို မှီ၍ ဝိဘင်းထုတ်ပါ။

အညမညမူလယမက

နံ	သရုပတရား	ဇေ/အ	ည	ဝိဘင်-ဌာန
ပ	အဗျာကတမူ ၃ ခု	॥	॥	မူလာနိ၊ အဗျာကတမူလာနိ
ဒု	သဟိတ်ဝိပါက် ၂၁၊ ကြိ ၁၇၊ အဗျာကတမူ ၃ ခုမှတစ်ပါး စေ ၃၅၊ သဟိတ်စိတ္တဇ၊ သဟိတ် ပဋိသန္ဓေ ကမ္မဇ	॥		အဝသေသာ အဗျာကတ မူလသဟဇာတာမ္ဓော

http://www.dhammadownload.com

အရကောက်ပုံ

အနုလောမ။ ။ အနုလောမပုစ္ဆာသန္နိဋ္ဌာန်၏ ပုဒ်အရကား၊ သဟိတ်ဝိပါက်ဇောဝီသ၊ သဟိတ်ကြိယာသတ္တရသ၊ အဗျာကတသုံးခုမှတစ်ပါး၊ စေတသိက်ပဥ္စတိံသ၊ ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် ၄ ခု၊ ရဟန္တာတို့ စုတိကြဉ်သော သဟိတ်ဝိပါက်၊ သဟိတ်ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟပြအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဥ္စဝေါကာရ ပဋိသန္ဓေတေရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ရ၏။ အဗျာကတမူသုံးခုလည်းရ၏။ သဗ္ဗေတေ (၂) ဟူသော သံသယပုဒ်၏ အရကား အဗျာကတမူသုံးခုသာ ရ၏။

ပဋိလောမ။ ။ ပဋိလောမပုစ္ဆာ၌ သန္နိဋ္ဌာန်ပုဒ်၏ အရလည်း၊ အဗျာကတမူ သုံးခုရ၏။ သံသယပုဒ်အရလည်း၊ အဗျာကတမူ သုံးခုရင်းရ၏။

နာမပဒ၊ မူလယမက

နံ	သရူပတရား	နာ	မူ	ဝိဘင်-ဌာန
၁	နာမမူ ၉ ခု	။	။	နဝဝ
၂	စိတ် ၈၉၊ စေ ၄၆၊ နိဗ္ဗာန်	။		အဝသေသာ

ကေမူလယမက

နံ	သရူပတရား	နာ	ဧ	ဝိဘင်-ဌာန
၁	အဟိတ်နာမ်	။		အဟေတုကံနာမံ
၂	သဟိတ်နာမ်	။	။	(သဟေတုကံ) နာမံ
၃	သဟိတ်စိတ္တဇ၊ ပဋိကမ္မဇရုပ်		။	နာမသမုဋ္ဌာနံရူပံ

အနုလောမ။ ။ အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား အဟိတ်စိတ်အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်းစေတသိက်ဒွါဒသ၊ မောဟမူဒွေ၌ မောဟနိဗ္ဗာန်ရ၏။ သဟိတ်စိတ်ဧကသတ္တတိ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက်၊ ဒွေပညာသလည်းရ၏။ သံသယပုဒ်၏

http://www.dhammadownload.com

အရကား သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူဒွေ့၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ သာရ၏။

ပဋိလောမ။ ။ ပဋိလောမ ပုစ္ဆာ၌ သန္နိဋ္ဌာန်ပုဒ်၏အရကား ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြအပ်သော သဟိတ်စိတ္တဇရုပ် သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေတေရသတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ရ၏။ သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူဒွေ့၌ မောဟကြဉ်သော စေတသိက် ဒွေပညာသလည်း ရ၏။ သံသယပုဒ်၏ အရကား သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူဒွေ့၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ သာရ၏။

အညမညမူလယမက

နံ	သရုပတရား	ဧ/နာ	ည	ဝိဘင်-ဌာန
၁	မောဒွ်မောကြဉ် နာမမူ ၉ ခု	။	။	မူလာနိယာနိဧကတော
၃	သဟိတ် ၇၁၊ ဝေ ၄၆ သဟိတ်စိတ္တဇ၊ ပဋိသန္ဓေကမ္မဇ	။		အ၀သေသာ နာမမူလ၊ သဟဇာတာမွော

အနုလောမ။ ။ အနုလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား သဟိတ်စိတ် ဧကသတ္တတိ၊ နာမမူ ကိုးခုကြဉ်သော စေတသိက် ဆစတ္တာလီသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဉ္စဝေါကာရပဋိသန္ဓေ တေရသတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ရ၏။ မောဟမူဒွေ့၌ မောဟကြဉ်သော နာမမူ ကိုးခုလည်းရ၏။ သံသယကား နောက်သာရ၏။

ပဋိလောမ။ ။ ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်၏ အရကား မောဟမူဒွေ့၌၊ မောဟကြဉ်သော နာမမူ ကိုးခုရ၏။ သံသယလည်း ၎င်းရ၏။

http://www.dhammadownload.com

ဟေတုဝါရာဒိ

ဟေတုဝါရ၌ "တယောဟေတူ" ဟု ပုလ္လိင်ဖြင့်လည်းကောင်း၊ နိဒါနဝါရ၌ "တီဏောဝနိဒါနာနိ" ဟု နပုလ္လိင်ဖြင့်လည်းကောင်း၊ သမ္ဘဝဝါရ၊ ပဘဝဝါရ၊ အာဟာရဝါရ၊ ပစ္စယဝါရ၊ သမုဒယဝါရတို့၌ ဟေတုဝါရမှာကဲ့သို့ ပုလ္လိင်ဖြင့်လည်းကောင်း၊ သမုဋ္ဌာနဝါရ၊ အာရမ္မဏဝါရတို့၌ မူလဝါရမှာကဲ့သို့ နပုလ္လိင်ဖြင့် လည်းကောင်း၊ သဒ္ဒါအားလျော်စွာ လိင်ပြောင်း၍ ရွတ်ဆိုကြပါလေ။

ဝေဒနာတိက်

သုခါယ ဝေဒနာယ သမ္ပယုတ္တ ဓမ္မပဒ

မူလယမက

သရူပတရား	သု	မူ	ဝိဘင်္ဂ-ဌာန
သုခါယဝေဒနာယသမ္ပယုတ္တမူ ၅	။	။	ပစ္စေဝ
သုခသဟဂုတ် ၆၃၊ စေ ၄၁	။		အဝသေသာ

အရကောက်

ပ။ ။ သုခါယဝေဒနာယ သမ္ပယုတ္တမူ ငါးခု။

ဒု။ ။ သုခသဟဂုတ်စိတ် ခြောက်ဆယ့်သုံးခု၊ သုခါယဝေဒနာယ သမ္ပယုတ္တမူ ငါးခု ကြဉ်သော စေတသိက် ဇေစတ္တာလီသ။

ကေမူလယမက

သရူပတရား	သု	ကေ	ဝိဘင်္ဂ-ဌာန
အဟိတ်သုခသဟဂုတ်စိတ် ၃ ခု၊ စေ ၁၁	။		အဟေတုကံ
သဟိတ်သုခသဟဂုတ်စိတ် ၆၀၊ စေ ၄၆	။	။	(သဟေတုကံ) သုခါ-တ္တံ
သဟိတ်သုခဝေဒနာ ၆၀၊ သဟိတ်စိတ္တဇ၊ သဟိတ်ပဋိသန္ဓေကမ္မဇ		။	သုခဉ္စ သုခါယဝေဒနာယ သမ္ပယုတ္တသမုဋ္ဌာနဥ္စရူပံ

http://www.dhammadownload.com

အရကောက်

ပ။ ။ အဟိတ်သုခသဟဂုတ်စိတ်သုံးခု၊ ဆန္ဒဝေဒနာကြဉ်သောအညသမာန်း ၈ကောဒသ။

ဒု။ ။ သဟိဟ်သုခသဟဂုတ်စိတ်ခြောက်ဆယ်၊ ဝေဒနာ၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆစတ္တာလီသ။

တ။ ။ သဟိတ်သုခသဟဂုတ်စိတ် ခြောက်ဆယ်၌ရှိသော သုခဝေဒနာ ခြောက်ဆယ်၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ရဟန္တာတို့ စုတိကြဉ်သော သဟိတ်သုခသဟဂုတ် နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သုခသဟဂုတ် ပဋိသန္ဓေ နာမက္ခန္ဓာ ရှစ်ခုတို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

အညမညမူလယမက

သရုပတရား	ဧ/သု	ည	ဝိဘင်-ဌာန
သုခါယဝေဒနာယသမ္ပယုတ္တမူ ၅	။	။	မူလာနိယာနိဧကတော
သဟိတ်သုခသဟဂုတ်စိတ် ၆၀၊ စေ ၄၂၊ သဟိတ်စိတ္တဇ၊ သဟိတ် ပဋိသန္ဓေကမ္မဇ	။		အဝသေသာ သုခါယ ဝေဒနာယသမ္ပယုတ္တ မူလ သဟဇာတာ ဓမ္မာ

အရကောက်

ပ။ ။ သုခါယဝေဒနာယ သမ္ပယုတ္တမူ ငါးခု။

ဒု။ ။ သဟိတ်သုခသဟ ဂုတ်စိတ် ခြောက်ဆယ်၊ သုခါယဝေဒနာယ သမ္ပယုတ္တမူ ငါးခု၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ ကြဉ်သော စေတသိက် ဒွေစတ္တာလီသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ရဟန္တာတို့ စုတိကြဉ်သော သဟိတ်သုခသဟဂုတ် နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သုခသဟဂုတ် ပဋိသန္ဓေရှစ်ခုတို့နှင့် ယထာရဟ အတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

http://www.dhammadownload.com

ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တ ဓမ္မပဒ

မူလယမက

သရုပတရား	ဒု	မူ	ဝိဘင်-ဌာန
ဒုက္ခာယဝေဒနာယသမ္ပယုတ္တမူ ၂	။	။	ဒွေယေဝ
ဒုက္ခသဟဂုတ်စိတ် ၃၊ စေ ၁၉	။		အဝသေသာ

အရကောက်

ပ။ ။ ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တမူ နှစ်ခု။

ဒု။ ။ ဒုက္ခသဟဂုတ်စိတ် သုံးခု၊ ဒုက္ခာယဝေဒနာယ သမ္ပယုတ္တမူ နှစ်ခု ကြဉ်သော စေတသိက် ဧကူနဝီသ။

ကေမူလယမက

သရုပတရား	ဒု	ကေ	ဝိဘင်-ဌာန
ဒုက္ခ-ကာ၊ စေ-၆	။		အဟေတုကံ
ဒေါသမူဒွေ၊ စေ-၂၁	။	။	(သဟေတုကံ) ဒုက္ခာယသမ္ပယုတ္တံ
သဟိတ်ဒုက္ခဝေဒနာ ၂ သဟိတ်စိတ္တဇရုပ်		။	ဒုက္ခဥ္စ ဒုက္ခာယ-နဥ္စရူပံ

အရကောက်

ပ။ ။ ဒုက္ခသဟဂုတ်ကာယဝိညာဏ်၊ ဝေဒနာကြဉ်သောသဗ္ဗစိတ္တသာ ဓာရဏစေတသိက် ခြောက်ခု။

ဒု။ ။ ဒေါသမူဒွေ၊ ဝေဒနာ၊ ပီတိ၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဧကဝီသ။

http://www.dhammadownload.com

တ॥ ॥ သဟိတ်ဒုက္ခသတဂုတ်စိတ်နှစ်ခု၌ရှိသောဒုက္ခဝေဒနာနှစ်ခု၊ သဟိတ်ဒုက္ခသဟဂုတ်နှစ်ခု၊ စေတသိက်ဗာဝီသနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သောသဟိတ်စိတ္တဇရုပ်။

အညမညမူလယမက

သရူပတရား	ဇ/ဒု	ည	ဝိဘင်-ဌာန
ဒုက္ခာယဝေဒနာယသမ္ပယုတ္တမူ ၂ ခု	॥	॥	မူလာနိယာနိဇကတော
ဒေါသမူဒွေ၊ စေ၂၀၊ သဟိတ်စိတ္တဇရုပ်	॥		အဝသေသာ၊ သဟဇာတာဓမ္မာ

အရကောက်

ပ॥ ॥ ဒုက္ခာယဝေဒနာယ သမ္ပယုတ္တမူ နှစ်ခု။

ဒု॥ ॥ သဟိတ်ဒုက္ခသဟဂုတ်စိတ် နှစ်ခု၊ ဒုက္ခာယဝေဒနာယသမ္ပယုတ္တမူ နှစ်ခု၊ ပီတိ၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက်ဝီသ၊ သဟိတ်ဒုက္ခသဟဂုတ်စိတ်နှစ်ခု၊ စေတသိက်ဗာဝီသ၊ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်။

အဒုက္ခမသုခါယ ဝေဒနာယသမ္ပယုတ္တပဒ

မူလယမက

သရူပတရား	အ	မူ	ဝိဘင်-ဌာန
အဒုက္ခမသုခါယဝေဒနာယသမ္ပယုတ္တမူ ၅ ခု	॥	॥	ပဌမ
အဒုက္ခမသုခသဟဂုတ်စိတ် ၅၅ - ၄၃	॥		အဝသေသာ

အရကောက်

ပ॥ ॥ အဒုက္ခမသုခါယဝေဒနာယသမ္ပယုတ္တမူ ငါးခု။

ဒု॥ ॥ အဒုက္ခမသုခသဟဂုတ်စိတ် ငါးဆယ့်ငါးခု၊ အဒုက္ခမသုခါယဝေဒနာယသမ္ပယုတ္တမူ ငါးခုကြဉ်သော စေတသိက် တေ စတ္တာလီသ။

http://www.dhammadownload.com

ကေမူလယမက

သရုပတရား	အ	ကေ	ဝိဘင်-ဌာန
အဟိတ် ၁၄ ခု၊ စေ ၁၀၊ မောဟ	॥		အဟေတုကံ
သဟိတ်အဒုက္ခ ၄၁၊ စေ ၄၆	॥	॥	(သဟေတုကံ) အဒုက္ခ-ယုတ္တံ
သဟိတ်အဒုက္ခမသုခဝေဒနာ ၄၁		॥	အဒုက္ခမသုခဥ္စ
သဟိတ်စိတ္တဇ၊ ပဋိသန္ဓေကမ္မဇ			အဒုက္ခ-နဥ္စရုပံ

အရကောက်

ပ॥ ॥ အဟိတ်အဒုက္ခမသုခသဟဂုတ်စိတ် ဆယ့်လေးခု၊ ဝေဒနာ၊ ဆန္ဒ၊ ပီတိကြဉ်သော အညသမာန်းစေတသိက် တစ်ဆယ်၊ မောဟမူဒွေ၌ မောဟ။

ဒု॥ ॥ သဟိတ်အဒုက္ခမသုခသဟဂုတ်စိတ် လေးဆယ့်တစ်ခု၊ ဝေဒနာ၊ ပီတိ၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ မောဟမူဒွေ၌၊ မောဟကြဉ်သော စေတသိက် ဆစတ္တာလီသ။

တ॥ ॥ သဟိတ် အဒုက္ခမသုခသဟဂုတ်စိတ် လေးဆယ့်တစ်ခု၌ရှိသော အဒုက္ခမသုခ ဝေဒနာ လေးဆယ့်တစ်ခု၊ ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိကြဉ်သော သဟိတ်အဒုက္ခမသုခသဟဂုတ် နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဥ္စဝေါကာရအဒုက္ခမသုခသဟဂုတ် ပဋိသန္ဓေငါးခုနာမက္ခန္ဓာတို့နှင့် ယထာရဟအတူဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

အညမညမူလယမက

သရုပတရား	ဧ/အ	ည	ဝိဘင်-ဌာန
မောကြဉ်အဒုက္ခမသုခါယ ဝေဒနာယသမ္ပယုတ္တမူ ၅ ခု	॥	॥	မူလာနိယာနိဧကတော
သဟိတ်အဒုက္ခ ၄၁၊ စေ ၄၂ သဟိတ်စိတ္တဇ၊ ပဋိသန္ဓေကမ္မဇ	॥		အ၀သေသာ အဒုက္ခ-သဟဇာတာဓမ္မာ

http://www.dhammadownload.com

အရကောက်

ပ။ ။ မောဟမူဒွေ့၌ မောဟကြဉ်သော အဒုက္ခမသုခါယဝေဒနာယသမ္ပယုတ္တမူ ငါးခု။

ဒု။ ။ သဟိတ်အဒုက္ခမသုခသဟဂုတ်စိတ် လေးဆယ့်တစ်ခု၊ အဒုက္ခမသုခါယဝေဒနာယ သမ္ပယုတ္တမူ ငါးခု၊ ပီတိ၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ကြဉ်သော စေတသိက် ဒွေ့စတ္တာလီသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိကြဉ်သော သဟိတ်အဒုက္ခမသုခသဟဂုတ် နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဉ္စဝေါကာရ အဒုက္ခမသုခသဟဂုတ် ပဋိသန္ဓေငါးခု၊ နာမက္ခန္ဓာတို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ် ပဋိသန္ဓေကမ္မဇရုပ်။

နာမပဒ

သရုပတရား	နာ	မူ	ဝိဘင်-ဌာန
နာမမူ ၁၂ ခု	॥	॥	ဒွါဒသေ၀
စိတ် ၈၉၊ နာမမူကြဉ် စေ ၄၆၊ နိဗ္ဗာန်	॥		အ၀သေသာ

အမှာ။ ။ အရကောက်လွယ်ပြီ၊ ကုသလတိက်ကို နည်းမှီ၍၊ ကျန်ယမကများကို ကောက်ပါ။

ဝိပါကတိက်

ဝိပါက ဓမ္မပဒ

မူလယမက

သရုပတရား	ဝိ	မူ	ဝိဘင်-ဌာန
ဝိပါကမူ ၃ ခု	॥	॥	တီဏေ၀
ဝိပါက် ၃၆၊ စေ ၃၅	॥		အ၀သေသာ

http://www.dhammadownload.com

ကောမူလယမက

သရုပတရား	ဝိ	ကေ	ဝိဘင်-ဌာန
အဟိတ်ဝိပါက် ၁၅၊ စေ ၁၁	။		အဟေတုကံ
သဟိတ်ဝိပါက် ၂၁၊ စေ ၃၈	။	။	(သဟေတုကံ) ဝိပါကံ
သဟိတ်စိတ္တဇ၊ ပဋိသန္ဓေကမ္မဇ		။	ဝိပါကသမုဋ္ဌာနံရူပံ

ပ။ ။ အဟိတ်ဝိပါက်ပန္နရသ၊ ဆန္ဒဝီရိယ ကြဉ်သော အညသမာန်း ကောဒသ။

ဒု။ ။ သဟိတ်ဝိပါက် ကေဝီသ စေတသိက် အဋ္ဌတိံသ။

တ။ ။ ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့စုတိကြဉ်သော သဟိတ်ဝိပါက် နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဥ္စဝေါကာရ ပဋိသန္ဓေတေရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။

အညမညမူလယမက

သရုပတရား	ဧ/ဝိ	ည	ဝိဘင်-ဌာန
ဝိပါကမူ ၃ ခု	။	။	မူလာနိယာနိကေတော
သဟိတ်ဝိပါက် ၂၁၊ စေ ၃၅	။		အဝသေသာ
သဟိတ်စိတ္တဇ၊ ပဋိသန္ဓေကမ္မဇ			သဟဇာတာမ္မော

ပ။ ။ ဝိပါကမူ သုံးခု။

ဒု။ ။ သဟိတ်ဝိပါက ကေဝီသ၊ ဝိပါကမူသုံးခုမှတစ်ပါး စေတသိက် ပဥ္စတိံသ။

ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ၊ အရူပဝိပါက်လေးခု၊ ရဟန္တာတို့စုတိကြဉ်သော သဟိတ်ဝိပါက် နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဥ္စဝေါကာရ ပဋိသန္ဓေတေရသတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

http://www.dhammadownload.com

ဝိပါကဓမ္မ ဓမ္မပဒ

မူလယမက

သရူပတရား	ဝိ	မူ	ဝိဘင်-ဌာန
ဝိပါကဓမ္မ ဓမ္မမူ ၆ ခု	။	။	ဆင္ဓဝ
အကု ၁၂၊ ကု ၂၁၊ စေ ၄၆	။		အဝသေသာ

ပ။ ။ ဝိပါကဓမ္မ ဓမ္မမူခြောက်ခု။

ဒု။ ။ အကုသိုလ်စိတ်ဒွါဒသ၊ ကုသိုလ်စိတ် ဧကဝီသ၊ ဝိပါကဓမ္မ ဓမ္မမူ ခြောက်ခုမှတစ်ပါး စေတသိက် ဆစတ္တာလီသ။

ကေမူလယမက

သရူပတရား	ဝိ	ဧ	ဝိဘင်-ဌာန
မောဟမူဒွေ၌ မောဟ	။		အဟေတုက်
အကု ၁၂၊ ကု ၂၁၊ မောဟမူဒွေ၌ မောကြဉ် စေ ၅၂	။	။	(သဟေတုက်) ဝိပါကဓမ္မ ဓမ္မံ
သဟိတ်စိတ္တဇရုပ်		။	ဝိပါကဓမ္မ ဓမ္မ သမုဋ္ဌာနံ ရူပံ

ပ။ ။ မောဟမူဒွေ၌ မောဟ။

ဒု။ ။ အကုသိုလ်စိတ်ဒွါဒသ၊ ကုသိုလ်စိတ် ဧကဝီသ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ။

တ။ ။ ပဋ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ် ဒွါဒသ၊ ကုသိုလ်ဧကဝီသ စေတသိက် ဒွေပညာသ နာမက္ခန္ဓာတို့သည် ယထာရဟာပြုအပ်သော သဟိတ်စိတ္တဇရုပ်။

7A

http://www.dhammadownload.com

အညမညမူလယမက

သရုပတရား	ဇ/ဝိ	ည	ဝိဘင်-ဌာန
မော၌မောကြဉ်မူ ၆ ခု	။	။	မူလာနိယာနိကေတော
အကု ၁၂၊ ကု ၂၁၊ မူကြဉ် စေ ၄၆	။		အဝသေသာဝိပါကဓမ္မဓမ္မ
သဟိတ်စိတ္တဇရုပ်			မူလသဟဇာတာဓမ္မာ

ပ။ ။ မောဟမူဒွေ၌ မောဟကြဉ်သော ဝိပါကဓမ္မ ဓမ္မမူ ခြောက်ခု။

ဒု။ ။ အကုသိုလ်စိတ်ဒွါဒသ၊ ကုသိုလ်စိတ် ဧကဝီသ၊ ဝိပါကဓမ္မ ဓမ္မမူ ခြောက်ခုမှတစ်ပါး၊ စေတသိက် ဆစတ္တာလီသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ ကုသိုလ်ဧကဝီသ စေတသိက်ဒွေပညာသနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်။

နေဝဝိပါက နဝိပါက ဓမ္မဓမ္မပဒ

မူလယမက

သရုပတရား	နေ	မူ	ဝိဘင်-ဌာန
ကြိယာမူ ၃ ခု	။	။	တီဏော၀
ကြိ ၂၀၊ မူ ၃ ခုမှတစ်ပါး၊ စေ ၃၂၊ ရုပ် ၂၈ နိဗ္ဗာန်	။		အဝသေသာ

ပ။ ။ ကြိယာမူ သုံးခု။

ဒု။ ။ ကြိယာစိတ်ဝီသ၊ ကြိယာမူ သုံးခုမှတစ်ပါး စေတသိက် ဗာတ္တိံသ၊ ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။

7B

http://www.dhammadownload.com

ဇေမူလယမက

သရူပတရား	နေ	ဇေ	ဝိဘင်-ဌာန
အဟိတ်ကြိ ၃ ခု၊ စေ ၁၂၊ ကြွင်းရုပ် နိဗ္ဗာန်	။		အဟေတုကံ
သဟိတ်ကြိ ၁၇၊ စေ ၃၅၊ သဟိတ်ကြိယာစိတ္တဇ	။	။	သဟေတုကံ

ပ။ ။ အဟိတ်ကြိယာ သုံးခု၊ ဆန္ဒကြဉ်သော အညသမာန်းစေတသိက်ဒွါဒသ၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ၊ အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဏ် တစ်ဆယ်၊ ရဟန္တာတို့ စုတိကြဉ်သော၊ ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်ဗာဝီသ၊ အဟိတ်ကြိယာနာမက္ခန္ဓာတို့သည်၊ ယထာရဟ ပြုအပ်သော စိတ္တဇရုပ်၊ ပဉ္စဝေါကာရပဋိသန္ဓေ ပန္နရသတို့နှင့် ယထာရဟအတူဥပါဒ်သော ပဋိသန္ဓေကမ္မဇရုပ်၊ ဗဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ နိဗ္ဗာန်။

ဒု။ ။ သဟိတ်ကြိယာသတ္တရသ၊ စေတသိက်ပဉ္စတိံသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်။

အညမညမူလယမက

သရူပတရား	ဇေ/နေ	ည	ဝိဘင်-ဌာန
ကြိယာမူ ၃ ခု	။	။	မူလာနိယာနိဇကေတော
သဟိတ်ကြိယာ ၁၇၊ စေ ၃၂	။		အဝသေသာ နေဝဝိပါက နဝိပါက သဟဇာတာဓမ္မာ
သဟိတ်ကြိယာ စိတ္တဇရုပ်			

ပ။ ။ ကြိယာမူ သုံးခု။

ဒု။ ။ သဟိတ်ကြိယာသတ္တရသ၊ ကြိယာမူ သုံးခုမှတစ်ပါး စေတသိက် ဗာတ္တိံသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ၊ သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ်။

http://www.dhammadownload.com

နာမပဒ

နာမပဒ၌ ပဒသုံးခုပေါင်းက နာမမူ ၁၂ ခု ဖြစ်၏။ ဒွါဒသေဝနာမမူလာနိဟု ဟောပါ။

ဥပါဒိန္နတိက်

ဥပါဒိန္နုပါဒါနိယပဒ

မူလယမက

သရုပတရား	ဥ	မူ	ဝိဘင်-ဌာန
ဥပါဒိန္နုပါဒါနိယမူ ၃ ခု	॥	॥	တီဏေဝ
လောကီဝိ ၃၂၊ စေ ၃၂၊ ကမ္မဇရုပ် ၂၀	॥		အဝသေသာ

ပ။ ॥ ဥပါဒိန္နုပါဒါနိယ မူ သုံးခု။

ဒု॥ ॥ လောကီဝိပါက်ဟတ္တိသ၊ ဥပါဒိန္နုပါဒါနိယမူ သုံးခုကြဉ်သော စေတသိက် ဟတ္တိသ၊ ကမ္မဇရုပ်ဝီသ။

ကေမူလယမက

သရုပတရား	ဥ	ကေ	ဝိဘင်-ဌာန
အဟိတ်ဝိပါက် ၁၅၊ စေ ၁၁ အဟိတ်ပဋိသ၊ ပ၊ ကမ္မဇရုပ်	॥		အဟေတုကံ ဥပါဒိန္နု ပါဒါနိယံ
သဟိတ်ကီဝိ ၁၇၊ စေ ၃၅ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်	॥	॥	(သဟေတုကံ) ဥပါဒိန္နုပါဒါနိယံ
သဟိတ်ဝိပြု စိတ္တဇရုပ်		॥	ဥပါဒိန္နုပါဒါနိယသမုဋ္ဌာနံရူပံ

ပ॥ ॥ အဟိတ်ဝိပါက်ပန္နရသ၊ ဆန္ဒ၊ ဝီရိယကြဉ်သော အညသမာန်း ဧကာဒသ၊ အဟိတ်ပဋိသန္ဓေနှစ်ခုနှင့် ယထာရဟအတူဥပါဒ်သော အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။

http://www.dhammadownload.com

ဒု။ ။ သဟိတ်လောကီဝိပါက်သတ္တရသ၊ စေတသိက်ပဥ္စတိံသ၊ သဟိတ်ပဥ္စဝေါကာရ ပဋိသန္ဓေတေရသတို့နှင့် ယထာရဟာအတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

တ။ ။ ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ၊ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိကြဉ်သော သဟိတ်လောကီဝိပါက်နာမက္ခန္ဓာတို့သည် ယထာရဟာပြုအပ်သော သဟိတ်စိတ္တဇရုပ်။

အညမညမူလယမက

သရူပတရား	ဓော/ဥ	ည	ဝိဘင်-ဌာန
ဥပါဒိန္နုပါဒါနိယမူ ၃ ခု	။	။	မူလာနိယာနိဓေတော
သဟိတ်ကီဝိ ၁၇၊ စေ ၃၂၊ သဟိတ်ကီဝိ စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇ	။		အဝသေသာ ဥပါဒိန္နု ပါဒါနိယမူလသဟဇာတာမွာ

ပ။ ။ ဥပါဒိန္နု ပါဒါနိယမူ သုံးခု။

ဒု။ ။ သဟိတ်လောကီဝိပါက် သတ္တရသ မူ သုံးခုကြဉ်သော စေတသိက် ဗာတ္တိံသ၊ ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ၊ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိကြဉ်သော သဟိတ် လောကီဝိပါက် နာမက္ခန္ဓာတို့သည် ယထာရဟာ ပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဥ္စဝေါကာရ၊ ပဋိသန္ဓေတေရသတို့နှင့် ယထာရဟာအတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

အနုပါဒိန္နုပါဒါနိယပဒ

မူလယမက

သရူပတရား	အ	မူ	ဝိဘင်-ဌာန
အနုပါဒိန္နုပါဒါနိယမူ ၆ ခု	။	။	ဆဋ္ဌေ၀
အကု ၁၂၊ ကိကု ၁၇၊ ကြိ၂၀၊ စေ ၄၆ တိဇရုပ် ၁၇၊ ဇရတာ-ဘင်	။		အဝသေသာ

http://www.dhammadownload.com

ပ॥ ॥ မူ ခြောက်ခု॥

ဒု॥ ॥ အကုသိုလ်စိတ်ဒွါဒသ၊ လောကီကုသိုလ်သတ္တရသ၊ ကြိယာစိတ်ဝီသ၊ မူခြောက်ခု ကြဉ်သော စေတသိက် ဆစတ္တာလီသ၊ တိဇရုပ် သတ္တရသ ဇရတာ-ဘင်॥

ကေမူလယမက

သရူပတရား	အ	ကေ	ဝိဘင်-ဌာန
အဟိတ်ကြိယာ ၃၊ စေ ၁၂၊ မောဠှမော အဟိတ်စိတ္တဇ၊ ဗာ၊ အာ၊ ဥတုဇရုပ်	॥		အဟေတုကံ
အကု ၁၂၊ ကီကု ၁၇၊ သဟိတ်ကြိ ၁၇ မောဠှမောကြဉ် စေ ၅၂၊ သဟိတ်စိတ္တဇရုပ်	॥	॥	သဟေတုကံ

ပ॥ ॥ အဟိတ်ကြိယာ သုံးခု ဆန္ဒကြဉ်သော အညသမာန်းဒွါဒသ၊ မောဟမူဒွေဠှ မောဟ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဏ် တစ်ဆယ်၊ ရဟန္တာတို့ စုတိကြဉ်သော လောကီဝိပါက်၊ အဟိတ်ကြိယာ၊ လောကုတ္တရာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်॥

ဒု॥ ॥ အကုသိုလ်ဒွါဒသ၊ လောကီကုသိုလ်သတ္တရသ၊ သဟိတ်ကြိယာသတ္တရသ မောဟ မူဒွေဠှ မောဟကြဉ်သော စေတသိက်ဒွေပညာသ॥

ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ လောကီကုသိုလ်၊ အကုသိုလ်၊ သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်॥

http://www.dhammadownload.com

အညမညမူလယမက

သရူပတရား	ဧ/အ	ည	ဝိဘင်-ဌာန
မောဟ၌မောကြဉ်မူ ၆ ခု	॥	॥	မူလာနိယာနိဧကတော
အကု ၁၂၊ ကီကု ၁၇၊ သဟိတ်ကြိ ၁၇၊ စေ ၄၆၊ သဟိတ်စိတ္တဇရုပ်	॥		အဝသေသာအနုပါဒိန္နု ပါဒိနိယမူလသဟဇာတာမွော

ပ॥ ॥ မောဟမူဒွေ၌ မောဟကြဉ်မူ ခြောက်ခု။

ဒု॥ ॥ အကုသိုလ်ဒွါဒသ၊ လောကီကုသိုလ် သတ္တရသ၊ သဟိတ်ကြိယာ သတ္တရသ မူခြောက်ခုကြဉ်သော စေတသိက် ဆစတ္တာလီသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ လောကီကုသိုလ်၊ အကုသိုလ်၊ သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟာပြုအပ်သော သဟိတ် စိတ္တဇရုပ်။

အနုပါဒိန္နအနုပါဒါနိယပဒ

မူလယမက

သရူပတရား	အ	မူ	ဝိဘင်-ဌာန
အနုပါဒိန္နအနုပါဒါနိယမူ ၃ ခု	॥	॥	တီဏေဝ
လောကုတ် ၈၊ စေ ၃၃၊ နိဗ္ဗာန်	॥		အဝသေသာ

ပ॥ ॥ အနုပါဒိန္နုပါဒါနိယမူ သုံးခု။

ဒု॥ ॥ လောကုတ္တရာစိတ် ရှစ်ခု၊ မူသုံးခုကြဉ်သောစေတသိက်တေတ္တိံသ၊ နိဗ္ဗာန်။

http://www.dhammadownload.com

ကေမူလယမက

သရူပတရား	အ	ဧက	ဝိဘင်-ဌာန
နိဗ္ဗာန်	॥		အဟေတုကံ
လောကုတ် ၈၊ စေ ၃၆	॥	॥	(သဟေတုကံ) အနုပါဒိန္န-ယံ
လောကုတ်ပြစိတ္တဇရုပ်		॥	အနုပါဒိန္နအနုပါဒါနိယ- ရုပ်

ပ॥ ॥ နိဗ္ဗာန်॥

ဒု॥ ॥ လောကုတ္တရာစိတ် ရှစ်ခု၊ စေတသိက် ဆတ္တိံသ॥

တ॥ ॥ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ လောကုတ္တရာ နာမက္ခန္ဓာ တို့သည် ယတာရဟ ပြုအပ်သောစိတ္တဇရုပ်သတ္တရသ॥

အညမညမူလယမက

သရူပတရား	ဧက/အ	ည	ဝိဘင်-ဌာန
မူ ၃ ခု	॥	॥	မူလာနိယာနိဧကတော
လောကုတ် ၈၊ စေ ၃၃၊ လောကုတ် ပြစိတ္တဇရုပ်	॥		အဝသေသာ မူလသဟဇာတာမွှော

ပ॥ ॥ မူ သုံးခု॥

ဒု॥ ॥ လောကုတ္တရာစိတ် ရှစ်ခု၊ မူ သုံးခုကြဉ်စေတသိက်တေတ္တိံသ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ လောကုတ္တရာနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သောစိတ္တဇရုပ် သတ္တရသ॥

http://www.dhammadownload.com

နာမပဒ

နာမပဒ၌ ဒွါဒသေဝနာမမူလာနိ ဟုဟောပါ။

သံကိလိဋ္ဌတိက်

(ပထမပဒသည် အကုသလပဒနှင့်တူ၏)

အသံကိလိဋ္ဌ သံကိလေသိကပဒ

မူလယမက

သရုပတရား	အ	မူ	ဝိဘင်-ဌာန
မူ ၃ ခု	॥	॥	တီဏေဝ
ကီကု ၁၇၊ ကီဝိ ၃၂၊ ကြိ ၂၀၊ စေ ၃၅ ရုပ် ၂၈	॥		အဝသေသာ

ပ॥ ॥ မူ သုံးခု॥

ဒု॥ ॥ လောကီကုသိုလ်သတ္တရသ၊ လောကီဝိပါက်ဗာတ္တိံသ၊ ကြိယာဝီသမူ သုံးခုကြဉ်သော စေတသိက်ပဉ္စတိံသ၊ ရုပ်အဋ္ဌဝီသ॥

ကေမူလယမက

သရုပတရား	အ	ကေ	ဝိဘင်-ဌာန
အဟိတ် ၁၈၊ စေ ၁၂၊ အဟိတ်၊ စိ၊ ပဋ္ဌိ၊ ဗာ၊ အာ၊ ဉ၊ အ၊ ပ၊ ရုပ်	॥		အဟေတုကံ
ကီကု ၁၇၊ သဟိတ်ကီဝိ ၁၇၊ သဟိတ်ကြိ ၁၇ စေ ၃၈၊ သဟိတ်စိတ္တဇ၊ သဟိတ်ပဋိကမ္မဇ	॥	॥	သဟေတုကံ

http://www.dhammadownload.com

ပ။ ။ အဟိတ်စိတ်အဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်း၁၂ဒသ၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဒွေပဉ္စဝိညာဏ်တစ်ဆယ် ကြဉ်သော အကုသိုလ် အဟိတ်ဝိပါက် အဟိတ်ကြိယာ လောကုတ္တရာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ်။

အဟိတ်ပဋိသန္ဓေနှစ်ခုနှင့် ယထာရဟအတူဥပါဒ်သောအဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။

ဒု။ ။ လောကီကုသိုလ်သတ္တရသ၊ သဟိတ်လောကီဝိပါက်သတ္တရသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေတသိက်အဌတိံသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် လေးခု၊ ရဟန္တာတို့စုတိကြဉ်သောလောကီကုသိုလ်၊ သဟိတ်လောကီဝိပါက်၊ သဟိတ်ကြိယာနာမက္ခန္ဓာတို့သည်ယထာရဟပြုအပ်သောသဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဉ္စဝေါကာရပဋိသန္ဓေ တေရသတို့နှင့် ယထာရဟအတူဥပါဒ်သောသဟိတ်ပဋိသန္ဓေကမ္မဇ။

အညမညမူလယမက

သရုပတရား	ဧ/အ	ည	ဝိဘင်္ဂ-ဌာန
မူ ၃ ခု	။	။	မူလာနိယာနိဧကတော
ကီကု ၁၇၊ သဟိတ်ကီဝိ ၁၇၊ သဟိတ်ကြိ ၁၇၊ စေ ၃၅ သဟိတ်စိတ္တဇ၊ သဟိတ်ကမ္မဇ	။		အဝသေသာ အသံကိလိဌသံကိလေသိကမူလ သဟဇာတာမ္မော

ပ။ ။ မူ သုံးခု။

ဒု။ ။ လောကီကုသိုလ်သတ္တရသ၊ သဟိတ်လောကီဝိပါက်သတ္တရသ၊ သဟိတ်ကြိယာ သတ္တရသ၊ မူ သုံးခုကြဉ်သောစေတသိက်ပဉ္စတိံသပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါအရူပဝိပါက်လေးခု၊ ရဟန္တာတို့စုတိကြဉ်သောလောကီကုသိုလ်၊ သဟိတ်လောကီဝိပါက်၊ သဟိတ် ကြိယာနာမကက္ခန္ဓာတို့သည်ယထာရဟပြုအပ်သောသဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့်ယထာရဟအတူဥပါဒ်သောသဟိတ်ပဋိသန္ဓေကမ္မဇ။

http://www.dhammadownload.com

အမှာ။ ။ တတိယပဒသည် ဥပါဒိန္နတိက် တတိယပဒနှင့်တူ၏။
နာမပဒ၌ နာမမူ ၉ ခု ရှိ၏။

ဝိတက္ကတိက်

သဝိတက္ကသဝိစာရပဒ

မူလယမက

သရုပတရား	သ	မူ	ဝိဘင်-ဌာန
မူ ၆ ခု	။	။	ဆင္ဓေဝ
သဝိတက္ကသဝိစာရ ၅၅၊ စေ ၄၄	။		အဝသေသာ

ပ။ ။ မူ ခြောက်ခု။

ဒု။ ။ သဝိတက္ကသ ဝိစာရစိတ် ငါးဆယ့်ငါးခု၊ မူခြောက်ခု ဝိတက်ဝိစာရကြဉ်သော
စေတသိက် လေးဆယ့်လေးခု။

ကေမူလယမက

သရုပတရား	သ	ကေ	ဝိဘင်-ဌာန
အဟိတ် ၈၊ စေ ၁၀၊ မော၌ မောဟ	။		အဟေတုကံ
သဟိတ်သဝိ ၄၇၊ မော၌မောဟ၊ စေ ၅၀	။	။	(သဟေတုကံ) သဝိ-ရံ
ဝိတက်ဝိစာရ၊ သဟိတ်စိတ္တဇ၊ ပဋိသန္ဓေကမ္မဇ		။	ဝိတက္က ဝိစာရဠ သဝိ-ဌာနဠ-ရုပ်

http://www.dhammadownload.com

ပ။ ။ ဒွေပဉ္စဝိညာဉ် တစ်ဆယ်ကြဉ်အဟိတ်စိတ် ရှစ်ခု၊ ဆန္ဒ၊ ဝိတက်ဝိစာရကြဉ်သော အညသမာန်း တစ်ဆယ်၊ မောဟမူဒွေ၌ မောဟ။

ဒု။ ။ သဟိတ်သဝိတက္က၊ သဝိစာရလေးဆယ့်ခုနစ်ခု၊ မောဟမူဒွေ၌ မောဟ၊ ဝိတက် ဝိစာရကြဉ်သော စေတသိက်ငါးဆယ်။

တ။ ။ (သဝိတက္ကသဝိစာရစိတ် ငါးဆယ့်ငါးခု၌ရှိသော) ဝိတက်ဝိစာရ (ငါးဆယ့်ငါးခု) ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ရဟန္တာတို့ စုတိကြဉ်သော သဟိတ်သဝိတက္ကသဝိစာရ နာမက္ခန္ဓာတို့သည် ယထာရဟာပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်သဝိတက္ကသဝိစာရ ပဋိသန္ဓေ ကိုးခုတို့နှင့် ယထာရဟာအတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

အမှာ။ ။ (. . . .) ဤအမှတ်အသားအတွင်းရှိ စကားရပ်များ၊ အရကောက်စာအုပ်၌ ကျနေသည်။

အညမညမူလယမက

သရူပတရား	စေ/သ	ည	ဝိဘင်္ဂ-ဌာန
မောဟမူဒွေ၌ မောကြဉ်မူ ၆ ခု	။	။	မူလာနိယာနိဓေကတော
သဟိတ်သဝိ ၄၇၊ စေ ၄၆ သဟိတ်စိတ္တဇ၊ ပဋိကမ္မဇ	။		အဝသေသာသဝိတက္က သဝိစာရမူလသဟဇာတာဓမ္မာ

ပ။ ။ မောဟမူဒွေ၌ မောဟကြဉ်မူ ခြောက်ခု။

ဒု။ ။ သဟိတ် သဝိတက္က သဝိစာရစိတ် လေးဆယ့်ခုနစ်ခု၊ မူခြောက်ခုကြဉ်သော စေတသိက် လေးဆယ့်ခြောက်ခု၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ရဟန္တာတို့ စုတိကြဉ်သော သဟိတ် သဝိတက္က သဝိစာရ နာမက္ခန္ဓာတို့သည် ယထာရဟာပြုအပ်သော သဟိတ်စိတ္တဇရုပ် သဟိတ် သဝိတက္က သဝိစာရ ပဋိသန္ဓေ ကိုးခုတို့နှင့် ယထာရဟာ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။

http://www.dhammadownload.com

အဝိတက္က ဝိစာရမတ္တ ပဒ

မူလယမက

သရုပတရား	အ	မူ	ဝိဘင်-ဌာန
မူ ၃ ခု	။	။	တီကောဝ
ဒုဈာန် ၁၁၊ စေ ၃၃၊ ဝိတက် ၅၅	။		အဝသေသာ

ပ။ ။ မူ သုံးခု။

ဒု။ ။ ဒုတိယဈာန် ကောဒသ၊ မူသုံးခု ဝိတက်၊ ဝိစာရကြဉ်သော စေတသိက် တေတ္တိံသ၊ ပထမပုဒ်၏အရနှင့်သမ္ပယုတ်ဖြစ်သောဝိတက် စေတသိက်ငါးဆယ့်ငါးခု။

ကေမူလယမက

သရုပတရား	အ	ကေ	ဝိဘင်-ဌာန
အဟိတ်ဝိတက် ၈	။		အဟေတုကံ
ဒုတိယဈာန် ၁၁၊ စေ ၃၆ သဟိတဝိတက် ၄၇	။	။	(သဟေတုကံ) အဝိ - မတ္တံ
ဝိစာရ ၁၁၊ သဟိတ်စိ၊ ပဋိကမ္မဇ		။	ဝိစာရ၌အဝိ - ဌာန၌ရုပ်

ပ။ ။ ပထမပုဒ်၏အရနှင့် သမ္ပယုတ်ဖြစ်သော အဟိတ်ဝိဟက်စေတသိက်ရှစ်ခု။

ဒု။ ။ ဒုတိယဈာန်စိတ်ကောဒသ၊ ဝိတက်ဝိစာရကြဉ်သော စေတသိက်ဆတ္တိံသ၊ ပထမပုဒ်၏အရနှင့် သမ္ပယုတ်ဖြစ်သောသဟိတ်ဝိတက်စေတသိက်လေးဆယ့်ခုနှစ်ခု။

တ။ ။ ဒုတိယဈာန်စိတ်ကောဒသနှင့် သမ္ပယုတ်ဖြစ်သောဝိစာရ စေတသိက်တစ်ဆယ့်တစ်ခု၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ (ရဟန္တာတို့စုတိကြဉ်သော) ဒုတိယဈာန် နာမက္ခန္ဓာ တို့သည် ယထာရဟ ပြုအပ်သောသဟိတ်စိတ္တဇရုပ်၊ ဒုတိယဈာန်ပဋိသန္ဓေနာမက္ခန္ဓာနှင့် ယထာရဟ အတူဥပါဒ်သောသဟိတ် ပဋိသန္ဓေကမ္မဇရုပ်။

http://www.dhammadownload.com

အညမညမူလယမက

သရူပတရား	ဧက/အ	ည	ဝိဘင်-ဌာန
မူ ၃ ခု	॥	॥	မူလာနိယာနိကဧကတော
ဒုတိယစျာန် ၁၁၊ စေ ၃၃၊ သဟိတ်ဝိတက် ၄၇၊ ဝိစာရ ၁၁၊ သဟိတ်စိတ္တဇရုပ်၊ ပဋိကမ္မဇရုပ်	॥		အဝသေသာ၊ အဝိတက္ကဝိစာရ မတ္တမူလသဟဇာတာမွော

ပ॥ ॥ မူသုံးခု॥

ဒု॥ ॥ ဒုတိယစျာန်စိတ်ကောဒသ၊ မူသုံးခုဝိတက်ဝိစာရကြဉ်သော စေတသိက် တေတ္တိံသ၊ ပထမပုဒ်၏အရနှင့် သမ္ပယုတ်ဖြစ်သော သဟိတ်ဝိတက် စေတသိက် ၄၇ ခု၊ ဒုတိယစျာန် ဧကာဒသနှင့် သမ္ပယုတ်ဖြစ်သော ဝိစာရစေတသိက် ၁၁ ခု၊ ပဋ္ဌဝေါကာရဘုံ၌ဖြစ်သော အခါ (ရဟန္တာတို့ စုတိကြဉ်သော) ဒုတိယစျာန် နာမက္ခန္ဓာတို့သည် ယထာရဟာပြုအပ်သော သဟိတ် စိတ္တဇရုပ်၊ ဒုတိယစျာန် နာမက္ခန္ဓာတို့နှင့် ယထာရဟာအတူ ဥပါဒ်သော ပဋိသန္ဓေ ကမ္မဇရုပ်။

အဝိတက္က အဝိစာရ ပဒ

မူလယမက

သရူပတရား	အ	မူ	ဝိဘင်-ဌာန
မူ ၃ ခု	॥	॥	တိကဓော
အဝိ ၅၅၊ စေ ၃၃၊ ဝိစာရ ၁၁၊ ရုပ် ၂၈ နိ	॥		အဝသေသာ

ပ॥ ॥ မူသုံးခု॥

ဒု॥ ॥ အဝိတက္က အဝိစာရစိတ် ငါးဆယ့်ငါးခု၊ မူသုံးခု ဝိဘက်ဝိစာရကြဉ်သော စေတသိက် တေတ္တိံသ ဒုတိယစျာန် စိတ်တစ်ဆယ့်တစ်ခုနှင့် သမ္ပယုတ်ဖြစ်သော ဝိစာရ စေတသိက် တစ်ဆယ့်တစ်ခု၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်။

http://www.dhammadownload.com

ကေမူလယမက

သရုပတရား	အ	ကေ	ဝိဘင်-ဌာန
ဒွေပဉ္စ ၁၀၊ စေ-၇၊ ဝိစာရ ၁၁၊ အဟိတ်စိတ္တဇ၊ ပဋိ၊ ဗာ၊ အာ၊ ဥ၊ အ၊ ပ၊ ရုပ်၊ နိဗ္ဗာန်	॥		အဟေတုကံ
သဟိတ်အဝိ ၄၅၊ စေ ၃၆၊ သဟိတ်စိတ္တဇ၊ ပဋိကမ္မဇ	॥	॥	သဟေတုကံ-စာရံ

ပ॥ ॥ ဒွေပဉ္စဝိညာဉ် တစ်ဆယ်၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ခု၊ ဒုတိယဈာန် ကောဒသနှင့် သမ္ပယုတ်ဖြစ်သော ဝိစာရစေတသိက် တစ်ဆယ့်တစ်ခု၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ရဟန္တာတို့ စုတိကြဉ်သော သဝိတက္ကသဝိစာရ အဝိတက္က ဝိစာရမတ္တ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော (အဟိတ်) စိတ္တဇရုပ်၊ သဝိတက္က သဝိစာရ အဝိတက္က ဝိစာရမတ္တ ပဋိသန္ဓေ တစ်ဆယ့်နှစ်ခုတို့နှင့် ယထာရဟအတူဥပါဒ်သော (အဟိတ်) ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ နိဗ္ဗာန်။

ဒု॥ ॥ သဟိတ်အဝိတက္က အဝိစာရစိတ် လေးဆယ့်ငါးခု၊ ဝိတက်၊ ဝိစာရကြဉ်သော စေတသိက် ဆတ္တိံသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု ရဟန္တာတို့ စုတိကြဉ်သော သဟိတ်အဝိတက္က အဝိစာရနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ် ပဉ္စဝေါကာရ အဝိတက္က အဝိစာရ ပဋိသန္ဓေ သုံးခုတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။

အညမညမူလယမက

သရုပတရား	ကေ/အ	ည	ဝိဘင်-ဌာန
မူ ၃ ခု	॥	॥	မူလာနိယာနိဇကတော
သဟိတ်အဝိ ၄၅၊ စေ ၃၃၊ သဟိတ်စိတ္တဇ၊ ပဋိကမ္မဇ	॥		အဝသေသာ အဝိတက္က - ဇာတာမ္မော

http://www.dhammadownload.com

ပ။ ။ မူသုံးခု။

ဒု။ ။ သဟိတ်အဝိတက္က အဝိစာရစိတ် လေးဆယ့်ငါးခု၊ မူသုံးခု၊ ဝိတက် ဝိစာရကြဉ်သော စေတသိက် တေတ္တိံသ၊ ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု ရဟန္တာတို့ စုတိကြဉ်သော သဟိတ်အဝိတက္က-အဝိစာရ နာမက္ခန္ဓာတို့သည် ယထာရဟပြအပ်သော သဟိတ်စိတ္တဇရုပ် ပဥ္စဝေါကာရ အဝိတက္က အဝိစာရ ပဋိသန္ဓေသုံးခုတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇ။

နာမပဒ

နာမပဒ၌ မူ ၁၂ ခု၊ ဒွါဒသေဝ ဟုဟောလေ။

သနိဒဿနသပ္ပဋိဃတိက်

သနိဒဿန သပ္ပဋိဃပဒ

သရူပတရား	သ	မူ	ဇ	ည	ဝိဘင်-ဌာန
ရူပါရုံ	॥				×

အမှာ။ ။ အနုလောမ၌ နောဝိဘင်းထုတ်၍၊ ပဋိလောမ၌ နတ္ထိဝိဘင်းထုတ်ပါ။ အညမည မူလယမက အနုလောမ၊ ပဋိလောမ၌ နတ္ထိဝိဘင်းထုတ်ပါ။ အနိဒဿန သပ္ပဋိဃ ကိုလည်း နည်းမှီ၍ ဟောပါ။

အနိဒဿန အပ္ပဋိဃပဒ

မူလယမက

သရူပတရား	အ	မူ	ဝိဘင်-ဌာန
မူ ၆ ခု	॥	॥	ဆဋ္ဌေဝ
စိတ် ၈၉၊ စေ ၄၆၊ သုခုမရုပ်၊ နိဗ္ဗာန်	॥		အဝသေသာ

http://www.dhammadownload.com

ပ॥ ॥ မူ ခြောက်ခု॥

ဒု॥ ॥ စိတ်တစ်ခုယုတ်ကိုးဆယ်၊ မူခြောက်ခုကြဉ်သော စေတသိက် ဆစတ္တာလီသ၊ သုခုမ ရုပ်သောဠသ၊ နိဗ္ဗာန်॥

ကေမူလယမက

သရူပတရား	အ	ကေ	ဝိဘင်္ဂ-ဌာန
အဟိတ်စိတ် ၁၈၊ စေ ၁၂၊ မော၌မော အဟိတ်စိတ္တဇ သုခုမ၊ ပဋိ၊ ဇာ၊ အာ၊ ဥ၊ အ၊ ပ၊ သုခုမရုပ်၊ နိဗ္ဗာန်	॥		အဟေတုကံ
သဟိတ်စိတ် ၇၁၊ မော၌မောကြဉ် စေ ၅၂ သဟိတ်စိတ္တဇ, သုခုမရုပ်၊ ပဋိသုခုမရုပ်	॥	॥	(သဟေတုကံ) အနိ-ယံ
သဟိတ်စိတ္တဇဩဠာရိက၊ ပဋိဩဠာရိက		॥	အနိ-သမုဋ္ဌာနံရုပ်

ပ॥ ॥ အဟိတ်စိတ်အဋ္ဌာရသ၊ ဆန္ဒကြဉ်သော အညသမာန်း ဒွါဒသ မောဟမူဒွေ၌ မောဟ၊ ပဋိဝေါကာရဘုံ၌ဖြစ်သောအခါ ဒွေပဉ္စဝိညာဉ် တစ်ဆယ်ကြဉ်သော အဟိတ်ဝိပါက် အဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော အဟိတ်စိတ္တဇ သုခုမရုပ်၊ အဟိတ်ပဋိသန္ဓေနှစ်ခုနှင့် ယထာရဟ အတူဥပါဒ်သော အဟိတ်ပဋိသန္ဓေ ကမ္မဇသုခုမရုပ်၊ (ဇာဟိရ သုခုမရုပ်၊ အာဟာရဇသုခုမရုပ်၊ ဥတုဇသုခုမရုပ်၊ အသညသတ်ကမ္မဇသုခုမရုပ်) ပဝတ္တိ ကမ္မဇသုခုမ ရုပ်၊ နိဗ္ဗာန်॥

ဒု॥ ॥ သဟိတ်စိတ်ကေသတ္တတိ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ဒွေ ပညာသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့ စုတိ ကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇသုခုမရုပ်၊ သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇသုခုမရုပ်॥

http://www.dhammadownload.com

တ။ ။ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု ရဟန္တာတို့ စုတိကြည်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက်-သဟိတ်ကြိယာ၊ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇသြဇာရိကရုပ်၊ သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေတေရသတို့နှင့် ယထာရဟအတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇသြဇာရိကရုပ်။

အညမညမူလယမက

သရူပတရား	ဇေ/အ	ည	ဝိဘင်-ဌာန
မောဒ္ဒ မောကြည်မူ ၆ ခု	။	။	မူလာနိယာနိဇကေတော
သဟိတ်စိတ် ၇၁၊ စေ ၄၆၊ သဟိတ်စိတ္တဇ၊ ပဋိကမ္မဇ	။		အဝသေသာ မူလသဟဇာတာဓမ္မာ

ပ။ ။ မောဟမူဒ္ဒေ၌ မောဟကြည်မူ ခြောက်ခု။

ဒု။ ။ သဟိတ်စိတ်စေသတ္တတိ၊ ဟိတ်ခြောက်ခုကြည်သော စေတသိက် ဆစတ္တာလီသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် လေးခု၊ ရဟန္တာတို့စုတိကြည်သော ကုသိုလ်၊ အကုသိုလ်၊ သဟိတ်ဝိပါက်၊ သဟိတ်ကြိယာ၊ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်။

နာမပဒ

နာမပဒ၌ နာမမူ ၆ ခု၊ ထို့ကြောင့် "ဆဠေဝ နာမမူလာနိ" ဟု ဟောပါ။

တိကမာတိကာ ပြီး၏။

http://www.dhammadownload.com

ဒုကမာတိကာ

ဟေတုပဒ

မူလယမက

သရုပတရား	ဟေ	မူ	ဝိဘင်-ဌာန
ဟိတ် ၆ ခု	॥	॥	အာမန္တာ

ကေမူလယမက

သရုပတရား	ဟေ	ကေ	ဝိဘင်-ဌာန
မောဟမူဒွေ၌ မောဟ	॥		အဟေတုကံ
မောဉ် မောကြဉ်ဟိဟ် - ၆	॥	॥	(သဟေတုကံ) ဟေတု
သဟိတ်စိတ် ၇၁၊ စေ ၄၆၊ သဟိတ်စိတ္တဇ ပဋိကမ္မဇ			(အဝသေသာ) ဟေတုမူလသဟဇာတဓမ္မာ

ပ॥ ॥ မောဟမူဒွေ၌ မောဟ॥

ဒု॥ ॥ မောဟမူဒွေ၌ မောဟကြဉ်သော ဟိတ်ခြောက်ခု॥

တ॥ ॥ သဟိတ်စိတ်ကေသတ္တတိ၊ ဟိတ်ခြောက်ခုကြဉ်သော စေတသိက် ဆစတ္တာလီသ၊ ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခု ရဟန္တာတို့စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ် သဟိတ်ပဥ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်॥

http://www.dhammadownload.com

အညမညမူလယမက

သရုပတရား	ဧက/ဟေ	ည	ဝိဘင်-ဌာန
မောဠ္ဌ မောကြဉ်ဟိတ် ၆ ခု	॥	॥	မူလာနိယာနိဧကတော
သဟိတ်စိတ် ၇၁၊ စေ ၄၆၊ သဟိတ်စိတ္တဇ ပဋိကမ္မဇ	॥		အဝသေသာ ✳ ဟေတုမူလသဟဇာတဓမ္မာ

အမှာ॥ ॥ အရကောက်လွယ်၏॥ ✳ အရကောက်၌ ဟေတုသဟဇာတာဓမ္မာ ဟုရှိ၏॥

နဟေတုပဒ

သရုပတရား	န	မူ	ဧ	ည	ဝိဘင်-ဌာန
စိတ် ၈၉၊ စေ ၄၆၊ ရုပ်၊ နိ	॥				

သဟေတုကပဒ

မူလယမက

သရုပတရား	သ	မူ	ဝိဘင်-ဌာန
မောဟမူဒွေ၌ မောဟကြဉ်မူ ၆ ခု	॥	॥	ဆဋ္ဌေဝ
သဟိတ်စိတ် ၇၁၊ စေ ၄၆	॥		အဝသေသာ

ပ॥ ॥ မောဟမူဒွေ၌ မောဟကြဉ်မူ ခြောက်ခု॥

ဒု॥ ॥ သဟိတ်စိတ်ဧကသတ္တတိ မူခြောက်ခုကြဉ်သော စေတသိက် ဆစတ္တာလီသ॥

http://www.dhammadownload.com

ဧကမူလယမက

သရုပတရား	သ	ဧက	ဝိဘင်-ဌာန
သဟိတ်စိတ် ၇၁၊ စေ ၅၂	॥	॥	(အာမန္တာ) သဟေတုကံ
သဟိတ်စိတ္တဇ၊ ပဋိကမ္မဇ		॥	သဟေတုကသမုဋ္ဌာနံရုပ်

ပ॥ ॥ သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ॥

ဒု॥ ॥ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် လေးခု၊ ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေကမ္မဇရုပ်॥

အညမညမူလယမက

သရုပတရား	ဧက/သ	ည	ဝိဘင်-ဌာန
မောဟမူဒွေ၌ မောဟကြဉ်မူ ၆ ခု	॥	॥	မူလာနိယာနိဧကတော
သဟိတ်စိတ် ၇၁၊ စေ ၄၆ သဟိတ်စိတ္တဇ၊ ပဋိကမ္မဇ	॥		အဝသေသာသဟေတုက မူလသဟဇာတာဓမ္မာ

ပ॥ ॥ မောဟမူဒွေ၌ မောဟကြဉ်သောမူ ခြောက်ခု॥

ဒု॥ ॥ သဟိတ်စိတ် ဧကသတ္တတိ မူခြောက်ခုကြဉ်သော စေတသိက် ဆစတ္တာလီသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက် လေးခု၊ ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ် သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေ ကမ္မဇရုပ်॥

http://www.dhammadownload.com

အဟေတုကပဒ

မူလယမက

သရူပတရား	အ	မူ	ဝိဘင်္ဂ-ဌာန
မောဟမူဒွေ၌ မောဟ	॥	॥	ဧကမေဝ
အဟိတ်စိတ် ၁၈၊ စေ ၁၂၊ ရုပ် ၂၈၊ နိ	॥		အဝသေသာ

ပ॥ ॥ မောဟမူဒွေ၌ မောဟ။

ဒု॥ ॥ အဟိတ်အဗျာရသ၊ ဆန္ဒကြဉ်သောအသသမာန်းဒွါဒသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်။

ဧကမူလယမက

သရူပတရား	အ	ဧက	ဝိဘင်္ဂ-ဌာန
အဟိတ် ၁၈၊ စေ ၁၂၊ မောဟမူဒွေ၌ မောဟ၊ အဟိတ်စိတ္တဇ၊ ပဋိ၊ ဗာ၊ အာ၊ ဥ၊ ပ၊ ကမ္မဇရုပ်	॥		အဟေတုကံ၊ အဟေတုကံ
မောဟမူ ၂၊ စိတ္တဇရုပ်	॥	॥	သဟေတုကံ၊ အဟေတုကံ
မောဟမူ ၂၊ စေ ၁၅		॥	အဟေတု၊ ဇာတာမ္ဘာ

ပ॥ ॥ အဟိတ်စိတ်အဗျာရသ၊ ဆန္ဒကြဉ်သောအညသမာန်းဒွါဒသ၊ မောဟမူဒွေ၌မောဟ၊ ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ မောဟမူဒွေ၊ ဒွေပဥ္စဝိဉာဏ်တစ်ဆယ်၊ အရူပဝိပါက်လေးခု၊ ရဟန္တာတို့စုကြဉ်သောကုသိုလ်၊ အကုသိုလ်, ဝိပါက်, ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟာ ပြုအပ်သောအဟိတ်စိတ္တဇရုပ်၊ ပဥ္စဝေါကာရပဋိသန္ဓေပန္နရသတို့နှင့် ယထာရဟာအတူဉပါဒ်သော ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရရုပ်၊ ဉတုဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။

ဒု॥ ॥ ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ မောဟမူဒွေနာမက္ခန္ဓာတို့သည် ယထာရဟာပြုအပ်သောသဟိတ်စိတ္တဇရုပ်။

http://www.dhammadownload.com

တ။ ။ မောဟမူဒွေ၊ မောဟ၊ ပီတိ၊ ဆန္ဒ၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓကြဉ်သော စေတသိက်ပန္နရသ။

အညမညမူလယမက

သရူပတရား	စေ/အ	ည	ဝိဘင်-ဌာန
မော ၂၊ စေ ၁၅၊ မောပြုစိတ္တဇရုပ်	။		

အမှာ။ ။ အနုလောမ၌ နော၀ိဘင်းထုတ်၍ ပဋိလောမ၌ နတ္ထိဝိဘင်းထုတ်ပါ။ နာမပဒ၌ မူ ခုနစ်ခုဖြစ်၏။ ထို့ကြောင့် သတ္တေ၀ စသည်ဖြင့် ဟောပါ။

အာသဝဂေါစ္ဆက

အာသ၀ဒုက

မူလယမက

သရူပတရား	အာ	မူ	ဝိဘင်-ဌာန
လောဘ၊ မောဟမူ ၂ ခု	။	။	ဒွေယေ၀
ဒိဋ္ဌိ	။		အ၀သေသာ

ပ။ ။ လောဘ၊ မောဟ။

ဒု။ ။ ဒိဋ္ဌိ။

ကေမူလယမက

သရူပတရား	အာ	ကေ	ဝိဘင်-ဌာန
ဒေါသမူ၊ မောဟမူဒွေ၌ မောဟ	။		အဟေတုကံ
လောဘမူ၌ လော၊ ဒိ၊ မော	။	။	သဟေတုကံ
အကု ၁၂၊ စေ ၂၄၊ အကုပြုစိတ္တဇရုပ်		။	အကုသလဉ္စ အာသ၀သမုဋ္ဌာနဉ္စရုပံ

http://www.dhammadownload.com

ယမကသင်ကြားနည်း

ပ။ ။ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟ။

ဒု။ ။ ဒေါသမူဒွေ၊ မောဟမူဒွေ၌ မောဟကြဉ်သော အာသဝတရားကိုယ်သုံးပါး။

တ။ ။ အကုသိုလ်ဒွါဒသ၊ အာသဝတရားကိုယ်သုံးပါးကြဉ်သော စေတသိက် စတုဝီသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ် နာမက္ခန္ဓာတို့သည် ယထာရဟာပြအပ်သော စိတ္တဇရုပ်။

အညမညမူလယမက

သရူပတရား	ဧက/အာ	ည	ဝိဘင်-ဌာန
လောဘမူ၌ လော၊ မော	။	။	မူလာနိယာနိဧကတော
အကု ၁၂၊ စေ ၂၆ အကုပြုစိတ္တဇရုပ်	။		အဝသေသာ အာသဝမူလသဟဇာတာမှော

ပ။ ။ လောဘမူ၌ရှိသော လောဘ၊ မောဟ။

ဒု။ ။ အကုသိုလ် ဒွါဒသ၊ လောဘမူ၌ လောဘ၊ မောဟကြဉ်သော စေတသိက် ဆဗ္ဗီသ၊ ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ အကုသိုလ် နာမက္ခန္ဓာတို့သည် ယထာရဟာပြအပ်သော စိတ္တဇရုပ်။

ဧဘာ အာ သဝဝဒ

မူလယမက

သရူပတရား	နော	မူ	ဝိဘင်-ဌာန
မူ ၄ ခု	။	။	စတ္တာရိဝ
စိတ် ၈၉၊ စေ ၄၅၊ ရုပ် ၂၈၊ နိဗ္ဗာန်	။		အဝသေသာ

http://www.dhammadownload.com

ပ။ ။ ဒေါသ၊ အလောဘ၊ အမောဟ ဟုဆိုအပ်သော နောအာသဝမူလေးပါ။

ဒု။ ။ စိတ်တစ်ခုယုတ်ကိုးဆယ်၊ အာသဝတရားကိုယ်သုံးပါး၊ နောအာသဝမူလေးပါး ကြဉ်သော စေတသိက် ပဥ္စတ္တာလီသ၊ ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန်။

ကေမူလယမက

သရူပတရား	နော	ကေ	ဝိဘင်္ဂ-ဌာန
လော ၈၊ မော ၂၊ အဟိတ် ၁၈ စေ ၂၃၊ ဒေါ၊ အဟိတ်စိတ္တဇ ပဋိကမ္မဇ၊ ဘာ၊ အာ၊ ဥ၊ အ၊ ပ၊ နိ	။		အဟေတုကံ နောအာသဝံ
ဒေါ ၂၊ ကု ၂၁၊ သဟိတ်ဝိ ၂၁၊ သဟိတ်ကြိ ၁၇၊ စေ ၄၆၊ သဟိတ် စိတ္တဇပဋိသန္ဓေကမ္မဇရုပ်	။	။	(သဟေတုကံ) နောအာသဝံ
ဒေါသမူ၌ မောဟ		။	အာသဝံ

ပ။ ။ လောဘမူစိတ်ရှစ်ခု၊ မောဟမူဒွေ၊ အဟိတ်စိတ်အဋ္ဌာရသ၊ စေတသိက်တေဝီသ၊ ဒေါသ၊ ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ ဒွေပဉ္စဝိညာဏ်တစ်ဆယ်ကြဉ်သော လောဘမူ၊ မောဟမူ အဟိတ်ဝိပါက် ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော အဟိတ်စိတ္တဇရုပ်၊ အဟိတ်ပဋိသန္ဓေနှစ်ခုတို့နှင့် ယထာရဟအတူဥပါဒ်သော အဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ ဘာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ နိဗ္ဗာန်။

ဒု။ ။ ဒေါသမူဒွေ၊ ကုသိုလ်ဧကဝီသ၊ သဟိတ်ဝိပါက်ဧကဝီသ၊ သဟိတ်ကြိယာသတ္တရသ၊ ဒေါသမူဒွေ၌ ဒေါသ၊ မောဟ၊ လောဘ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ဆစတ္တာလီသ၊ ပဥ္စဝေါကာရဘုံဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ရဟန္တာတို့စုတိကြဉ်သော ဒေါသမူ, ကုသိုလ်, သဟိတ်ဝိပါက်, သဟိတ်ကြိယာ၊ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ် သဟိတ်ပဥ္စဝေါကာရ ပဋိသန္ဓေတေရသတို့နှင့် ယထာရဟအတူဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

10A

http://www.dhammadownload.com

တ။ ။ ဒေါသမူဒွေ၌ရှိသော မောဟဟုဆိုအပ်သော၊ အာသဝတရားကိုယ်တစ်ပါး။

အညမညမူလယမက

သရုပတရား	ဇေ/နော	ည	ဝိဘင်-ဌာန
မူ ၄ ခု	॥	॥	မူလာနိယာနိကေတော
ဒေါ ၂၊ ကု ၂၁၊ သဟိတ်စိ ၂၁၊ သဟိတ်ကြိ ၁၇၊ စေ ၄၃၊ ဒေါ၌မော သဟိတ်စိတ္တဇ၊ ပဋိကမ္မဇ	॥		အဝသေသာ မူလသဟဇာတာမေ့ာ

ပ။ ။ နောအာသဝမူ လေးခု။

ဒု။ ။ ဒေါသမူဒွေ၊ ကုသိုလ်ကေဝိသ၊ သဟိတ်ဝိပါက်ကေဝိသ၊ သဟိတ်ကြိယာသတ္တရသ၊ အာသဝတရားကိုယ်သုံးပါး၊ မူလေးပါး၊ မာန၊ ဝိစိကိစ္ဆာကြဥ်သော စေတသိက် တေစတ္တာလီသ၊ ဒေါသမူဒွေ၌ မောဟ၊ ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ၊ အရူပဝိပါက်လေးခု၊ ရဟန္တာ တို့စုတိကြဥ်သော ဒေါသမူ, ကုသိုလ်, သဟိတ်ဝိပါက်၊ သဟိတ်ကြိယာနာမက္ခန္ဓာတို့သည်၊ ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဥ္စဝေါကာရ ပဋိသန္ဓေတေရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

အမှာ။ ။ နာမပဒ၌ "ဆဋ္ဌေဝ နာမမူလာနိ" စသည်ဖြင့် ဟောပါလေ။

မူလယမိုက် ပြီး၏။

◆◆◆◆◆◆◆◆◆

http://www.dhammadownload.com

ခန္ဓယမိုက်

ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ

ဝါရ (၄) မျိုး

၁။ ပဒသောဓနဝါရ

၂။ ပဒသောဓနမူလစက္ကဝါရ

၃။ သုဒ္ဓခန္ဓဝါရ

၄။ သုဒ္ဓခန္ဓမူလစက္ကဝါရ

ပဒသောဓနဝါရနှင့် ပဒသောဓနမူလစက္ကဝါရ ပါဠိတော်ဇယား

ပဒသောဓနမူလစက္ကဝါရ အနုလောမ		...... ပဋိလောမ					
ပဒသော ဓနဝါရ အနုလုံ ပစ္စနိက် အနုလောမ ပဋိလောမပြန်ဆိုရန်		[illegible]	မူလီ - သံသယ				
			ရူပက္ခန္ဓော	= ဝေ	= သညာ	= သင်္ခါ	= ဝိညာ
ရူပံ	ရူပက္ခန္ဓော	ခန္ဓာ		။	။	။	။
ဝေဒနာ	ဝေဒနာက္ခန္ဓော	ခန္ဓာ	။		။	။	။
သညာ	သညာက္ခန္ဓော	ခန္ဓာ	။	။		။	။
သင်္ခါရာ	သင်္ခါရက္ခန္ဓော	ခန္ဓာ	။	။	။		။
ဝိညာဏံ	ဝိညာဏက္ခန္ဓော	ခန္ဓာ	။	။	။	။	

အနုလုံ

အနုလောမ။ ။ ရူပံ၊ ရူပက္ခန္ဓော။

ပဋိလောမ။ ။ ရူပက္ခန္ဓော၊ ရူပံ။

ပစ္စနိက်

အနုလောမ။ ။ နရူပံ၊ နရူပက္ခန္ဓော

ပဋိလောမ။ ။ နရူပက္ခန္ဓော၊ နရူပံ။

အမှာ။ ။ ဤသို့ စသည်ဖြင့် ပဒသောဓနဝါရအနုလုံပစ္စနိက်အတွက် ခန္ဓာငါးပါးကုန်အောင် ဆက်ဟောပါ။ ပဒသော ဓနမူလစက္ကဝါရ၌ ကွက်လပ်ကို ချန်၍ မူလီလေးပါးစီ သွင်းဟောပါ။

သုဒ္ဓခန္ဓဝါရနှင့် သုဒ္ဓခန္ဓမူလစက္ကဝါရပါဠိတော်ဇယား

သုဒ္ဓခန္ဓမူလစက္ကဝါရ အနုလောမ		...... ပဋိလောမ					
သုဒ္ဓခန္ဓဝါရ အနုလုံ ပစ္စနိက် အနုလောမ၊ ပဋိလောမပြန်ဆိုရန်		ပုစ္ဆာဝါရ	မူလီ - သံသယ				
			ရုပ်	ဝေဒနာ	သညာ	သင်္ခါရ	ဝိညာဏံ
ရူပံ	ခန္ဓော (ခန္ဓာ)	ခန္ဓာ		။	။	။	။
ဝေဒနာ	။	ခန္ဓာ	။		။	။	။
သညာ	။	ခန္ဓာ	။	။		။	။
သင်္ခါရာ	။	ခန္ဓာ	။	။	။		။
ဝိညာဏံ	။	ခန္ဓာ	။	။	။	။	

http://www.dhammadownload.com

သုဒ္ဓခန္ဓဝါရအနုလုံပဏ္ဏတ္တိ

အနုလောမ။ ။ ရူပံ၊ ခန္ဓော။

ပဋိလောမ။ ။ ခန္ဓာ၊ ရူပံ။

ပစ္စနိက်

အနုလောမ။ ။ နရူပံ၊ နခန္ဓော။

ပဋိလောမ။ ။ နခန္ဓာ၊ နရူပံ။

သုဒ္ဓခန္ဓမူလစက္ကဝါရအနုလုံ

အနုလောမ။ ။ ရူပံ ၊ ခန္ဓော။

ပဋိလောမ။ ။ ခန္ဓာ ၊ ဝေဒနာ။

ရူပံ ၊ ခန္ဓော

ခန္ဓာ ၊ သညာ

ရူပံ ၊ ခန္ဓော

ခန္ဓာ ၊ သင်္ခါရာ

ရူပံ ၊ ခန္ဓော

ခန္ဓာ ၊ ဝိညာဏံ

ပစ္စနိက်

နရူပံ ၊ နခန္ဓော

နခန္ဓာ ၊ နဝေဒနာ

အမှာ။ ။ အထက်ပါပဏ္ဏတ္တိကို နည်းမှီ၍ ခန္ဓာငါးပါးကုန်အောင် ဇယားကွက်ကို ကြည့်လျက် သုဒ္ဓခန္ဓဝါရ၊ သုဒ္ဓခန္ဓမူလစက္ကဝါရကို ဆက်ဟောပါ။ သုဒ္ဓခန္ဓမူလစက္ကဝါရ၌ ကွက်လပ်ကို ချန်၍ မူလီလေးပါးစီ သွင်းဟောပါ။

http://www.dhammadownload.com

နယစသည်ရေတွက်ပုံ

အမည်	ပဒသောဓန	တံမူလစက္က	သုဒ္ဓခန္ဓ	တံမူလစက္က	သင်္ချာနှင့်အမည်
နယ	၁	+ ၁	+ ၁	+ ၁	= ၄ - ဝါရ
	× ၂	၂	၂	၂	
	၂	+ ၂၀	+ ၂	+ ၂	= ၈ - နယ
ယမက	× ၅	၂	၅	၂၀	
	၁၀	+ ၄၀	+ ၁၀	+ ၄၀	= ၁၀၀ - ယမက
ပုစ္ဆာ	× ၂	၂	၂	၂	
	၂၀	+ ၈၀	+ ၂၀	+ ၈၀	= ၂၀၀ - ပုစ္ဆာ
အတ္ထ	× ၂	၂	၂	၂	
	၄၀	+ ၁၆၀	+ ၄၀	+ ၁၆၀	= ၄၀၀ - အတ္ထ

ပဏ္ဏတ္တိဝါရနိဒ္ဒေသ

ပဏ္ဏတ္တိဝါရ၌ ပရမတ္ထတရား (၄) ပါးနှင့် ပညတ်ကို ဟောသည်။

ပဒသောဓနဝါရ

ရူပက္ခန္ဓ ယမက

သရူပတရား	ရူ	ရူပက္ခန္ဓော	ဝိဘင်-ဌာန
ပိယရူပ်၊ သာတရူပ်	။		ပိယရူပံ၊ သာတရူပံ
ရူပက္ခန္ဓာ	။	။	ရူပက္ခန္ဓော
လောကုတ် ၈၊ စေ ၃၆၊ နိဗ္ဗာန်၊ ပညတ်			ရူပဥ္စ ရူပက္ခန္ဓဉ္စ ဌပေတွာ အဝသေသာ

http://www.dhammadownload.com

ဝိဘင်းထုတ်ပုံ

အနုလုံ

အနုလောမ။ ။ ရူပံ ရူပက္ခန္ဓောတိ ပိယရူပံ သာတ ရူပံ ရူပံ နရူပက္ခန္ဓော။ ရူပက္ခန္ဓော ရူပဥ္စေဝ ရူပက္ခန္ဓောစ။

ပဋိလောမ။ ။ ရူပက္ခန္ဓော ရူပန္တိ၊ အာမန္တာ။

ပစ္စနိက်

အနုလောမ။ ။ နရူပံ နရူပက္ခန္ဓောတိ၊ အာမန္တာ။

ပဋိလောမ။ ။ နရူပက္ခန္ဓော နရူပန္တိ ပိယရူပံ သာတရူပံ နရူပက္ခန္ဓော, ရူပံ၊ ရူပဥ္စ ရူပက္ခန္ဓဥ္စ ဌပေတွာ အဝသေသာ၊ နစေဝရူပံ နစရူပက္ခန္ဓော။

အနက်ပေးပုံ

အနုလုံ

အနုလောမ။ ။ ရူပံ-ရုပ်မည်၏။ ရူပံက္ခန္ဓော-ရူပက္ခန္ဓာ မည်သလော၊ ဣတိပုစ္ဆယံ-ဤသို့သော အမေးသည်၊ သတိ-သော်၊ ပိယရူပံ-ပိယရုပ်သည်၊ သာတရူပံ-သာတရုပ်သည်၊ ရူပံ-ရုပ်မည်၏၊ နရူပက္ခန္ဓော-ရူပက္ခန္ဓာ မမည်၊ ရူပက္ခန္ဓော-သည်၊ ရူပဥ္စေဝ-ရုပ်လည်းမည်၏၊ ရူပက္ခန္ဓောစ-ရူပက္ခန္ဓာလည်း မည်၏၊ ဣတိဝိဿဇ္ဇနာ-ဤသို့ဖြေတော်မူသည်၊ ဟောတိ-ဖြစ်၏။

ပဋိလောမ။ ။ ရူပက္ခန္ဓော-ရူပက္ခန္ဓာ မည်၏၊ ရူပံ-ရုပ်မည်သလော၊ ဣတိပုစ္ဆာယံ-ဤသို့သော အမေးတော်သည်၊ သတိ-ရှိသော်၊ အာမန္တာ-ရူပက္ခန္ဓာမည်သောတရားသည် ရုပ်မည်၏၊ ဣတိဝိဿဇ္ဇနာ-သည်၊ ဟောတိ-ဖြစ်၏။

http://www.dhammadownload.com

ပစ္စနိက်

အနုလောမ။ ။ နရူပံ-ရုပ်မမည်၊ နရူပက္ခန္ဓော-ရူပက္ခန္ဓာမမည်သလော၊ ဣတိပုစ္ဆာယံ-ဤသို့သော အမေးတော်သည်၊ သတိ-ရှိသော်၊ အာမန္တာ-ရုပ်မမည်သောတရားသည် ရူပက္ခန္ဓာမမည်၊ ဣတိဝိဿဇ္ဇနာ-သည်၊ ဟောတိ-ဖြစ်၏။

ပဋိလောမ။ ။ နရူပက္ခန္ဓော-ရူပက္ခန္ဓာမမည်၊ နရူပံ-ရုပ်မမည်သလော၊ ဣတိပုစ္ဆာယံ-သည်၊ သတိ-သော်၊ ပိယရူပံ-ပိယရုပ်သည်၊ သာတရူပံ-သာတရုပ်သည်၊ နရူပက္ခန္ဓော-ရူပက္ခန္ဓာ မမည်၊ ရူပံ-ရုပ်သော်ကား မည်၏၊ ရူပဥ္စ-ကိုင်း၊ ရူပက္ခန္ဓဥ္စ-ကိုင်း၊ ထပေတွာ-၍၊ အဝသေသာ-တို့သည် နစေဝရူပံ- ရုပ်လည်းမမည်၊ နစရူပက္ခန္ဓော-ရူပက္ခန္ဓာလည်းမမည်။

အရကောက်ပုံ

အနုလုံ

အနုလောမ။ ။ ရူပံ ရူပက္ခန္ဓောဟူ၍ ဟောတော်မူအပ်သော အနုလုံ အနုလောမပုစ္ဆာ၌ ရုပ်ဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား တဏှာ၏အာရုံဖြစ်သောချစ်အပ်သာယာအပ်သော လောကီစိတ် ကောသိတိ၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ ဟုဆိုအပ်သော အပေါင်းဖြစ်သော ပိယရုပ်၊ သာတရုပ်ရ၏၊ ရုပ္ပနလက္ခဏာရှိသော အစိတ်ဖြစ်သော ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ရူပ က္ခန္ဓာလည်း ရ၏။

တစ်နည်း။ ။ တဏှာ၏အာရုံဖြစ်ထိုက်သောချစ်အပ်သာယာအပ်သော လောကီစိတ်ကောသိတိ၊ စေတသိက်ဒွေပညာသ ဟုဆိုအပ်သော ပိယရုပ် သာတရုပ်ရ၏။

ရုပ္ပနလက္ခဏာရှိသော ရုပ်အဋ္ဌဝီသဟု ဆိုအပ်သောရူပက္ခန္ဓာလည်းရ၏။ ရူပက္ခန္ဓာဟူသော သံသယ ပုဒ်၏အရကား ရုပ္ပနလက္ခဏာရှိသော အစိတ်ဖြစ်သော ရုပ်အဋ္ဌဝီသ ဟုဆိုအပ်သော ရူပက္ခန္ဓာ သာရ၏။

ပဋိလောမ။ ။ ရူပက္ခန္ဓောရူပံ ဟူ၍ဟောတော်မူအပ်သောအနုလုံပဋိလောမပုစ္ဆာ၌ ရူပက္ခန္ဓော ဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား ရူပက္ခန္ဓာရ၏၊ သံသယဂင်းရ၏။

http://www.dhammadownload.com

ပစ္စနိက်

အနုလောမ။ ။ နရူပံ နရူပက္ခန္ဓောဟူ၍ဟောတော်မူအပ်သော ပစ္စနိက် အနုလောမ ပုစ္ဆာ၌ နရူပံဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား လောကုတ္တရာစိတ် ရှစ်ခု၊ စေတသိက်ဆတ္တိံသ နိဗ္ဗာန် ပညတ်ရ၏၊ သံသယဒင်းရ၏။

ပဋိလောမ။ ။ နရူပက္ခန္ဓော နရူပံ ဟူ၍ ဟောတော်မူအပ်သော ပစ္စနိက် ပဋိလောမပုစ္ဆာ၌"နရူပက္ခန္ဓော" ဟူသောသန္နိဋ္ဌာန်ပုဒ်၏အရကား တဏှာ၏အာရုံဖြစ်သော ချစ်အပ်သာယာအပ်သော လောကီစိတ်ကောသီတိ၊ စေတသိက်၊ ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ ဟုဆိုအပ်သော အပေါင်းဖြစ်သော ပိယရုပ် သာတရုပ်ရ၏။

တစ်နည်းကား။ ။ တဏှာ၏အာရုံဖြစ်ထိုက်သော ချစ်အပ်သာယာအပ်သော လောကီစိတ်ကောသီတိ၊ စေတသိက် ဒွေပညာသဟုဆိုအပ်သော ပိယရုပ် သာတရုပ်ရ၏။ လောကုတ္တရာစိတ် ၈ ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်၊ ပညတ်လည်းရ၏။ သံသယကား နောက်သာရ၏။

ဝေဒနာက္ခန္ဓယမက

သရူပတရား	ဝေဒနာ	ဝေဒနာက္ခန္ဓော	ဝိဘင်-ဌာန
ဝေဒနာစေတသိက်ဟု ဆိုအပ်သော ဝေဒနာက္ခန္ဓာ	။	။	အာမန္တာ
။ မှတပါး ခန္ဓာ ၄ ပါး နိဗ္ဗာန် ပညတ်			အာမန္တာ

ဝိညာဏက္ခန္ဓယမက

သရူပတရား	ဝိညာဏံ	ဝိညာဏက္ခန္ဓော	ဝိဘင်-ဌာန
စိတ် ၈၉ ဟု ဆိုအပ်သော ဝိညာဏက္ခန္ဓာ	။	။	အာမန္တာ
။ မှတပါး ခန္ဓာ ၄ ပါး နိဗ္ဗာန် ပညတ်			အာမန္တာ

http://www.dhammadownload.com

သညာကန္ဒယမက

သရုပတရား	သညာ	သညာက္ခန္ဓော	ဝိဘင်-ဌာန
ဒိဋ္ဌိ စေတသိက်ဟု ဆိုအပ်သော သညာ	॥		ဒိဋ္ဌိ-သညာ
သဉ္ဇာနနလက္ခဏာရှိသော သညာက္ခန္ဓာ	॥	॥	သညာက္ခန္ဓော
ဒိဋ္ဌိသညာသညာက္ခန္ဓာမှတစ်ပါး ခန္ဓာ ၄, နိ, ပညတ်			သညဥ္စ၊ သညာက္ခန္ဓဥ္စ ဌပေတွာအဝသေသာ

သင်္ခါရက္ခန္ဓ ယမက

သရုပတရား	သင်	သင်ခန်	ဝိဘင်-ဌာန
စိတ်တစ်ခုယုတ် ၉၀ ဝေဒနာ၊ သညာ၊ ရုပ်အဌဝိသ	॥		သခါရက္ခန္ဓံဌပေတွာ အဝသေသာ
သခါရက္ခန္ဓာငါးဆယ်	॥	॥	သခါရက္ခန္ဓော
နိဗ္ဗာန် ပညတ်			သခါရေစသခါရက္ခန္ဓဥ္စ ဌပေတွာအဝသေသာ

ပဒသောဓနေ မူလစက္ကဝါရ

အမှာ။ ॥ ဤဝါရ၌ အနုလုံ ပစ္စနိက်နှစ်မျိုးလုံးမှာ အနုလောမအားလုံးသည်ပဒသောဓနေအနုလောမဝါရနှင့်တူ၏။ ထို့ကြောင့်ပဋိလောမကိုသာပြမည်။

http://www.dhammadownload.com

ဝေဒနာက္ခန္ဓမူလီ၊ ရူပက္ခန္ဓယမကပဋိလောမ

သရုပတရား	ခန္ဓာ	ဝေဒနာက္ခန္ဓော	ဝိဘင်္ဂ-ဌာန
ဝေဒနာက္ခန္ဓာမှတစ်ပါးခန္ဓာ ၄ ပါး	။		အဝသေသာ
ဝေဒနာက္ခန္ဓာ	။	။	ဝေဒနာက္ခန္ဓော
နိဗ္ဗာန်၊ ပညတ်			အာမန္တာ

မှတ်ချက်။ ။ ကျန်မူလီများကိုဤနည်းအတိုင်းဟောပါ။

⇔⇔⇔⇔⇔⇔⇔⇔⇔⇔

သုဒ္ဓခန္ဓဝါရ

ဤဝါရ၌ ပဋိလောမဟူသမျှသည် ရှေ့ပဒသောဓနမူလစက္ကဝါရ ပဋိလောမနှင့်တူကြ၏။ ထို့ကြောင့် အနုလောမကိုသာပြမည်။

ရူပက္ခန္ဓယမက အနုလောမ

သရုပတရား	ရူပံ	ခန္ဓော	ဝိဘင်္ဂ-ဌာန
တဏှာ၏အာရုံ . . . ကိ ၈၁ စေ ၅၂၊ ရုပ် ၂၈	။	။	အာမန္တာ
လောကုတ် ၈၊ စေ ၃၆		။	ရူပံထပေတွာအဝသေသာခန္ဓာ
နိဗ္ဗာန် ပညတ်			ရူပဥ္စခန္ဓေစထပေတွာ အဝသေသာ

http://www.dhammadownload.com

အနုလုံ၊ အနုလောမ။ ။ ရူပံ ခန္ဓောတိ၊ အာမန္တာ။

ပစ္စနိက်၊ အနုလောမ။ ။ နရူပံ နခန္ဓောတိ ရူပံထပေတွာ အဝသေသာ ခန္ဓာ နရူပံ၊ ခန္ဓာ ရူပဥ္စ ခန္ဓေစထပေတွာ အဝသေသာ နစေဝရူပံ နစခန္ဓာ။

အရကောက်။ ။ အနုလုံ အနုလောမ ပုစ္ဆာ၌ သန္နိဋ္ဌာန်ပုဒ်၏ အရကား တဏှာ၏ အာရုံဖြစ်သော ချစ်အပ် သာယာအပ်သော လောကီစိတ် စေကောသိတ်၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသရ၏၊ သံသယ ဂှင်းရ၏။

ပစ္စနိက် အနုလောမပုစ္ဆာ၌ သန္နိဋ္ဌာန်ပုဒ်၏အရကား လောကုတ္တရာစိတ် ၈ ခု၊ စေတသိက် ဆတ္တိံသရ၏ နိဗ္ဗာန်၊ ပညတ်လည်း ရ၏၊ သံသယကား နောက်သာရ၏။

ဝေဒနာက္ခန္ဓ ယမက အနုလောမ

သရူပတရား	ဝေဒနာ	ခန္ဓော	ဝိဘင်္ဂ-ဌာန
ဝေဒနာက္ခန္ဓာ	။	။	အာမန္တာ
။ မှတစ်ပါး ခန္ဓာ ၄ ပါး		။	ဝေဒနံထပေတွာအဝသေသာခန္ဓာ
နိဗ္ဗာန်၊ ပညတ်			ဝေဒနဥ္စခန္ဓေစထပေတွာအဝသေသာ

သညာက္ခန္ဓ ယမက အနုလောမ

သရူပတရား	သညာ	ခန္ဓော	ဝိဘင်္ဂ-ဌာန
ဒိဋ္ဌိသညာ, သညာက္ခန္ဓာ	။	။	အာမန္တာ
။ မှတစ်ပါး ခန္ဓာ ၄ ပါး		။	သညံထပေတွာ . . . သာခန္ဓာ
နိဗ္ဗာန်၊ ပညတ်			သညဥ္စခန္ဓေစ . . . သေသာ

http://www.dhammadownload.com

သင်္ခါရက္ခန္ဓ ယမက အနုလောမ

သရုပတရား	သင်္ခါရာ	ခန္ဓာ	ဝိဘင်-ဌာန
စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈	॥	॥	အာမန္တာ
နိဗ္ဗာန်၊ ပညတ်			အာမန္တာ

ဝိညာဏက္ခန္ဓ ယမက အနုလောမ

သရုပတရား	ဝိညာဏံ	ခန္ဓာ	ဝိဘင်-ဌာန
ဝိညာဏက္ခန္ဓာ	॥	॥	အာမန္တာ
ဝိညာဏက္ခန္ဓာမှတစ်ပါး ခန္ဓာ ၄ ပါး		॥	ဝိညာဏံ ဌပေတွာ အဝသေသာခန္ဓာ
နိဗ္ဗာန်၊ ပညတ်			ဝိညာဏဥ္စ ခန္ဓေစ- အဝသေသာ

သုဒ္ဓခန္ဓမူလစက္ကဝါရ

ဤဝါရ၌အနုလောမသည် သုဒ္ဓခန္ဓဝါရ အနုလောမနှင့်တူ၏။ ပဋိလောမသည် ပဒသောဓနမူလစက္ကဝါရ ပဋိလောမနှင့်တူ၏။

ပဏ္ဏတ္တိဝါရ ပြီး၏။

◆◆◆◆◆◆◆◆◆◆◆

http://www.dhammadownload.com

ခန္ဓယမိုက်

ပဝတ္တိဝါရ

အခြေခံသရုပ်ခွဲပုံ

ဘုံ ၃ မျိုး

၃၁ ဘုံကို ခန္ဓာအားလျော်စွာ အောက်ပါအတိုင်း သုံးမျိုးခွဲရမည်။

(၁) နာမက္ခန္ဓာ ၄ ပါး၏ သာဖြစ်ရာဖြစ်သော အရူပ ၄ ဘုံ။
(၂) ခန္ဓာ ၅ ပါး၏ ဖြစ်ရာဖြစ်သော ပဉ္စဝေါကာရ ၂၆ ဘုံ။
(၃) ရူပက္ခန္ဓာ၏ သာဖြစ်ရာဖြစ်သော အသညသတ်ဘုံ။

ပုဂ္ဂိုလ် ၁၂ ယောက်

(၁) ပုထုဇဉ်ပုဂ္ဂိုလ် ၄ ယောက်။
(၂) မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄ ယောက်။
(၃) ဖလဋ္ဌာန်ပုဂ္ဂိုလ် ၄ ယောက်။

ဤသို့ပုဂ္ဂိုလ် တစ်ဆယ့်နှစ်ယောက်ပြား၏။ ထိုတွင်မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်သည် ပဋိသန္ဓေနေခြင်း၊ စုတေခြင်းမရှိသောကြောင့် ပဝတ္တိဝါရ၌ ယင်းမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကို မဟော၊ ပုထုဇဉ် လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့ကိုသာဟော၏။

ပဋိသန္ဓေ စုတိတို့ဖြင့် ပုဂ္ဂိုလ်ခွဲဝေပုံ

(၁) မဂ်ပုဂ္ဂိုလ်လေးယောက်တို့သည် ပဋိသန္ဓေလည်း မနေနိုင်၊ စုတေလည်း မစုတေနိုင်ကြချေ။
(၂) အလုံးစုံသောရဟန္တာပုဂ္ဂိုလ်တို့သည် စုတေရုံသာ စုတေနိုင်ကြ၏။ ပဋိသန္ဓေမူကား မနေနိုင်ကြ။
နာမဝဝတ္ထာန်။ ။ စက္ခုဓာတု၊ သောတဓာတု၊ ဃာနဓာတု၊ ဇိဝှာဓာတု၊ ကာယဓာတု၊ ရူပဓာတု၊ သဒ္ဒဓာတု၊ ဂန္ဓဓာတု၊ ရသဓာတု၊ ဖောဋ္ဌဗ္ဗဓာတု၊ စက္ခုဝိညာဏဓာတု၊ သောတဝိညာဏဓာတု၊ ဃာနဝိညာဏဓာတု၊ ဇိဝှာဝိညာဏဓာတု၊ ကာယဝိညာဏဓာတု၊ မနောဓာတု၊ မနောဝိညာဏဓာတု၊ ဓမ္မဓာတု။

နယစသည်ရေတွက်ပုံ

အမည်	ပဒသောဓန	တံမူလစက္က	သုဒ္ဓဓါတု	တံမူလစက္က	အပေါင်းသင်္ချာနှင့် အမည်
နယ	၁	+ ၁	+ ၁	+ ၁	= ၄ - ဝါရ
	× ၂	၂	၂	၂	
	၂	+ ၂	+ ၂	+ ၂	= ၈ - နယ
ယမက	× ၁၈	၃၀၆	၁၈	၃၀၆	
	၃၆	+ ၆၁၂	+ ၃၆	+ ၆၁၂	= ၁၂၉၆ - ယမက
ပုစ္ဆာ	× ၂	၂	၂	၂	
	၇၂	+ ၁၂၂၄	+ ၇၂	+ ၁၂၂၄	= ၂၅၉၂ - ပုစ္ဆာ
အတ္ထ	× ၂	၂	၂	၂	
	၁၄၄	+ ၂၄၄၈	+ ၁၄၄	+ ၂၄၄၈	= ၅၁၈၄ - အတ္ထ

http://www.dhammadownload.com

ကံမူလစတ္တဝါရများ၌ ယမက၏မြှောက်ကိန်း (၃၀၆) ဖြစ်ရခြင်းမှာ မူပေါင်း (၁၈) ခုတွင် တစ်ခုတစ်ခု၌ မူလီပေါင်း ၁၇ ပါးစီရှိကြ၏။ သို့ဖြစ်၍ (၁၈ × ၁၇ × = လီ) ယမကပေါင်း (၃၀၆) ပါးရှိသောကြောင့်ပင်ဖြစ်ပါသည်။ နည်းမှီ၍ ပဝတ္တိဝါရ စသည်ကိုလည်း တွက်ကြည့်သင့်၏။

ဓာတုယမက-ပဏ္ဏတ္တိဝါရ

နိဒ္ဒေသ

မှတ်ချက်။ ။ ရုပ်ဓာတ်ဆိုင်ရာယမက ၁၀ ပါးကို အာယတနယမကအတိုင်းဟောပါ။ ကောက်ပါ။

စက္ခုဝိညာဏဓာတုယမက စသည်

စက္ခုဝိညာဏဓါတ် စသော ငါးပါး၌ အပြားမရှိ။ အာမန္တာချည်းထုတ်ပါ။

အနုလုံ၌။ ။ နှစ်ဘက်ရကို စက္ခုဝိညာဏဓါတ်ရ၏ စသည်ဖြင့် ကောက်ပါ။

ပစ္စနိက်၌။ ။ နှစ်ဘက်ရကို စက္ခုဝိညာဏဓါတ်မှတစ်ပါး၊ ဓါတ် (၁၇) ပါး၊ ပညတ်ရ၏ စသည်ဖြင့် ကောက်ပါ။

မနောဓာတုယမက

မမ္ဗဝိဘာဂ	ဓမ္မ	ဓမ္မဓေဝိ	ဝိဘင်္ဂဌာန
မနောဓါတ် ၃ ခု	။	။	မနောဓာတု
။ မှတစ်ပါးစိတ် ၈၆ ခု	။		မနောဓာတုံ၊ ထပေတွာ အဝသေသော
စေ ၅၂၊ ရုပ် ၂၈၊ နိ၊ ပညတ်			မနဥ္စ မနောဓာတုဥ္စ ထပေတွာ

မနောဝိညာဏဓာတုယမက

မနောဝိညာဏဓာတုယမက၌ အပြားမရှိ။ အာမန္တာ ချည်းထုတ်ပါ။

ပဏ္ဏတ္တိဝါရပြီး၏။

http://www.dhammadownload.com

ဓာတုယမက

ပဝတ္တိဝါရ

သဒ္ဒဓါတ်၊ ဆဝိညာဏဓါတ်တို့ကို ပဝတ္တိဝါရ၌ မဟော။ အကြောင်းကား ပဋိသန္ဓေ အခါတို့၌ မဖြစ်သောကြောင့်တည်း။

အမှာ။ ။ ပရိညာဝါရလည်း ခန္ဓယမိုက်အတိုင်းပင်ဖြစ်၏။

ဓာတုယမိုက်ပြီး၏။

သစ္စယမက

ပဏ္ဏတ္တိဝါရ – ဥဒ္ဒေသ

သစ္စုဒ္ဒေသ။ ။ စတ္တာရိ သစ္စာနိ။

နာမဝဝတ္ထာန်။ ။ ဒုက္ခသစ္စံ သမုဒယသစ္စံ နိရောဓ သစ္စံ မဂ္ဂသစ္စံ။

အမည်	ပဒသောဓန	တံမူလစက္က	သုဒ္ဓသစ္စ	တံမူလစက္က	အပေါင်းသချာနှင့် အမည်
နယ	၁	+ ၁	+ ၁	+ ၁	= ၄ - ဝါရ
	× ၂	၂	၂	၂	
	၂	+ ၂	+ ၂	+ ၂	= ၈ - နယ
ယမက	× ၄	၁၂	၄	၁၂	
	၈	+ ၂၄	+ ၈	+ ၂၄	= ၆၄ - ယမက
ပုစ္ဆာ	× ၂	၂	၂	၂	
	၁၆	+ ၄၈	+ ၁၆	+ ၄၈	= ၁၂၈ - ပုစ္ဆာ
အတ္ထ	× ၂	၂	၂	၂	
	၃၂	+ ၉၆	+ ၃၂	+ ၉၆	= ၂၅၆ - အတ္ထ

http://www.dhammadownload.com

မူရေတွက်ပုံ။ ။ ပဒသောဓနမူလစက္ကဝါရ၌ "အနုလုံမှာ မူ ၄ ခု၊ ပစ္စနိက်မှာ မူ ၄ ခု၊ အားဖြင့် မူပေါင်း ၈ ခုရှိ၏။ ထို့အတူ သုဒ္ဓစက္ကမူလစက္ကဝါရ၌လည်း ၈ ခုပင်ရှိ၏။ နှစ်ရပ်ပေါင်းက မူ ၁၆ ခုဖြစ်၏။ ခန္ဓ" အာယတန စသည်တို့၌လည်း နည်းတူပင်တွက်ကြည့်ပါ။

ပဒသောဓနဝါရ

ဒုက္ခသစ္စယမက

ဓမ္မဝိဘာဂ	ဒုက္ခံ	ဒုက္ခသစ္စံ	ဝိဘင်္ဂဌာန
ကာယိကဒုက္ခ စေတသိကဒုက္ခ	။	။	ကာယိကဒုက္ခံ စေတသိကဒုက္ခံ
ကာယိကဒုက္ခ၊ စေတသိကဒုက္ခမှ တစ်ပါးသော ဒုက္ခသစ္စာ		။	ကာယိကဒုက္ခံ၊ စေတသိက ဒုက္ခံ ထပေတွာ အဝသေသံ
ဒုက္ခ၊ ဒုက္ခသစ္စာမှတစ်ပါး သစ္စာ ၃ ပါး သစ္စဝိမုတ်၊ ပညတ်			ဒုက္ခဉ္စ၊ ဒုက္ခသစ္စဉ္စ ထပေတွာ အဝသေသံ

ပ - အရကောက်။ ။ ဒုက္ခသဟူ၍ "ကာယဝိညာဉ်၌ရှိသော ဝေဒနာ" ဟုဆိုအပ်သော ကာယိကဒုက္ခ၊ "ဒေါသမူဒွေး၌ရှိသော ဝေဒနာ" ဟုဆိုအပ်သော စေတသိကဒုက္ခ။

ဒု - အရကောက်။ ။ လောကီစိတ် ကောသီတိ "တဏှာ၊ ကာယိကဒုက္ခ၊ စေတသိကဒုက္ခမှတစ်ပါး စေတသိက်ကေပညာသ က္ကန္ဒြိယဗဒ္ဓရုပ် နှစ်ဆယ့်ရှစ်ခု။

တ - အရကောက်။ ။ ကာယိကဒုက္ခ၊ စေတသိကဒုက္ခ၊ ဒုက္ခသစ္စာမှတစ်ပါး သစ္စာ သုံးပါး သစ္စဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ် နှစ်ဆယ့်ကိုးခု၊ ဖိုလ်စိတ္တုပ္ပါဒ် သုံးဆယ့်ခုနစ်ခု၊ အနိန္ဒြိယဗဒ္ဓဖြစ်သော ဥတုဇကလာပ် နှစ်ခု, ပညတ်။

http://www.dhammadownload.com

သမုဒယသစ္စယမက

မမ္မဝိဘာဂ	သမုဒယော	သမုဒယသစ္စံ	ဝိဘင်္ဂဋ္ဌာန
တဏှာ ဟုဆိုအပ်သော သမုဒယသစ္စာ	॥	॥	သမုဒယသစ္စံ
သမုဒယသာမည	॥		သ . . တွာ အဝသေသော
သမုဒယ သာမည, သမုဒယသစ္စာ မှတစ်ပါး သစ္စာ ၃ ပါး . . . ပညတ်			သမုဒယဥ္စ သမုဒယသစ္စဥ္စ ထပေတွာ အဝသေသော

ဒု - အရကောက်။ ॥ တဏှာမှတစ်ပါးသော ကိလေသာ ကိုးပါး၊ ထိုကိလေသာ ကိုးပါးနှင့် တကွဖြစ်သော အကုသိုလ် ဒွါဒသစိတ္တုပ္ပါဒ်၊ ထိုအကုသိုလ်စိတ္တုပ္ပါဒ်၏ အာရုံ ဖြစ်သော လောကီကုသိုလ် စိတ္တုပ္ပါဒ် ဟုဆိုအပ်သော သမုဒယသာမည။

နိရောဓသစ္စယမက

မမ္မဝိဘာဂ	နိရောဓော	နိရောဓသစ္စံ	ဝိဘင်္ဂဋ္ဌာန
နိဗ္ဗာန် ဟုဆိုအပ်သော နိရောဓသစ္စာ	॥	॥	နိရောဓသစ္စံ
နိရောဓသာမည	॥		နိရောဓသစ္စံ ထပေတွာ အဝသေသော
နိရောဓသာမည, နိရောဓသစ္စာ မှတစ်ပါး သစ္စာ ၃ ပါး . . . ပညတ်			နိရောဓဥ္စ နိရောဓသစ္စဥ္စ ထပေတွာ အဝသေသော

http://www.dhammadownload.com

ဒု - အရကောက်။ ။ ကာမကုသိုလ်သည် ပယ်အပ်သော "ကိလေသာ၏ အဘာဝ ဟုဆိုအပ်သော တဒင်္ဂနိရောဓ၊ မဟဂ္ဂုတ်ကုသိုလ်သည် ပယ်အပ်သော နီဝရဏ၏ အဘာဝဟုဆိုအပ်သော ဝိက္ခမ္ဘနနိရောဓ၊ မဂ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝဟု ဆိုအပ်သော သမုစ္ဆေဒနိရောဓ၊ ဖိုလ်သည် ပယ်အပ်သော ကိလေသာ၏ အဘာဝဟု ဆိုအပ်သော ပဋိပ္ပဿဒ္ဓိနိရောဓ၊ စိတ်စေတသိက်တို့၏ ဘင်ဟုဆိုအပ်သော ခဏနိရောဓ အစရှိသော နိရောဓ သာမည ရ၏။

မဂ္ဂသစ္စယမက

ဓမ္မဝိဘာဂ	[illegible]	[illegible]	ဝိဘင်္ဂဌာန
မဂ္ဂသစ္စာ	။	။	မဂ္ဂသစ္စံ
မဂ္ဂသာမည	။		မဂ္ဂသစ္စံ ထပေတွာ အဝသေသော
မဂ္ဂ သာမည, မဂ္ဂသစ္စာ မှတစ်ပါး သစ္စာ ၃ ပါး . . . ပညတ်			မဂ္ဂဉ္စ မဂ္ဂသစ္စဉ္စ ထပေတွာ အဝသေသော

ပ - အရကောက်။ ။ မဂ်စိတ် လေးခု၌ရှိသော မဂ္ဂင်တရား ကိုယ် ရှစ်ပါး ဟုဆိုအပ်သော မဂ္ဂသစ္စာ။

ဒု - အရကောက်။ ။ သဟိတ်ကာမာဝစရ ဝိပါက်ကြိယာ၊ မဟဂ္ဂုတ်စိတ်၌ရှိသော ပဉ္စင်္ဂိကမဂ်၊ မဟာကုသိုလ်စိတ်ရှစ်ခု၌ရှိသော အဋ္ဌင်္ဂိကမဂ်၊ ဖိုလ်လေးခု၌ ရှိသော အဋ္ဌင်္ဂိကမဂ်၊ မိစ္ဆာမဂ်၊ ဇယ်မဂ်၊ သကဋမဂ် အစရှိသော မဂ္ဂသာမည ရ၏။

ပဒသောဓန မူလစက္ကဝါရ

အမှာ။ ။ ပဒသောဓန မူလစက္ကဝါရ၌ အနုလောမသည် ပဒသောဓနဝါရ အနုလောမနှင့် တူ၏။ ထို့ကြောင့် ပဋိလောမကိုသာပြမည်။ (ပစ္စနိက်၌ ဝိဘင်းလှည့်မရ)။

http://www.dhammadownload.com

ဒုက္ခမူ သမုဒယမူလီ (ပဋိလောမ)

ဓမ္မဝိဘာဂ	သစ္စာ	သမုဒယသစ္စာ	ဝိဘင်္ဂဌာန
သမုဒယသစ္စာ	။	။	သမုဒယသစ္စံ
သမုဒယသစ္စာမှတစ်ပါး သစ္စာ ၃ ပါး	။		အဝသေသာ
သစ္စဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ် ၂၉ ခု၊ ဖိုလ်စိတ္တုပါဒ် ၃၇, ပညတ်			အာမန္တာ

တ - အရကောက်။ ။ သစ္စဝိမုတ်ဖြစ်သော မဂ်စိတ္တုပ္ပါဒ် နှစ်ဆယ့်ကိုးခု၊ ဖိုလ်စိတ္တုပ္ပါဒ် သုံးဆယ့်ခုနစ်ခု၊ အနိန္ဒြိယဗဒ္ဓ ဖြစ်သော ဥတုဇကလာပ်နှစ်ခု၊ ပညတ်**ရ၏**။

အမှာ။ ။ ကြွင်းသော မူလ၊ မူလီတို့၌လည်း မူလီဖြစ်သော သစ္စာကို ပထမဇယားကွက်၌ထား၊ ယင်းကို အပါဒါန်ခံ၍ ကျန်သစ္စာ ၃ ပါးကို ဒုတိယဇယားကွက်၌ထား၊ တတိယ တရားများကို ရှိရင်းအတိုင်းပင်ထား၍ ဟောပါလေ။

သုဒ္ဓသစ္စဝါရ

အမှာ။ ။ သုဒ္ဓသစ္စဝါရ၌လည်း ပဋိလောမ ဟူသမျှသည် ပဒသောဓန မူလစက္ကဝါရ ပဋိလောမနှင့်တူ၏။ ထို့ကြောင့် အနုလောမကိုသာပြမည်။

ဒုက္ခ သစ္စယမက (အနုလောမ)

ဓမ္မဝိဘာဂ	သစ္စံ	ဒုက္ခံ	ဝိဘင်္ဂဌာန
ကာယိကဒုက္ခ၊ စေတသိကဒုက္ခ	။	။	အာမန္တာ
။ မှတစ်ပါး သစ္စာ ၄ ပါး		။	ဒုက္ခံထပေတွာ အဝသေသာ သစ္စာ
သစ္စဝိမုတ်ဖြစ်သော . . . ပညတ်			ဒုက္ခဥ္စ၊ သစ္စဥ္စ ထပေတွာအဝသေသံ

http://www.dhammadownload.com

သမုဒယသစ္စယမက (အနုလောမ)

မူလဝိဘာဂ	သမုဒယ	ဒုက္ခ	ဝိဘင်္ဂဌာန
သမုဒယသာမည၊ သမုဒယသစ္စာ	။	။	အာမန္တာ
။ မှတစ်ပါး သစ္စာ ၃ ပါး		။	သမုဒယံ . . . သစ္စာ
သစ္စဝိမုတ်ဖြစ်သော . . . ပညတ်			. . . တပေတ္တာ၊ အဝသေသာ

နိရောဓသစ္စယမက (အနုလောမ)

မူလဝိဘာဂ	နိရောဓ	ဒုက္ခ	ဝိဘင်္ဂဌာန
သစ္စာထိုက်သောနိရောဓသာမည၊ နိရောဓသစ္စာ	။	။	အာမန္တာ
။ မှတစ်ပါး သစ္စာ ၃ ပါး		။	နိရောဓံတပေတ္တာ၊ အဝသေသာသစ္စာ
သစ္စဝိမုတ်ဖြစ်သော . . . ပညတ်			. . . တပေတ္တာ၊ အဝသေသာ

မဂ္ဂသစ္စယမက (အနုလောမ)

မူလဝိဘာဂ	မဂ်	ဒုက္ခ	ဝိဘင်္ဂဌာန
သစ္စာထိုက်သော မဂ္ဂသာမည မဂ္ဂသစ္စာ	။	။	အာမန္တာ
။ မှတစ်ပါး သစ္စာ ၃ ပါး		။	မဂ္ဂသစ္စံထပေတ္တာ အဝသေသာသစ္စာ
သစ္စဝိမုတ်ဖြစ်သော . . . ပညတ်			. . . ထပေတ္တာ အဝသေသာ

http://www.dhammadownload.com

သစ္စယမိုက်

ပဝတ္တိဝါရ

အခြေခံမှတ်ဖွယ်

၁။ ဤပဝတ္တိဝါရ၌ နိရောဓသစ္စာကို မဟောပါ။
ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ ၃ ပါးတို့ကိုသာ ဟောသည်။

၂။ ပုဂ္ဂိုလ် ၁၂ ယောက်ကို ဟောသည်။

၃။ သမုဒယသစ္စာ၊ မဂ္ဂသစ္စာတို့သည် ပဋိသန္ဓေအခါ၊ စုတိအခါတို့၌ မဖြစ်ကြပါ။ ပဝတ္တိအခါ၌သာ ဖြစ်ကြ၏။ ဒုက္ခသစ္စာမူကား ပဋိသန္ဓေအခါ၊ စုတိအခါ၊ ပဝတ္တိအခါတို့၌ ဖြစ်၏။

၄။ ဤသစ္စယမိုက် ပဝတ္တိဝါရ၌ ပဋိသန္ဓေ၊ စုတိ၊ ပဝတ္တိ ၃ မျိုးလုံးကို ဟောသည်။

ပုဂ္ဂလဘေဒ ပိုင်းခြားပြ

အနမတဂ္ဂ . . . ဘ၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ/ဝေါ မ၊ ဖ၊ ဖ၊ ဘ . . . ပစ္ဆိမစိတ်။

အမှာ။ ။ ✻ သောတာပတ္တိမဂ္ဂဝီထိ ဖြစ်က ဂေါတြဘူ၊ အထက်မဂ္ဂဝီထိများဖြစ်က၊ ဝေါဒါန်ဟု ယထာရဟမှတ်ပါ။ မဂ္ဂဝီထိ လေးခုကို ပေါင်းပြထားပါသည်။

(၁) အစမထင်သော သံသရာမှစ၍ သောတာပတ္တိမဂ်၏ ရှေ့ဂေါတြဘူတိုင်အောင် ဖြစ်ထိုက်သမျှသော ရုပ်နာမ်ဓမ္မတို့၏ ခဏတ္တယသမင်္ဂီ အခိုက်အတန့်သည် ပုထုဇဉ်ပုဂ္ဂိုလ် မည်၏။

(၂) သောတာပတ္တိမဂ်၏ ခဏတ္တယသမင်္ဂီ အခိုက်အတန့်သည် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် မည်၏။

(၃) သောတာပတ္တိ မဂ္ဂါနန္တရဖိုလ်မှစ၍ သကဒါဂါမိမဂ်၏ ရှေ့ဝေါဒါန်တိုင်အောင် ဖြစ်ထိုက်သမျှသော ရုပ်နာမ်ဓမ္မတို့၏ ခဏတ္တယသမင်္ဂီ အခိုက်အတန့်သည် "သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်" မည်၏

(၄) သကဒါဂါမိမဂ်၏ ခဏတ္တယသမင်္ဂီ အခိုက်အတန့်သည် သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် မည်၏။

(၅) သကဒါဂါမိမဂ္ဂါနန္တရဖိုလ်မှစ၍ အနာဂါမိမဂ်၏ ရှေ့ဝေါဒါန်တိုင်အောင် ဖြစ်ထိုက်သမျှသော ရုပ်နာမ်ဓမ္မတို့၏ ခဏတ္တယသမင်္ဂီ အခိုက်အတန့်သည် သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် မည်၏။

http://www.dhammadownload.com

(၆) အနာဂါမိမဂ်၏ ခဏတ္တယသမင်္ဂီ အခိုက်အတန့်သည် အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် မည်၏။

(၇) အနာဂါမိမဂ္ဂါနန္တရဖိုလ်မှစ၍ အရဟတ္တမဂ်၏ ရှေ့ဝေါဒါန်တိုင်အောင် ဖြစ်ထိုက်သမျှသော ရုပ်၊ နာမ်၊ ခမ္ဘတို့၏ ခဏတ္တယသမင်္ဂီ အခိုက်အတန့်သည် အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် မည်၏။

(၈) အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီ အခိုက်အတန့်သည် အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် မည်၏။

(၉) အရဟတ္တ မဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင် ဖြစ်ထိုက်သမျှသော ရုပ်၊ နာမ်၊ ခမ္ဘတို့၏ ခဏတ္တယသမင်္ဂီ အခိုက်အတန့်သည် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် မည်၏။

ဒုက္ခသစ္စာ။ ။ ပဝတ္တိဝါရ၌ဟောသော သစ္စာ သုံးပါးတို့တွင် လောကီစိတ် စေတသိကတဏှာကြဉ်သော စေတသိက် ဧကပညာသ ရုပ်အဋ္ဌဝီသကို "ဒုက္ခသစ္စာ" ဟုခေါ်သည်။ ထိုဒုက္ခသစ္စာသည် ခပ်သိမ်းသော ပဋိသန္ဓေ၏ ဥပါဒ်ခဏ၊ ပဝတ္တိအခါ အရူပဘုံ၌ မဂ်ဖိုလ်မှတစ်ပါး ခပ်သိမ်းသောစိတ်တို့၏ ဥပါဒ်ခဏတို့၌ ဖြစ်ဆဲမည်၏။ ပဉ္စဝေါကာရ မဂ်စိတ် ဖိုလ်စိတ်တို့သည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်သောစိတ်များ ဖြစ်ကြ၏။ မဂ်စိတ် ဖိုလ်စိတ်တို့ ပဉ္စဝေါကာရဘုံ၌ ဥပါဒ်လာပါက စိတ္တဇရုပ်များလည်း ဧကန်ပင် ဥပါဒ်လာရဖြစ်ပေါ်လာရပေသည်။ ထိုစိတ္တဇရုပ်များလည်း ဒုက္ခသစ္စာထိုက်သော တရားများပင်ဖြစ်ကြ၏။ ထို့ကြောင့် ပဉ္စဝေါကာရ မဂ်ဖိုလ်တို့၏ ဥပါဒ်ခဏ၌ (စိတ္တဇရုပ်ဟု ဆိုအပ်သော) ဒုက္ခသစ္စာဖြစ်ဆဲရနိုင်ပေသည်။

အရူပဘုံ၌ မဂ်ဖိုလ်တို့၏ ဥပါဒ်ခဏ၌မူ ရုပ်ဖြစ်ရာဘုံဋ္ဌာနမဟုတ်သောကြောင့် စိတ္တဇရုပ်တို့ လုံးဝဖြစ်ခွင့်မရှိကြရကား ဒုက္ခသစ္စာလည်းဖြစ်ဆဲ မရနိုင်တော့ချေ။

ဤပဝတ္တိဝါရ၌ စိတ္တက္ခဏမရှိသော အသညသတ်ပုဂ္ဂိုလ်များ၏ ပဋိသန္ဓေနှင့် စုတိအကြား ပဝတ္တိအခါမှာ ဖြစ်ကြ ချုပ်ကြသော ရုပ်များကို မဟောကြားပေ။

ထို့ပြင် စိတ်နှင့် စပ်၍ဖြစ်မှုမရှိသော ဣန္ဒြိယဗဒ္ဓ (ဖြစ်သော ကမ္မဇ၊ ဥတုဇ၊ အာဟာရဇ) ရုပ်တို့ကိုလည်း မဟောပေ။ အနိန္ဒြိယဗဒ္ဓရုပ်များကိုမူ ဆိုဖွယ်ပင်မရှိပြီ။ စိတ္တဇရုပ်များကိုသော်မှလည်း ဥပ္ပါဒဝါရ၌ ဥပါဒ်ခဏ၊ နိရောဓဝါရ၌ဘင် ခဏမျှကိုသာ ဟောတော်မူသည်။

သမုဒယနှင့် မဂ္ဂ။ ။ တဏှာဟုခေါ်အပ်သော လောဘစေတသိက်သည် သမုဒယသစ္စာ မည်၏။ ထိုသမုဒယသစ္စာသည် ပဝတ္တိအခါ လောဘစိတ်တို့၏ ဥပါဒ် အခိုက်အတန့်၌သာ ဖြစ်ဆဲမည်၏။ မဂ်စိတ် လေးခု၌ရှိသော မဂ္ဂင်တရား ကိုယ် ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏။ ထိုမဂ္ဂသစ္စာသည်လည်း ပဝတ္တိအခါ မဂ်စိတ် လေးခုတို့၏ ဥပါဒ် အခိုက်အတန့်၌သာ ဖြစ်ဆဲ မည်၏။

http://www.dhammadownload.com

ပစ္စုပ္ပန္နဝါရ
အခြေခံသရုပ်ခွဲပုံ

ဤပစ္စုပ္ပန္နဝါရ၌ ၁။ ပဥ္စဝေါကာရ
၂။ အရူပ
၃။ အသညသတ်
၄။ နိရောဓသမာပတ်ဝင်စားသူ ဟူ၍ (၄) မျိုးခွဲပါ။

ပဥ္စဝေါကာရကို ၁။ ပဋိသန္ဓေအခါ (ဥပပဇ္ဇန္တ)
၂။ ပဝတ္တိအခါ
၃။ စုတိအခါ (စဝန္တ) ဟု (၃) မျိုးခွဲပါ။

အရူပကို ၁။ ပဋိသန္ဓေအခါ (ဥပပဇ္ဇန္တ)
၂။ ပဝတ္တိအခါ
၃။ စုတိအခါ (စဝန္တ) ဟု (၃) မျိုးခွဲပါ။

အသညသတ်ကို ၁။ ဥပပဇ္ဇန္တ
၂။ စဝန္တ ဟု (၂) မျိုးခွဲပါ။

ပဝတ္တိအခါ ဘုံနှင့်စိတ်ကို တွဲပြပုံ

ဘုံ	စိတ်
ပဥ္စဝေါကာရဘုံ	၈၅
စတုဝေါကာရဘုံ	၄၆

မှတ်ချက်။ ။ ပဥ္စဝေါကာရ၌ အရူပဝိပါက် ၄ ပါး မဖြစ်နိုင်။

http://www.dhammadownload.com

စတုဝေါကာရဘုံ၌ဖြစ်သော စိတ် (၄၆) ပါး

၁။	လောဘမူစိတ်	၈ ပါး
၂။	မောဟမူစိတ်	၂ ပါး
၃။	မနောဒွါရာဝဇ္ဇန်းစိတ်	၁ ပါး
၄။	မဟာကုသိုလ်စိတ်	၈ ပါး
၅။	မဟာကြိယာစိတ်	၈ ပါး
၆။	အရူပစိတ်	၁၂ ပါး
၇။	သောတာပတ္တိမဂ်ကြဉ် လောကုတ္တရာစိတ်	၇ ပါး
		၄၆ ပါး

ပဝတ္တိအခါ ပဉ္စဝေါကာရဘုံ၌ဖြစ်သော စိတ် ၈၅ ပါး

၁။	တဏှာသမ္ပယုတ်စိတ် = လောဘမူစိတ်	၈ ပါး
၂။	တဏှာဝိပ္ပယုတ်စိတ် = ကြွင်း	၇၇ ပါး
၃။	မဂ္ဂသမ္ပယုတ်စိတ် = မဂ်စိတ်	၄ ပါး
၄။	မဂ္ဂဝိပ္ပယုတ်စိတ် = ကြွင်းစိတ်	၈၁ ပါး

ပဝတ္တိအခါ စတုဝေါကာရဘုံ၌ဖြစ်သော စိတ် ၄၆ ပါး

၁။	တဏှာသမ္ပယုတ်စိတ် = လောဘမူစိတ်	၈ ပါး
၂။	တဏှာဝိပ္ပယုတ်စိတ် = ကြွင်းစိတ်	၃၈ ပါး
၃။	မဂ္ဂသမ္ပယုတ်စိတ် = အထက်မဂ်စိတ်	၃ ပါး
၄။	မဂ္ဂဝိပ္ပယုတ်စိတ် = ကြွင်းစိတ်	၄၃ ပါး

ဒုက္ခမူ, သမုဒယမူလီသရုပ်ခွဲပုံ

၁။ ပဉ္စဝေါကာရ

၂။ စတုဝေါကာရ

၃။ အသညသတ် ဟုသုံးမျိုးခွဲပါ။

http://www.dhammadownload.com

ပဋ္ဌဝေါကာရကို

၁။ ဥပပဇ္ဇန္တ
၂။ ပဝတ္တိ
၃။ စဝန္တ ဟုသုံးမျိုးခွဲပါ။

ပဋ္ဌဝေါကာရ ပဝတ္တိစိတ် ၈၅ ပါးကို

၁။ တဏှာ သမ္ပယုတ်ဖြစ်သော လောဘမူစိတ်-၈၊ စေ ၂၂၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ + ဘင်္ဂက္ခဏသမင်္ဂီ
၂။ တဏှာဝိပ္ပယုတ်စိတ်-၇၇ ခု၊ စေ ၄၉၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ + ဘင်္ဂက္ခဏသမင်္ဂီ ဟု နှစ်မျိုးခွဲပါ။

စတုဝေါကာရကို

၁။ ဥပပဇ္ဇန္တ
၂။ ပဝတ္တိ
၃။ စဝန္တ ဟုသုံးမျိုးခွဲပါ။

စတုဝေါကာရ ပဝတ္တိစိတ် ၄၆ ပါးကို

၁။ တဏှာသမ္ပယုတ်ဖြစ်သော လောဘမူစိတ် ၈၊ စေ၂၂ပါးတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ + ဘင်္ဂက္ခဏ၊
၂။ တဏှာဝိပ္ပယုတ်ဖြစ်သော စိတ် ၃၁၊ စေ ၃၈တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ + ဘင်္ဂက္ခဏသမင်္ဂီ၊
၃။ လောကုတ္တရာစိတ် ၇ ခု၊ စေ၃၆တို၏ ဥပ္ပါဒက္ခဏသမင်္ဂီ + ဘင်္ဂက္ခဏသမင်္ဂီ ဟုသုံးမျိုးခွဲပါ။

အသညသတ်ကို

၁။ ဥပပဇ္ဇန္တ
၂။ စဝန္တ ဟု၂ မျိုးခွဲပါ။

http://www.dhammadownload.com

မှတ်ချက်။ ။ ပဝတ္တိဝါရ၌ ဟောသော သစ္စာသုံးပါးတွင် ဒုက္ခသစ္စာတစ်ပါးသာ ပဋိသန္ဓေအခါ၊ စုတိအခါတို့၌ ဖြစ်၏၊ ထို့ကြောင့် ဒုက္ခသစ္စာမူ၌သာ ပဋိသန္ဓေ၊ စုတိ၊ ပဝတ္တိ သုံးမျိုးခွဲ၍ ဟောတော်မူ၏။ သမုဒယသစ္စာမူ၌ကား ဟောတော်မမူချေ။

ထို့ပြင် စိတ္တဇရုပ်နှင့် စပ်လျဉ်း၍ စတုဝေါကာရ၊ ပဉ္စဝေါကာရတို့၌ ဒုက္ခသစ္စာဖြစ်မှု၊ မဖြစ်မှုကွဲပြားသေး၏။ ထို့ကြောင့် ဒုက္ခသစ္စာမူ၌သာ စတုဝေါကာရ၊ ပဉ္စဝေါကာရ ခွဲကောက်ရ၏။ သမုဒယသစ္စာမူ၌ကား ခွဲကောက်ရန်မလိုပေ။

ဒုက္ခသစ္စာမူ၌ အသညသတ်သည် ခပ်သိမ်းသော ဥပပဇ္ဇန္တ၊ စဝန္တတို့၌ ပါဝင်သွား၏။ နိရောဓသမာပတ်ဝင်စားသူကို ဒုက္ခသစ္စာ၌ ဟောတော်မမူချေ။ သမုဒယသစ္စာမူ၌သာ နိရောဓသမာပတ်ဝင်စားသူနှင့် အသညသတ်တို့ကို ပစ္စနိက် နှစ်ဘက်ရမှာထည့်သွင်းဟောတော်မူ၏။

အရကောက်များ

ခပ်သိမ်းသော ဥပပဇ္ဇန္တနှင့်ခပ်သိမ်းသောစဝန္တတို့ကို ခန္ဓယမိုက်အတိုင်းကောက်ပါ။

ပဉ္စဝေါကာရ တဏှာသမ္ပယုတ် ဥပ္ပါဒက္ခဏ

ပဉ္စဝေါကာရဘုံ၌ လောဘမူစိတ် ရှစ်ခု၊ စေတသိက် ဘာဝီသ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟု ဆိုအပ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက် (တို့အား ပဉ္စဝေါကာရ နှစ်ဆပ့်ခြောက်ဘုံ)။

စတုဝေါကာရ တဏှာသမ္ပယုတ်စိတ် ဥပ္ပါဒက္ခဏ

စတုဝေါကာရဘုံ၌ လောဘမူစိတ် ရှစ်ခု၊ စေတသိက် ဘာဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက် (တို့အား စတုဝေါကာရ လေးဘုံ)။

ပဉ္စဝေါကာရ တဏှာဝိပ္ပယုတ္တစိတ် ဥပ္ပါဒက္ခဏ

ပဉ္စဝေါကာရ ပဝတ္တိအခါ အရူပဝိပါက် လေးခု မှတစ်ပါး တဏှာကင်းသောစိတ် ခုနစ်ဆယ့်ခုနစ်ခု၊ လောဘ၊ ဒိဋ္ဌိ၊ မာနကြဉ်သော စေတသိက် ဧကူနပညာသ၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ ဟုဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာ ရှစ်ယောက် (တို့အား ပဉ္စဝေါကာရ နှစ်ဆယ့်ခြောက်ဘုံ)။

http://www.dhammadownload.com

စတုဝေါကာရ တဏှာဝိပ္ပယုတ္တစိတ်တို့၏ ဥပ္ပါဒက္ခဏ

စတုဝေါကာရ ပဝတ္တိအခါ မောဟမူဒွေး၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပစိတ် တစ်ဆယ့်နှစ်ခု၊ လောဘ၊ဒိဋ္ဌိ၊ မာန၊ ဒေါသ၊ ကုက္ကုစ္စ၊ မစ္ဆရိယ၊ ဝိစိကိစ္ဆာ၊ ထိန၊ မိဒ္ဓ၊ ဝိရတိ၊ အပ္ပမညာကြဉ်သော စေတသိက် အဋ္ဌတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သော တိဟိတ်ပုထုဇဉ်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက် (တို့အား အရူပ လေးဘုံ)

ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ

ပဝတ္တိအခါ ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ ဟုဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာ ရှစ်ယောက် (တို့အား စတုဝေါကာရ လေးဘုံ၊ ပဉ္စဝေါကာရ နှစ်ဆယ့်ခြောက်ဘုံ)

လောကုတ္တရာစိတ် ၇ ခု ဥပ္ပါဒက္ခဏသမင်္ဂီ

အရူပဘုံ၌ အထက်မဂ် သုံးခု၊ ဖိုလ် လေးခု၊ စေတသိက်ဆတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သော အထက်မဂ္ဂဋ္ဌာန်သုံးယောက်၊ ဖလဋ္ဌာန်လေးယောက် (တို့အား အရူပ လေးဘုံ)

ဒုက္ခမူ, မဂ္ဂမူလီသရုပ်ခွဲပုံ

၁။ ပဉ္စဝေါကာရ
၂။ စတုဝေါကာရ
၃။ အသညသတ် ဟုသုံးမျိုးခွဲပါ။

ပဉ္စဝေါကာရကို

၁။ ဥပပဇ္ဇန္တ
၂။ ပဝတ္တိ
၃။ စဝန္တ ဟုသုံးမျိုးခွဲပါ။

http://www.dhammadownload.com

ပဝတ္တိစိတ် ၈၅ ပါးကို

၁။ မဂ္ဂသမ္ပယုတ်ဖြစ်သော မဂ်စိတ် ၄ခု၊ စေ ၃၆၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏ + ဘင်္ဂက္ခဏ၊
၂။ မဂ္ဂဝိပ္ပယုတ်စိတ် ၈၁ ခု၊ စေ ၅၂၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏ + ဘင်္ဂက္ခဏ ဟု နှစ်မျိုးခွဲပါ။

စတုဝေါကာရကို

၁။ ဥပပဇ္ဇန္တ
၂။ ပဝတ္တိ
၃။ စဝန္တ ဟု သုံးမျိုးခွဲပါ။

စတုဝေါကာရ ပဝတ္တိစိတ် ၄၆ ပါးကို

၁။ မဂ္ဂသမ္ပယုတ်ဖြစ်သော အထက်မဂ်သုံးခု၊ စေ ၃၆ တို့၏ ဥပ္ပါဒက္ခဏ+ ဘင်္ဂက္ခဏ၊
၂။ မဂ္ဂဝိပ္ပယုတ်စိတ် ၃၉၊ စေ ၄၃ တို့၏ ဥပ္ပါဒက္ခဏ + ဘင်္ဂက္ခဏ၊
၃။ ဖိုလ်စိတ် ၄ ခု၊ စေ ၃၆ တို့၏ ဥပ္ပါဒက္ခဏ + ဘင်္ဂက္ခဏ ဟုသုံးမျိုးခွဲပါ။
အသညသတ်ကို ဥပပဇ္ဇန္တ + စဝန္တ ဟု ၂မျိုးခွဲပါ။

အရကောက်

ပဉ္စဝေါကာရ မဂ္ဂသမ္ပယုတ္တစိတ် ဥပ္ပါဒက္ခဏ

ပဉ္စဝေါကာရဘုံ၌ မဂ်လေးခု၊ စေတသိတ် ဆတ္တိံသ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟု ဆိုအပ်သော မဂ္ဂဋ္ဌာန်လေးယောက် (တို့အား အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်နှစ်ဘုံ)။

အရူပ မဂ္ဂသမ္ပယုတ္တစိတ် ဥပ္ပါဒက္ခဏ

အရူပဘုံ၌ အထက်မဂ် သုံးခု၊ စေတသိတ် ဆတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟု ဆိုအပ်သော အထက်မဂ္ဂဋ္ဌာန် သုံးယောက် (တို့အား အရူပ လေးဘုံ)

http://www.dhammadownload.com

ပဥ္စဝေါကာရ မဂ္ဂဝိပ္ပယုတ္တစိတ် ဥပ္ပါဒက္ခဏ

ပဥ္စဝေါကာရ ပဝတ္တိအခါ အရူပဝိပါက်လေးခု မှတစ်ပါးမင်္ဂကင်းသောစိတ်ရှစ်ဆယ့်တစ်ခု၊ စေတသိတ်ဒွေပညာသ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သောပုထုဇဉ်လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက် (တို့အား ပဥ္စဝေါကာရ နှစ်ဆယ့်ခြောက်ဘုံ)။

စတုဝေါကာရ မဂ္ဂဝိပ္ပယုတ္တစိတ် ဥပ္ပါဒက္ခဏ

စတုဝေါကာရ ပဝတ္တိအခါ လောဘမူ၊ မောဟမူ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်၊ မဟာကြိယာ၊ အရူပစိတ် တစ်ဆယ့်နှစ်ခု၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိရတီ၊ အပ္ပမညာကြဉ်သော စေတသိတ် တေစတ္တာလီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သော တိဟိတ်ပုထုဇဉ်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက် (တို့အား စတုဝေါကာရ လေးဘုံ)။

အရူပဘုံ၌ ဖိုလ်စိတ် ၄ ပါး ဥပ္ပါဒက္ခဏ

အရူပဘုံ၌ ဖိုလ်လေးခု၊ စေတသိတ် ဆတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သော ဖလဋ္ဌာန်လေးယောက် (တို့အား အရူပ လေးဘုံ)။

အမှာ။ ။ ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီကို ရှေးနည်းအတိုင်းကောက်ပါ။

သမုဒယမူ မဂ္ဂမူလီသရုပ်ခွဲပုံ

၁။ စတုဝေါကာရ ပဥ္စဝေါကာရ
၂။ နိရောသမာပတ်ဝင်စားသူ
၃။ အသညသတ် ဟုသုံးမျိုးခွဲပါ။

http://www.dhammadownload.com

စတုဝေါကာရ ပဉ္စဝေါကာရ ပဝတ္တိစိတ် ၈၉ ပါးကို

၁။ တဏှာသမ္ပယုတ်ဖြစ်သော လောဘမူစိတ် ၈၊ စေ ၂၂ တို့၏ ဥပ္ပါဒက္ခဏ + ဘင်္ဂက္ခဏ၊
၂။ မဂ္ဂသမ္ပယုတ်ဖြစ်သော မဂ်စိတ် ၄၊ စေ ၃၆ တို့၏ ဥပ္ပါဒက္ခဏ + ဘင်္ဂက္ခဏ၊
၃။ တဏှာဝိပ္ပယုတ္တ မဂ္ဂဝိပ္ပယုတ္တစိတ် ၇၇၊ စေ ၄၉ တို့၏ ဥပ္ပါဒက္ခဏ + ဘင်္ဂက္ခဏ ဟု သုံးမျိုးခွဲပါ။

မှတ်ချက်။ ။ သမုဒယသစ္စာ၊ မဂ္ဂသစ္စာတို့သည် ပဋိသန္ဓေအခါ၊ စုတိအခါတို့၌ မဖြစ်ကြချေ။ ပဝတ္တိအခါ၌သာဖြစ်ကြ၏။ ထို့ကြောင့် သမုဒယသစ္စာမူ၊ မဂ္ဂသစ္စာမူလီ၌ ဥပပဇ္ဇန္တ စဝန္တကို မဟော။ ပဝတ္တိစိတ် ၈၉ ပါးကိုသာဟော၏။

အရကောက်များ

တဏှာသမ္ပယုတ်စိတ် ဥပ္ပါဒက္ခဏ

လောဘမူစိတ် ရှစ်ခု၊ စေတသိက် ဗာသီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက် (တို့အား စတုဝေါကာရ လေးဘုံ၊ ပဉ္စဝေါကာရ နှစ်ဆယ့်ခြောက်ဘုံ)

မဂ္ဂသမ္ပယုတ်စိတ် ဥပ္ပါဒက္ခဏ

မဂ်စိတ်လေးခု၊ စေတသိက် ဆတ္တိံသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက် (တို့အား စတုဝေါကာရလေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်နှစ်ဘုံ)။

တဏှာဝိပ္ပယုတ္တ မဂ္ဂဝိပယုတ္တစိတ် ဥပ္ပါဒက္ခဏ

တဏှာကင်း မဂ်ကင်းသောစိတ် ခုနစ်ဆယ့်ခုနစ်ခု၊ လောဘ၊ ဒိဋ္ဌိ၊ မာန ကြဉ်သော စေတသိက် ဧကူန ပညာသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟုဆိုအပ်သောပုထုဇဉ် လေးယောက်၊ အရိယာ ရှစ်ယောက်တို့အား စတုဝေါကာရ လေးဘုံ၊ ပဉ္စဝေါကာရ နှစ်ဆယ့်ခြောက်ဘုံ။

http://www.dhammadownload.com

ဒုက္ခမူ + သမုဒယမူလီ

ယဿ	ယတ္ထ	စိတ္တက္ခဏဝိဘာဂ	ဒု	သ	ဝိဘင်္ဂဌာန
၄ ၊ ၃	၃၁	ခပ်သိမ်း ဥပပဇ္ဇန္တ	॥		သဗ္ဗေသံ ဥပပဇ္ဇန္တာနံ ပဝတ္တေ တဏှာ ဝိပ္ပယုတ္တ စိတ္တဿ ဥပ္ပါဒက္ခဏေ
၄ ၈	၂၆	ပဉ် ပဝတ္တိအခါအရူပ ၄ မှတစ်ပါး တဏှာကင်းစိတ် ၇၇၊ စေ ၄၉၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏ			
၁ ၄	၄	စတု ... ခါမော၊ နော၊ မဟာ ကု၊ ကြိ၊ အရူ၊ စေ ၃၈တို့၏ ဥပ္ပါ			
၄ ၃	၂၆	ပဉ်၌ လော ၈၊ စေ ၂၂၊ စိတ္တဇရုပ်တို့၏ဥပ္ပါဒက္ခဏ	॥	॥	တဏှာယ ဥပ္ပါဒက္ခဏေ
၁ ၊ ၃	၄	စတု၌လော ၈၊ စေ ၂၂တို့၏			
၄ ၊ ၄	၃၁	ခပ်သိမ်း စဝန္တ			သဗ္ဗေသံ စဝန္တာနံ ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ အရူပေ မဂ္ဂဿ စ ဖလဿ စ ဥပ္ပါဒက္ခဏ
၄ ၊ ၈	၄ ၂၆	ပဝတ္တိအခါ ပဉ္စမှ စုတိ အနန္တရတိုင် ခပ်သိမ်းဘင်			
၃/၄	၄	အရူ၌အတက်မင် ၃၊ ဖိုလ် ၄၊ စေ - ၃၆ - ဥပ္ပါ			

ဝိဘင်းထုတ်ပုံ

အနုလုံ

အနုလောမ။ ။ ယဿယတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တဿတတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇတီတိ၊ သဗ္ဗေသံ ဥပပဇ္ဇန္တာနံ။ ပဝတ္တေတဏှာဝိပ္ပယုတ္တစိတ္တဿ၊ ဥပ္ပါဒက္ခဏေတေသံတတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ နောစတေသံတတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇတိ၊ တဏှာယ ဥပ္ပါဒက္ခဏေ တေသံတတ္ထ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇတိ သမုဒယသစ္စဉ္စ ဥပ္ပဇ္ဇတိ။

ပဋိလောမ။ ။ ယဿဝါပနယတ္ထ သမုဒယသစ္စံ ဥပ္ပဇ္ဇတိ၊ တဿတတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတီတိ၊ အာမန္တာ။

http://www.dhammadownload.com

ပစ္စနိက်

အနုလောမ။ ။ ယဿယတ္ထ ဒုက္ခသစ္စံ နုပ္ပဇ္ဇတိ၊ တဿတတ္ထ သမုဒယသစ္စံ နုပ္ပဇ္ဇတီတိ၊ အာမန္တာ။

ပဋိလောမ။ ။ ယဿဝါပနယတ္ထ သမုဒယသစ္စံ နုပ္ပဇ္ဇတိ၊ တဿတတ္ထ ဒုက္ခသစ္စံ၊ နုပ္ပဇ္ဇတီတိ၊ သဗ္ဗေသံ ဥပပဇ္ဇန္တာနံ၊ ပဝတ္တေတဏှာ ဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံတတ္ထ သမုဒယသစ္စံ နုပ္ပဇ္ဇတိ၊ နောစတေသံတတ္ထ ဒုက္ခသစ္စံ နုပ္ပဇ္ဇတိ၊ သဗ္ဗေသံ စဝန္တာနံ၊ ပဝတ္တေစိတ္တဿ၊ ဘင်္ဂက္ခဏေ၊ အရူပေမဂ္ဂဿစ ဖလဿစ ဥပ္ပါဒက္ခဏေ တေသံတတ္ထ သမုဒယသစ္စဉ္စ နုပ္ပဇ္ဇတိ ဒုက္ခသစ္စဉ္စ နုပ္ပဇ္ဇတိ။

ဒုက္ခမူ + မဂ္ဂမူလီ

ယဿ	ယတ္ထ	စိတ္တက္ခဏဝိဘာဂ	ဒု	မ	ဝိဘင်္ဂဋ္ဌာန
၄ ၊ ၃	၃၁	ခပ်သိမ်း ဥပပဇ္ဇန္တ	။		သဗ္ဗေသံ ဥပပဇ္ဇန္တာနံ ပဝတ္တေ မဂ္ဂ ဝိပ္ပယုတ္တ စိတ္တဿ ဥပ္ပါဒက္ခဏေ
၄ ၄	၂၆	ပဉ္စ မဂ်ကင်းသော စိတ် ၈၁၊ စေ ၅၂၊ စိတ္တဇ ဥပ္ပါ			
၁ ၄	၄	စတု . . . ခါလော၊ မော၊ မနော၊ မဟာ၊ ကု၊ ကြိ၊ အရူ၊ ဖိုလ် စေ ၄၃၊ ဥပ္ပါဒက္ခဏ			
၄	၂၂	ပဉ္စ၌ မဂ် ၄၊ စေ ၄၆၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏ	။	။	ပဉ္စဝေါကာရေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ
၃	၄	အရူထက် မဂ် ၃၊ စေ ၄၆ ဥပ္ပါ		။	အရူပေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ
၄ ၊ ၄	၃၁	ခပ်သိမ်း စဝန္တ			သဗ္ဗေသံ စဝန္တာနံ ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ အရူပေ ဖလဿ ဥပ္ပါဒက္ခဏ
၄ ၊ ၈	၄ ၂၆	ပဝတ္တိအခါ ပဋိမှ စုတိ အနန္တရတိုင် စိတ်ဘင်			
၄	၄	အရူပဖိုလ် ၄၊ ဥပ္ပါဒက္ခဏ			

http://www.dhammadownload.com

ဝိဘင်းထုတ်ပုံ

အနုလုံ

အနုလောမ။ ။ ယဿယတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ တဿတတ္ထမဂ္ဂသစ္စံ ဥပ္ပဇ္ဇတီတိ၊ သဗ္ဗေသံ ဥပပဇ္ဇန္တာနံ ပဝတ္တေ မဂ္ဂဝိပ္ပယုတ္တ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံတတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ နောစတေသံတတ္ထ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတိ၊ ပဉ္စဝေါကာရေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံတတ္ထ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇတိ မဂ္ဂသစ္စဉ္စ ဥပ္ပဇ္ဇတိ။

ပဋိလောမ။ ။ ယဿဝါပနယတ္ထ မဂ္ဂသစ္စံ ဥပ္ပဇ္ဇတိ တဿတတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတီတိ၊ အရူပေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံ တတ္ထမဂ္ဂသစ္စံ ဥပ္ပဇ္ဇတိ၊ နောစ တေသံတတ္ထ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတိ၊ ပဉ္စဝေါကာရေ မဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံတတ္ထ မဂ္ဂသစ္စဉ္စ ဥပ္ပဇ္ဇတိ ဒုက္ခသစ္စဉ္စ ဥပ္ပဇ္ဇတိ။

ပစ္စနိက်

အနုလောမ။ ။ ယဿယတ္ထ ဒုက္ခသစ္စံ နုပ္ပဇ္ဇတိ၊ တဿတတ္ထ မဂ္ဂသစ္စံ နုပ္ပဇ္ဇတီတိ၊ အရူပေမဂ္ဂဿ ဥပ္ပါဒက္ခဏေ တေသံတတ္ထ ဒုက္ခသစ္စံ နုပ္ပဇ္ဇတိ၊ နောစ တေသံတတတ္ထ မဂ္ဂသစ္စံ နုပ္ပဇ္ဇတိ၊ သဗ္ဗေသံစဝန္တာနံ၊ ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ၊ အရူပေ ဖလဿ ဥပ္ပါဒက္ခဏေ တေသံ တတ္ထ ဒုက္ခသစ္စဉ္စ နုပ္ပဇ္ဇတိ၊ မဂ္ဂသစ္စဉ္စ နုပ္ပဇ္ဇတိ။

ပဋိလောမ။ ။ ယဿဝါပနယတ္ထ မဂ္ဂသစ္စံ နုပ္ပဇ္ဇတိ တဿတတတ္ထ ဒုက္ခသစ္စံ နုပ္ပဇ္ဇတီတိ၊ သဗ္ဗေသံ ဥပပဇ္ဇန္တာနံ၊ ပဝတ္တေ မဂ္ဂဝိပ္ပယုတ္တ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံတတ္ထ မဂ္ဂသစ္စံ နုပ္ပဇ္ဇတိ၊ နောစတသံတတ္ထ ဒုက္ခသစ္စံ နုပ္ပဇ္ဇတိ၊ သဗ္ဗေသံ စဝန္တာနံ ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ၊ အရူပေ ဖလဿ ဥပ္ပါဒက္ခဏေ တေသံတတ္ထ မဂ္ဂသစ္စဉ္စ နုပ္ပဇ္ဇတိ ဒုက္ခသစ္စဉ္စ နုပ္ပဇ္ဇတိ။

http://www.dhammadownload.com

သမုဒယမူ + မဂ္ဂမူလီ

ယဿ	ယတ္ထ	စိတ္တက္ခဏဝိဘာဂ	သ	မ	ဝိဘင်္ဂဋ္ဌာန
၄	၄ ၂၂	မဂ်စိတ် ၄၊ စေ ၃၆ ဥပ္ပါဒက္ခဏ		။	မဂ္ဂဿ ဥပ္ပါဒက္ခဏေ
၄ ၃	၄ ၂၆	လောဂ၊ စေ ၂၂တို့၏ ဥပ္ပါဒက္ခဏ	။		တဏှာယ ဥပ္ပါဒက္ခဏေ
၄ ၈	၄ ၂၆	ခပ်သိမ်းစိတ်ဘင် တဏှာကင်းမဂ်ကင်းစိတ် ၇၇၊ စေ ၄၉ ဥပ္ပါဒက္ခဏ			သဗ္ဗေသံ စိတ္တဿ ဘင်္ဂက္ခဏေ တဏှာဝိပ္ပယုတ္တမဂ္ဂဝိပ္ပယုတ္တ စိတ္တဿ ဥပ္ပါဒက္ခဏေ၊
၁/၁ ၁	+ ၁	နိရောဓ သမာပတ်ဝင်စား အသညသတ် ဥပပဇ္ဇန္တ စဝန္တ			နိရောဓ သမာပန္နာနံ၊ အသညသတ္တာနံ။

မှတ်ချက်။ ။ နိရောဓသမာပတ်ဝင်စားသူကို ပုဂ္ဂလောကာသ၌ ဝိဘင်းမထုတ်ရ၊ အရမကောက်ရ။

ဩကာသဝါရ

ယတ္ထ / တတ္ထ	ဩကာသဝိဘာဂ	ဒု	သ	မ	ဝိဘင်္ဂဋ္ဌာန	
၁	ရူပက္ခန္ဓာ၏သာဖြစ်ရာ ဖြစ်သောအသညသတ်ဘုံ	။			အသညသတ္တေ	
၄	ကာမခန္ဓာ ၅ ပါး၏ဖြစ်ရာ ဖြစ်သောအပါယ်၊	။	။		အပါယေ	
၄ ၂၂	ကာ၊ ကုတ်ခန္ဓ ၄ ပါး၊ ၅ ပါး၊ ၏ဖြစ်သော စတု ၄၊ အပါယ်ကြဉ်ပဉ္စဝေါ ၂၂၊	။	။	။	အဝသေသေ စတုဝေါကာရေ၊ ပဉ္စဝေါကာရေ	စတုဝေါကာရေ ပဉ္စဝေါကာရေ

http://www.dhammadownload.com

အတီတ ပုဂ္ဂလဝါရ

ယသ	သောတာပတ္တိမဂ္ဂစိတ်ဖြင့်ပိုင်းပုံ	ဒု/သ	မ	ဝိဘင်္ဂဌာန
၄ ၁	အနုမတဂ္ဂ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဝေါ၊ မဂ်	။		အနဘိသမေတာဝီနံ
၇	ဖ၊ ဖ၊ ဘ၊ ဘ၊ ဘ . . . ပဋိမစိတ်	။	။	အဘိသမေတာဝီနံ

ပ-အရကောက်။ ။ အစမထင်သော သံသရာမှစ၍ သောတာမတ္တိ မဂ်တိုင်အောင် သစ္စာလေးပါးတရားကိုသိဖူးပြီးသောအဖြစ်သို့မရောက်ကုန်သေးသော ပုထုဇဉ်လေးယောက်၊ သောတာမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

ဒုအရကောက်။ ။ သောတာပတ္တိမဂ္ဂါနန္တရဖိုလ်မှစ၍ ပဋိမစိတ်တိုင်အောင် သစ္စာလေးပါးကို သိဖူးပြီးသောအဖြစ်သို့ ရောက်ကုန်ပြီးသော အထက်မဂ္ဂဋ္ဌာန် သုံးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်။

အတီတ၊ ပုဂ္ဂလောကာသ
အခြေခံမှတ်ဖွယ်

ပစ္စုပ္ပန် ၃မျိုး။ ။ ဖြစ်ဆဲပစ္စုပ္ပန်ကို ထောက်ဆ၍ "လွန်ခဲ့ပြီးဖြစ်ခဲ့ပြီးသည်ကို အတိတ်၊ မရောက်သေးမဖြစ်သေးသည်ကို အနာဂတ်" ဟု ဆိုရသည်။ ထို့ကြောင့် အတိတ်၊ အနာဂတ်တို့ကို လွယ်ကူစွာပိုင်းခြားမှတ်သားနိုင်ကြရန် ပစ္စုပ္ပန်သဘောကို သိနားလည်ထားသင့်၏။

ပစ္စုပ္ပန်သည် ခဏပစ္စုပ္ပန်၊ သန္တတိ ပစ္စုပ္ပန်၊ အဒ္ဓါပစ္စုပ္ပန် ဟု ၃မျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် ဥပါဒ်၊ ဌီ၊ ဘင် ဟုဆိုအပ်သော ခဏနှင့်ပြည့်စုံသော ပစ္စုပ္ပန်သည် ခဏပစ္စုပ္ပန်မည်၏။ တစ်ခု နှစ်ခုသောစိတ်အစဉ်၌ အကျုံးဝင်သော ပစ္စုပ္ပန်သည် သန္တတိ ပစ္စုပ္ပန်မည်၏။ တစ်ဘဝ (၅ ပဋိသန္ဓေ၊ စုတိတို့) ဖြင့် ပိုင်းခြားအပ်သော ပစ္စုပ္ပန်သည် အဒ္ဓါပစ္စုပ္ပန်မည်၏။

http://www.dhammadownload.com

သုဒ္ဓါဝါသဖြစ်ဖူးရ

ဘုရားရှင်သည် ခန္ဓာယမိုက် စသည်တို့ကို အဒ္ဓါပစ္စုပ္ပန်၏ အစွမ်းအားဖြင့် ဟောတော်မူသည်။ ဤသစ္စယမိုက်စသည်တို့ကို ခဏပစ္စုပ္ပန်၏အစွမ်းအားဖြင့် ဟောတော်မူသည်။

ဤသစ္စယမိုက်စသည်တို့၌ သုဒ္ဓါဝါသပုဂ္ဂိုလ်များဖြစ်ဖူး၊ ချုပ်ဖူးဖြစ်လတ္တံ့တို့ကို ထိုက်သည်အား လျော်စွာ ရနိုင်သေး၏။

ပုဂ္ဂလောကာသ

အခြေခံသရုပ်ခွဲပုံ

၃၁ ဘုံကို
၁။ သုဒ္ဓါဝါသဘုံ
၂။ ကြွင်းစတုဝေါကာရ ပဉ္စဝေါကာရ
၃။ အသညသတ် ဟု သုံးမျိုးခွဲပါ။

သုဒ္ဓါဝါသဘုံကို
၁။ အရဟတ္တမဂ်ကိုမရသူ
၂။ အရဟတ္တမဂ်ကိုရသူ ဟု နှစ်မျိုးခွဲပါ။

အမှာ။ ။ မဂ္ဂမူလီဖြစ်မှသာ မဂ်ရ၊ မဂ်မရဟု နှစ်မျိုးခွဲပါ။

အရဟတ္တမဂ်ကို မရသူဝီထိပုံစံ

ပဋိ ဘွင် ၁၆။ မနောဒွါရာဝဇ္ဇန်း၊ နိ - ၉ ၉ ၉ ၉ ၉ ၉ ၉ စုတိ

→ ဒုက္ခသစ္စာ ←→ ဒုက္ခ, သမုဒယ ←

ရှင်းလင်းချက်။ ။

(၁) သုဒ္ဓါဝါသ ပဋိသန္ဓေစိတ်သည် မည်သည့်သစ္စာမျှ ဖြစ်ဖူးမရ။
(၂) ပထမဘဝင်မှစ၍ ဘဝနိကန္တိက ပထမဇောတိုင်အောင် ဒုက္ခသစ္စာသာ ဖြစ်ဖူးရ၏။
(၃) ဘဝနိကန္တိက ဒုတိယဇောမှစ၍ စုတိတိုင်အောင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ နှစ်ပါးဖြစ်ဖူးရ၏။

http://www.dhammadownload.com

အရကောက်များ

ပဋိသန္ဓေစိတ်။ ။ ရူပါဝစရ ပဉ္စမစျာန် ပဋိသန္ဓေတစ်ခု၊ စေတသိက်တိံသတို့၏ ခဏတ္တသမင်္ဂီ ဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။

ပထမဘဝင်မှစ၍ ဘဝနိကန္တိကပထမဇောတိုင်။ ။ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင်ပထမဘဝင် ဟုဆိုအပ်သော မုချဒုတိယစိတ်။ ထိုစိတ်နှင့် သမုဒယသစ္စာဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့်တူသောကြောင့် တံသဒိသ ဒုတိယစိတ် ဟုဆိုအပ်သော ဘဝင်တစ်ဆယ့်ငါးချက်၊ မနောဒွါရဝဇ္ဇန်း ဘဝနိကန္တိကပထမဇော ဤတစ်ဆယ့်ရှစ်ချက်သောစိတ်တို့၏ ခဏတ္တသမင်္ဂီ ဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။

ဘဝနိကန္တိက ဒုတိယဇောမှစ၍ စုတိတိုင်။ ။ ဘဝနိကန္တိက ဒုတိယဇောမှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တသမင်္ဂီ ဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။

အရဟတ္တမဂ်ကိုရသူဝီထိပုံစံ

ပဋိ တွင် ၁၆၊ မ၊ နိ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ၊ မ၊ ပ၊ ဥ၊ နု၊ ဝေါ၊ မဂ်၊ ဖ ဖ၊ ဘ တ၊ ပစ္ဆိမစိတ်

→ ဒုက္ခ ←→ ဒုက္ခ + သမုဒယ + ←→ ဒုက္ခ၊ သမုဒယ၊ မဂ္ဂ ←

မှတ်ချက်။ ။ ဘဝနိကန္တိကကို နိ ဟုအတိုကောက်သုံးထားသည်။ မဂ်အရ အရဟတ္တမဂ်ကို ယူရမည်။

ရှင်းလင်းချက်။ ။

(၁) ပဋိသန္ဓေစိတ်သည် မည်သည့်သစ္စာမျှဖြစ်ဖူးမရ။
(၂) ပထမဘဝင်မှစ၍ ဘဝနိကန္တိက ပထမဇောတိုင်အောင် ဒုက္ခသစ္စာသာဖြစ်ဖူးရ၏။
(၃) ဘဝနိကန္တိက ဒုတိယဇောမှစ၍ အရဟတ္တမဂ်တိုင်အောင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ နှစ်ပါးဖြစ်ဖူးရ၏။
(၄) အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ မဂ္ဂသစ္စာ ၃ ပါးဖြစ်ဖူးရ၏။

http://www.dhammadownload.com

(၅) ပထမဘဝင်မှစ၍ အရဟတ္တမဂ်တိုင်အောင် ဒုက္ခသစ္စာသာ ဖြစ်ဖူးရ၏။
(၆) ပဋိသန္ဓေမှစ၍ ဘဝန်ကန္တိက ပထမဇောတိုင်အောင် သမုဒယသစ္စာ၊ မဂ္ဂသစ္စာနှစ်ပါး ဖြစ်ဖူးမရ။

အမှာ။ ။ ပထမ ဒုတိယအရကောက်သည်။ အရဟတ္တမဂ်မရသူ အရကောက်နှင့်တူ၏။

ဘဝနိကန္တိက ဒုတိယဇောမှစ၍ အရဟတ္တမဂ်တိုင်။ ။ သုဒ္ဓါဝါသဘုံ၌ ဘဝန်ကန္တိကဒုတိယဇောဟု ဆိုအပ်သောမုချဒုတိယ အကုသိုလ်စိတ်၊ ထိုစိတ်နှင့် မဂ္ဂသစ္စာဖြစ်ဖူးပြီးသည်ကို အတိတ်၌မရကောင်းသော အဖြစ်ဖြင့်တူသောကြောင့် တံသဒိသ ဒုတိယစိတ် ဟုဆိုအပ်သော ထိုဘဝ၌အရဟတ္တမဂ်ကိုရသသူဖြစ်အံ့၊ တတိယဇောမှစ၍ အရဟတ္တမဂ်တိုင်အောင်ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန် အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။

အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်တိုင်။ ။ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ် (စုတိ) တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။

ပထမဘဝင်မှစ၍ အရဟတ္တမဂ်တိုင်။ ။ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင် ဟုဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် မဂ္ဂသစ္စာဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသဒုတိယစိတ် ဟုဆိုအပ်သော ထိုဘဝ၌ အရဟတ္တမဂ်ကိုရသသူဖြစ်အံ့၊ ဒုတိယဘဝင်မှစ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန် အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။

ပဋိသန္ဓေမှစ၍ ဘဝနိကန္တိက ပထမဇောတိုင်။ ။ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင် ဟုဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် သမုဒယသစ္စာ၊ မဂ္ဂသစ္စာဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသည်အဖြစ်ဖြင့် တူသောကြောင့် တံသဒိသ ဒုတိယစိတ် ဟုဆိုအပ်သော ပဋိသန္ဓေဘဝင်တစ်ဆယ့်ငါးချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝန်ကန္တိက ပထမဇော၊ ဤတစ်ဆယ့်ကိုးချက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။

http://www.dhammadownload.com

ကြွင်းစတုပဉ်ကို။ ။ (၁) ထိုဘဝ၌ မဂ်ကိုမရသူ။
(၂) ထိုဘဝ၌ မဂ်ကိုရသူ။
(၃) ရှေ့ဘဝကမဂ်ကို ရဖူးသူ ဟုသုံးမျိုးခွဲပါ။

ထိုဘဝ၌မဂ်ကိုမရသူဝီထိပုံစံ။ ။

ပဋိ ဘ ဘ ဘ ဘ ဘ .... စုတိ။

ရှင်း။ ။ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဒုက္ခ၊ သမုဒယသစ္စာ နှစ်ပါးဖြစ်ဖူးရ၏။

အရကောက်။ ။ ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သောပုထုဇဉ် လေးယောက်၊ အရိယာရှစ်ယောက်တို့အား စတုဝေါကာရ လေးဘုံ၊ သုဒ္ဓါဝါသကြဉ် ပဉ္စဝေါကာရ နှစ်ဆယ့်တစ်ဘုံ။

အမှာ။ ။ အရကောက်၌ သုဒ္ဓါဝါသဘုံနှင့်ပေါင်း၍ ပဉ္စဝေါကာရ နှစ်ဆယ့်ခြောက်ဘုံ ဟု ကောက်သည်။

ထိုဘဝ၌ မဂ်ကိုရသူဝီထိပုံစံ။ ။

ပဋိ၊ ဘ ဘ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ/ဝေါ၊ မဂ်၊ ဖ ဖ၊ ဘ ဘ .... စုတိ။

ဒုက္ခ-သမုဒယဖြစ်ဖူး ← ဒုက္ခ၊ သမုဒယ၊ မဂ္ဂ

ရှင်း။ ။ (၁) ပဋိသန္ဓေမှစ၍ သောတာပတ္တိမဂ်တိုင်အောင် ဒုက္ခ၊ သမုဒယ၊ သစ္စာ နှစ်ပါးဖြစ်ဖူးရ၏။
(၂) ရ စသော မဂ္ဂါနန္တရဖိုလ်မှစ၍ စုတိတိုင်အောင် ဒုက္ခ၊ သမုဒယ၊ မဂ္ဂ၊ သစ္စာသုံးပါးဖြစ်ဖူးရ၏။

ပဋိသန္ဓေမှစ၍ သောတာပတ္တိမဂ်တိုင်။ ။ ထိုဘဝ၌ မဂ်ကိုရသသူဖြစ်အံ့၊ ပဋိသန္ဓေမှ စ၍ သောတာပတ္တိမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော ပုထုဇဉ်လေးယောက် သောတာပတ္တိယမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ သုဒ္ဓါသကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်တစ်ဘုံ (အစစ်)။

http://www.dhammadownload.com

တစ်ပါးဘုံကပင် မဂ်ကိုရပြီးသော်လည်း မိမိဖြစ်ခိုက်သောဘုံ၌ မဂ်ကိုမရဖူးသေးသော ကြောင့် "တတ္ထအနဘိသ မေတာဝီ" မည်ကောင်းသော ပုဂ္ဂိုလ်တို့တွင်။

(၁) တစ်ပါးဘုံက သောတာပတ္တိမဂ်ကိုရ၍ မိမိဖြစ်ခိုက်သောဘုံ၌ သကဒါဂါမိမဂ်ကို မရသသူဖြစ်အံ့။ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ရသသူဖြစ်အံ့။ ပဋိသန္ဓေမှစ၍ သကဒါဂါမိမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော သောတာပတ္တိဖလဌာန်၊ သကဒါဂါမိမဂ္ဂဌာန်ပုဂ္ဂိုလ်။

(၂) တစ်ပါးဘုံမှ သကဒါဂါမိမဂ်ကိုရ၍ မိမိဖြစ်ခိုက်သောဘုံ၌ အနာဂါမိမဂ်ကို မရသသူ ဖြစ်အံ့။ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အနာဂါမိ မဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော သကဒါဂါမိဖလဌာန်၊ အနာဂါမိမဂ္ဂဌာန်ပုဂ္ဂိုလ်။

(၃) တစ်ပါးဘုံက အနာဂါမိမဂ်ကိုရ၍ မိမိဖြစ်ခိုက်သောဘုံ၌ အရဟတ္တမဂ်ကို မရသသူ ဖြစ်အံ့။ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်, ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အရဟတ္တမဂ် တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော အနာဂါမိ ဖလဌာန်၊ အရဟတ္တမဂ္ဂဌာန်ပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ ကာမသုဂတိ ခုနစ်ဘုံ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံ (အတုသုံးမျိုး)။

ရ စသော မဂ္ဂါနန္တရဖိုလ်မှစ၍ စုတိတိုင်။ ॥ ကြွင်းသောစတုဝေါကာရ၊ ပဥ္စဝေါကာရ ပုဂ္ဂိုလ်တို့အား ဤဘဝတွင်မှသာ ရသသူ ဖြစ်အံ့၊ ရ စသောမဂ္ဂါနန္တရဖိုလ်မှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော အထက်မဂ္ဂဌာန် သုံးယောက်၊ ဖလဌာန် လေးယောက်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါ ကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဥ္စဝေါကာရ နှစ်ဆယ့်နှစ်ဘုံ။

ရှေးဘဝကမဂ်ကို ရဖူးသူဝီထိပုံစံ။ ॥

ပဋိ၊ ဘ ဘ ဘ ဘ .... စုတိ။

ရှင်း။ ॥ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ ၃ ပါးဖြစ်ဖူး ရ၏။

http://www.dhammadownload.com

အရကောက်။ ။ ကြွင်းသော စတုဝေါကာရ၊ ပဉ္စဝေါကာရပုဂ္ဂိုလ်တို့အား မိမိဖြစ်ခိုက်သောဘုံ၌ ရှေးဘဝကမဂ်ကို ရဖူးသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော အထက်မဂ္ဂဋ္ဌာန် သုံးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်နှစ်ဘုံ။

အမှာ။ ။ အရကောက်ရာ၌ ဤဘဝ၌မဂ်ကို ရဖူးသူနှင့်ပေါင်း၍ကောက်ပါ။ ထိုသို့ ပေါင်းကောက်သောအခါ ဤအရကောက်တရားကို ရှေ့ထား၍ကောက်ရ၏။ ဘုံသတ်ရာ၌ ဤပုဂ္ဂိုလ်တို့အား ဟုထည့်သွင်းကောက်ပါ။

သရုပ်ခွဲပုံဇယား

မူတည်		ပုဂ္ဂိုလ်ပိုင်းပုံ	ဒု	သ	မ
သုဒ္ဓါဝါသ	မရသသူ	ပဋိသန္ဓေ			
		ဘဝင် ၁၆၊ မနောဒွါရာဝဇ္ဇန်း၊ (နိကန္တိ) ဇော	။		
		ဇ ဇ ဇ ဇ ဇ ဇ ...... စု	။	။	
	အရဟတ္တမဂ်ကိုရသူ	ပဋိသန္ဓေ			
		ဘ (၁၆) မ၊ (နိ) ဇ	။		
		ဇ ဇ ဇ ဇ ဇ ဇ ...မ၊ ပ၊ ဥ၊ နု၊ ဝေါ၊ အရဟတ္တမဂ်	။	။	
		ဖ ဖ ဘ ဘ ဘ .... ပစ္ဆိမစိတ်	။	။	။
ကြွင်းစတု ပဉ္စဝေါ	ထိုဘဝ၌မဂ်ကို မရသူ	ပဋိ ဘ၊ ဘ၊ ဘ .... စု	။	။	
	ထိုဘဝ၌မဂ်ကို ရသူ	ပဋိ ဘ၊ ဘ ... မ၊ ပ၊ ဥ၊ နု၊ ဂေါ/ဝေါ၊ မဂ်	။	။	
		ဖ၊ ဖ၊ ဘ၊ ဘ ..... စု	။	။	။
	ရှေးဘဝက ရဖူးသူ	ပဋိ ဘ၊ ဘ၊ ဘ ..... စု	။	။	။
အသညသတ်			။		

အမှာ။ ။ အထက်ကဖော်ပြခဲ့သော အခြေခံသရုပ်ခွဲပုံဖြင့်ပင် လုံလောက်သော်လည်း ဇယားကွက်ဖြင့် လေ့လာလိုသူများအတွက် ဤဇယားကွက်ကိုထပ်၍ ပြလိုက်ရပါသည်။

အခြေခံသရုပ်ခွဲပုံပြီး၏။

http://www.dhammadownload.com

ဥပ္ပါဒ၊ အတီတ၊ ပုဂ္ဂလောကာသ

ဒုက္ခမူ + သမုဒယမူလီ

မူတည်	ယဿ	ယတ္ထ	ဝီထိဖြင့်ပိုင်းပုံ	ဒု	သ	ဝိဘင်္ဂဒေသနာ
သုဒ္ဓါ အသဉ်	၁ ၁	၅ ၁	ပဘွင်မှဘဝနိကန္တိကပဇော အသညသတ် ဥပပဇ္ဇန္တ စဝန္တ	။		သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ အသညသတ္တာနံ
သုဒ္ဓါ ကြွင်း	၄ ၈	၄ ၂၆	ဘဝနိဒုဇောမှ စုတိတိုင် ပဋိသန္ဓေမှ စုတိတိုင်အောင်	။	။	(ဣ) စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ
သုဒ္ဓါ	၁	၅	ပဋိသန္ဓေ			သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ

အရကောက်များ

ပ။ ။ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင် ဟုဆိုအပ်သော မုချ ဒုတိယစိတ်၊ ထိုစိတ်နှင့်သမုဒယသစ္စာဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသ ဒုတိယစိတ်ဟုဆိုအပ်သော ဘဝင် ၁၅ ချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိက ပထမဇော၊ ဤ ၁၈ ချက်သောစိတ်တို့၏ ခဏတ္တသမင်္ဂီ ဟုဆိုအပ်သော အနာဂါမိဖ ‌ျဉာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။ (အသညသတ်လွယ်၏)

ဒု။ ။ သုဒ္ဓါဝါသဖြစ်အံ့။ ဘဝနိကန္တိက ဒုတိယဇောမှစ၍ စုတိတိုင်အောင်ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့။ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တသမင်္ဂီ ဟုဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့အား စတုဝေါကာရ လေးဘုံ၊ ပဉ္စဝေါကာရ နှစ်ဆယ့်ခြောက်ဘုံ။

တ။ ။ တ အရကောက်လွယ်၏။

28A

http://www.dhammadownload.com

ဒုက္ခမူ + မဂ္ဂမူလီ

ယသ	ယတ္တ	တရားခွဲပုံ	ဝီထိဖြင့်ပိုင်းပုံ		ဒု	မ	ဝိဘင်္ဂဌာန
၂	၅	သုဒ္ဓါ	မဂ်မရ	ပဘွင်မှ စုတိတိုင်	။		သုဒ္ဓါဝါသာနံ ဒုတိ
			မဂ်ရ	ပဘွင်မှ အရမဂ်တိုင်			ယေ စိတ္တေ ဝတ္တမာ
၄၊၁	၄၊၂၁	စတုပဉ်	မဂ်မရ	ပဋိသန္ဓေမှစ၍ စုတိတိုင်			နေ အနဘိသမေ
			မဂ်ရ	ပဋိမှသော မဂ်တိုင်			ဘာ ဝိနံ
၁	၁		အသညသတ် ဥပပဇ္ဇန္တ စဝန္တ				အသညသတ္တာနံ
၁	၅	သုဒ္ဓါ	မဂ်ရ	အရဖိုလ်မှ စုတိတိုင်	။	။	အဘိသမေတာဝီနံ
၃၊၄	၄၊၂၂	စတုပဉ်	ရဖူးသူ, ပဋိမှ စုတိတိုင် ရသူ, ရ စသော မဂ္ဂါနန္တရဖိုလ်မှ စုတိတိုင်				
၁	၅	သုဒ္ဓါ	သုဒ္ဓါဝါသ				သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ

အရကောက်

ပ။ ။ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပဌမဘဝင် ဟုဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် မဂ္ဂသစ္စာဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသ ဒုတိယစိတ် ဟုဆိုအပ်သော ထိုဘဝ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့၊ ဒုတိယဘဝင်မှစ၍ စုတိတိုင်အောင်၊ ရသသူဖြစ်အံ့၊ ဒုတိယဘဝင်မှစ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တသမင်္ဂီ ဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ၊ ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရပုဂ္ဂိုလ်တို့အား ထိုဘဝ၌ မဂ်ကိုမရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်၊ ရသသူဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ သောတာပတ္တိမဂ်တိုင်အောင်ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တသမင်္ဂီ ဟုဆိုအပ်သော ပုထုဇဉ် လေးယောက်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်တစ်ဘုံ။

အမှာ။ ။ အတုနှင့် အသညသတ်ကိုကောက်မြဲ။

http://www.dhammadownload.com

ဒု။ ။ သုဒ္ဓါဝါသဖြစ်အံ့၊ အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တသမင်္ဂီ ဟုဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။ ကြွင်းသောစတုဝေါကာရ၊ ပဉ္စဝေါကာရပုဂ္ဂိုလ်တို့အား မိမိဖြစ်ခိုက်သောဘုံ၌ ရှေးဘဝကမဂ်ကိုရဖူးသသူဖြစ်အံ့၊ ပဋိသန္ဓေ မှစ၍ စုတိတိုင်အောင်၊ ဤဘဝတွင်မှသာ ရသသူဖြစ်အံ့၊ ရ စသော မဂ္ဂါနန္တရဖိုလ်မှစ၍ စုတိတိုင် အောင်ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တသမင်္ဂီ ဟုဆိုအပ်သော အထက်မဂ္ဂဋ္ဌာန် သုံးယောက်၊ ဖလဋ္ဌာန် လေးယောက်၊ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်နှစ် ဘုံ။

သမုဒယမူ + မဂ္ဂမူလီ

ယသ	ယတ္တ	ဘုံ	ဝီထိဖြင့်ပိုင်းပုံ		သ	မဂ္ဂ	ဝိဘင်ဌာန
၂	၅	သုဒ္ဓါ	မဂ်မရ	ဘဝနိကန္တိကဒုဇော မှ စုတိတိုင်	॥		သုဒ္ဓါဝါသာနံ ဒုတိယေ၊ အကုသလေ စိတ္တေဝတ္တမာနေ အနဘိသမေ[illegible]ဝီနံ
			မဂ်ရ	ဘဝနိကန္တိက ဒုဇော မှ အရမဂ်			
၄ ၊ ၁	၄ ၊ ၂၁	စတုပဉ်	မဂ်မရ	ပဋိမှ စုတိ			
			မဂ်ရ	ပဋိမှသော မဂ်			
၃ ၊ ၄	၄ ၊ ၂၂	သုဒ္ဓါ	မဂ်ရ	အရဟတ္တမဂ္ဂါနန္တရဖိုလ်မှ စုတိ	॥	॥	အဘိသမေတာဝီနံ
		စတုပဉ်	ရသူ	ရစသောမဂ္ဂါနန္တရဖိုလ်မှ စုတိ			
			ရဖူးသူ	ပဋိမှ စုတိ			
၁	၅	သုဒ္ဓါ	မဂ်မရ မဂ်ရ	ပဋိမှ ဘဝနိကန္တိကပဇော			သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ အသညသတ္တာနံ
၁	၁	အသဉ်	အသညသတ် ဥပပဇ္ဇန္တာ စဝန္တ				

http://www.dhammadownload.com

အရကောက်

ပ။ ။ သုဒ္ဓါဝါသဘုံ၌ ဘဝနိကန္တိက ဒုတိယဇော ဟုဆိုအပ်သော မုချဒုတိယ အကုသိုလ်စိတ်၊ ထိုစိတ်နှင့် မဂ္ဂသစ္စာဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသော အဖြစ်ဖြင့် တူသောကြောင့် တံသဒိသ ဒုတိယစိတ် ဟုဆိုအပ်သော ထိုဘဝ၌ အရဟတ္တမဂ်ကို မရသသူဖြစ်အံ့၊ တတိယဇောမှစ၍ စုတိတိုင်အောင် ရသသူဖြစ်အံ့၊ တတိယဇောမှစ၍ အရဟတ္တမဂ်တိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တသမင်္ဂီ ဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။ ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရပုဂ္ဂိုလ်တို့အား ထိုဘဝ၌ မဂ်ကို မရသသူဖြစ်အံ့။ (အကြွင်းကို ဒုက္ခနှင့်မဂ္ဂသန္နိဋ္ဌာန်သံသယအတိုင်း အားလုံးတူပြီ၊ ကောက်မြဲ။)

တ။ ။ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင် ဟုဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် သမုဒယသစ္စာ၊ မဂ္ဂသစ္စာဖြစ်ဖူးပြီးသည်ကို အတိတ်၌ မရကောင်းသော အဖြစ်ဖြင့် တူသောကြောင့် တံသဒိသ ဒုတိယစိတ် ဟုဆိုအပ်သော ပဋိသန္ဓေ၊ ဘဝင် တစ်ဆယ့်ငါးချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘ ဝန်ကန္တိက ပထမဇော။ ဤ တစ်ဆယ့်ကိုးချက်သောစိတ်တို့၏ ခဏတ္တသမင်္ဂီ ဟုဆိုအပ်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။ (အသညသတ်ကောက်မြဲ)

အနာဂတဝါရ

အခြေခံမှတ်ဖွယ်

ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်သောပုဂ္ဂိုလ်တို့သည် တစ်ခဏမျှ၊ တစ်မနက်မျှ ပွားများအားထုတ်ရုံမျှဖြင့် မဂ်ကိုရသူလည်းရှိ၏။ နှစ်ရက်၊ သုံးရက်ပွားများအားထုတ်မှ မဂ်ကို ရသူလည်းရှိ၏။ တစ်လ၊ တစ်နှစ်၊ အနှစ် ၆၀ စသည်ပွားများအားထုတ်မှ မဂ်ကို ရနိုင်သူမျိုးလည်း ရှိ၏။

မည်မျှပင်ပွားများအားထုတ်စေကာမူ ယခုဘဝမဂ်ကို မရဘဲ နောင်ဘဝသံသရာ၌ ပါရမီဓါတ်ခံဖြစ်ရုံမျှ အကျိုးသက်ရောက်သောပုဂ္ဂိုလ်မျိုးလည်းရှိတတ်၏။ မိမိတို့၏ ပါရမီ ကုသိုလ်သာလျှင် အကြောင်းရင်းဖြစ်ပေသည်။

ထိုသို့မဂ်ကိုရသောပုဂ္ဂိုလ်သည်လည်း

(၁) တဏှာမခြားဘဲ မဂ်လေးတန်ကို ရသောသူ။
(၂) သောတာပန်ဖြစ်ပြီးမှ တဏှာခြားသူ။

http://www.dhammadownload.com

(၃) သကဒါဂါမိဖြစ်ပြီးမှ တဏှာခြားသူ
(၄) အနာဂါမိဖြစ်ပြီးမှ တဏှာခြားသူ ဟု လေးမျိုးရှိ၏။

ထိုလေးမျိုးတို့တွင် တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူတို့မှာ တိဟိတ်ပုထုဇဉ် အဖြစ်ကပင် ရဟန်းဖြစ်လျှင် သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ကျောင်း၊ တပည့် စသည်တို့၌ တပ်မက်မောသော လောဘဇော၊ လူဖြစ်လျှင်လည်း သား၊ မယား၊ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား တို့ကို တပ်မက်မောသော လောဘဇောတို့သည် မဂ်မရမီ ရှေ့အဖို့၌သာ စောကုန်၏။

ထိုသို့ပင် စောပါသော်လည်း မဂ်၏ရှေ့နာရီပိုင်း၊ ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းတို့ဖြင့် တဏှာဖြစ်ခြင်း ကင်းပြတ်နိုင်သည်လည်းရှိ၏။ ဝါဠကဝါသီအရပ်၌ သီတင်းသုံးသော ဓမ္မဒိန္နာထေရ်ကဲ့သို့ အနှစ် ၆၀ ကပင် တဏှာပြတ်သူလည်းရှိ၏။ ညဉ့်ကပြတ်ခဲ့သည်၊ နံနက်ကပြတ်ခဲ့သည်ဟု တဏှာပြတ်ရာကာလကို အတိအကျပိုင်းခြားသတ်မှတ်၍ မဖြစ်နိုင်ပေ၊ ဝီထိစိတ်ဖြင့် ပိုင်းခြားသတ်မှတ်ခြင်း၌ကား အဘယ်မှာလျှင် ဆိုဖွယ်ရာရှိပါတော့အံ့နည်း။

သောတာပန် စသည်ဖြစ်၍မှ တဏှာပြတ်သူများလည်းဆိုခဲ့ပြီးသော သဘောသွားအတိုင်းပင်ဖြစ်သည်။ ထို့ကြောင့် အဆုံးစွန်သောတဏှာဟု သာမညမျှသာ ပိုင်းခြားသတ်မှတ်ရပေလိမ့်မည်။

အခြေခံသရုပ်ခွဲပုံ

ဤအနာဂတဝါရ၌
(၁) မဂ်ကိုမရလတ္တံ့ မကျွတ်ထိုက်သော (ပုထုဇဉ်) ပုဂ္ဂိုလ်
(၂) မဂ်ကိုရလတ္တံ့သော ပုဂ္ဂိုလ် ဟု နှစ်မျိုးခွဲပါ။

မဂ်ကိုရလတ္တံ့ ပုဂ္ဂိုလ်ဝီထိပုံစံ

အစမထင် . . . အဆုံးဏှာ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ၊ ရုံ ရုံ၊ ဘ ဘ၊ မ၊ ပ၊ ဥ၊ နု၊ ဝေါ။
အရဟတ္တမဂ်၊ ဖ ဖ၊ ဘ ဘ၊ မရဏာသန္န၊ ဇ ဇ ဇ ဇ ဇ၊ . . . . . ပစ္ဆိမစိတ်။

http://www.dhammadownload.com

သစ္စာ ၃ ပါးဖြစ်လတ္တံ့

မဂ်ကိုမရလတ္တံ့၊ မကျွတ်ထိုက်သောပုထုဇဉ်ပုဂ္ဂိုလ်သည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာနှစ်ပါး ဖြစ်လတ္တံ့ရ၏။

မဂ်ကိုရလတ္တံ့ပုဂ္ဂိုလ်သည်

(၁) အစမထင်သံသရာမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဒုက္ခသစ္စာဖြစ်လတ္တံ့ရ၏။ ပစ္ဆိမစိတ် ခဏ၌ကား ဒုက္ခသစ္စာဖြစ်ဆဲသာရ၏။

(၂) အစမထင်သံသရာမှစ၍ (တိဟိတ်ပုထုဇဉ် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ပုဂ္ဂိုလ်တို့၏) အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် သမုဒယသစ္စာဖြစ်လတ္တံ့ရ၏။

(၃) အစမထင်သံသရာမှစ၍ အရဟတ္တမဂ် ရှေ့ဝေါဒါန်တိုင်အောင် မဂ္ဂသစ္စာဖြစ်လတ္တံ့ရ၏။

ပုဂ္ဂလဝါရ + သရုပ်ခွဲပုံ

မူတည်	ဝိထိဖြင့်ပုဂ္ဂိုလ်ပိုင်းပုံ	ဒု	သ	မ	ဝိဘင်္ဂဌာန	
မဂ်မရ	မဂ်ကိုမရလတ္တံ့မကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်	။	။		ယေ (စ) ပုထုဇ္ဇနာ မဂ္ဂံန ပဋိလဘိဿန္တိ	ဣတရေသံ
တဏှာမခြားဘဲ မဂ်လေးတန်ကို ရသော သ၊ နာ၊ ဖြစ်မှတဏှာခြား	အ . . . (ဏှာ) ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ	။	။	။	ယေ (စသေ) မဂ္ဂံပဋိ	
	ဇ၊ ရှိ၊ ရှိ၊ ဘ၊ ဘ . . . မ၊ ပ၊ ဥ၊ နု	။		။	ယဿစိတ္တဿအနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ	
	ဝေါဒါန်					
	အရဟတ္တမဂ်				အဂ္ဂမဂ္ဂသမင်္ဂီနံ အရဟန္တာနံ	အရဟန္တာနံ
	ဖ၊ ဖ၊ ဘ . . . (သန်၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ)					
	ပစ္ဆိမစိတ်				ပစ္ဆိမစိတ္တသမင်္ဂီနံ	

http://www.dhammadownload.com

အရကောက်များ

အစမထင်သံသရာမှ အနုလုံတိုင်။ ။ အစမထင်သံသရာမှစ၍ အရဟတ္တမဂ်၏ ရှေး ဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင် အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တသမင်္ဂီ ဟုဆိုအပ်သော ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်ဖလဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်။

ဝေါဒါန်။ ။ အရဟတ္တမဂ်၏ ရှေးဝေါဒါန်စိတ်၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်။

အရဟတ္တမဂ်။ ။ အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်။

အရဟတ္တမဂ္ဂါ နန္တရဖိုလ်မှ ပစ္ဆိမစိတ် အနန္တရ။ ။ အရဟတ္တ မဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။

ပစ္ဆိမစိတ်။ ။ တိဟိတ်စုတိတေရသ၊ စေတသိက် ပဉ္စတ္တိံသတို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ် သော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်။

ပုဂ္ဂိုလ် ၄ မျိုး

နှစ်ဘက်ရ			ပုဂ္ဂိုလ် ၄ မျိုး	တစ်ဘက်ရ		
အစမထင် သံသရာမှ အဆုံးစွန်တဏှာ၏ အနန္တရတိုင်အောင်ဖြစ်				အဆုံးစွန်သောတဏှာမှ စ၍ အရမဂ်၏ရှေ့ဝေါ ဒါန်၏အနန္တရအနုလုံတိုင်		
ပုဂ္ဂိုလ်			သမုဒယသစ္စာပါဝင်သော ယမကအတွက်သာ	ပုဂ္ဂိုလ်		
၁	×	×	တဏှာမခြားဘဲ မဂ် ၄ တန်ကို ရလတ္တံ့သူ	၁	၃	၃
၁	၁	၁	သောတာပန်ဖြစ်ပြီးမှ တဏှာခြားသူ	၁	၂	၂
၁	၂	၂	သကဒါဂါမ်ဖြစ်ပြီးမှ တဏှာခြားသူ	၁	၁	၁
၁	၃	၃	အနာဂါမ်ဖြစ်ပြီးမှ တဏှာခြားသူ	၁	×	×

http://www.dhammadownload.com

နှစ်ဘက်ရ + အရကောက်

(၁) တဏှာ မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူ ဖြစ်အံ့၊ အစမထင် သံသရာမှ စ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်။

(၂) သောတာပန်ဖြစ်ပြီးမှ တဏှာခြားမှုကား အစမထင် သံသရာမှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ် သောတာပတ္တိ မဂ္ဂဋ္ဌာန်၊ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်။

(၃) သကဒါဂါမ် ဖြစ်ပြီးမှ တဏှာခြားမှုကား အစမထင် သံသရာမှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ် အောက်မဂ္ဂဋ္ဌာန် နှစ်ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် နှစ်ယောက်။

(၄) အနာဂါမ် ဖြစ်ပြီးမှ တဏှာခြားမှုကား အစမထင် သံသရာမှစ၍ အဆုံးစွန်သော အနန္တတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော ကျွတ်ထိုက်သော ပုထုဇဉ် အောက်ဖလဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်။

တစ်ဘက်ရ + အရကောက်

(၁) တဏှာမခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူ ဖြစ်အံ့၊ အဆုံးစွန်သော တဏှာမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်။

(၂) သောတာပန်ဖြစ်ပြီးမှ တဏှာခြားမှုကား အဆုံးစွန်သော တဏှာမှစ၍ အရဟတ္တမဂ် ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော သောတာပတ္တိ ဖလဋ္ဌာန်၊ အလယ်မဂ္ဂဋ္ဌာန် နှစ်ယောက်၊ အလယ်ဖလဋ္ဌာန် နှစ်ယောက်။

(၃) သကဒါဂါမ် ဖြစ်ပြီးမှ တဏှာခြားမှုကား အဆုံးစွန်သော တဏှာမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော သကဒါဂါမိ ဖလဋ္ဌာန်၊ အနာဂါမိ မဂ္ဂဋ္ဌာန်၊ အနာဂါမိ ဖလဋ္ဌာန်။

http://www.dhammadownload.com

(၄) အနာဂါမ် ဖြစ်ပြီးမှ တဏှာခြားမှုကား အဆုံးစွန်သော တဏှာမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရ ဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်။

အခြေခံသရုပ်ခွဲပုံပြီး၏။

ဒုက္ခသစ္စမူ သမုဒယသစ္စမူလီ

မူတည်	ယသ / ယတ္ထ	ပုဂ္ဂိုလ်အမျိုးအစား	ဒု	သ	ဝိဘင်္ဂဒါန
မဂ်ရ	၁ ၃၊၃	အစမထင် သံသရာမှ အဆုံးစွန်သော တဏှာ၏ အနန္တရ	॥	॥	ဣတရေသံ
မဂ်မရ	ပုထုဇဉ်	မဂ်ကို မရလတ္တံ့သော မကျွတ်သော ပုထုဇဉ်			
ဖိုလ်ရ ဖိုလ်မရ	၁ ၃ - ၃	အဆုံးစွန်သော တဏှာမှစ၍ အနုလုံ	॥		အဂ္ဂ မဂ္ဂသမင်္ဂီနံ အရဟန္တာနံ ယဿစိတ္တဿ အနန္တရာ အဂ္ဂ မဂ္ဂ ပဋိလာဘိဿန္တိ တေသံ
	နာဖိုလ်	ဝေါဒါန်			
	အရမဂ်	အရဟတ္တမဂ်			
	အရဖိုလ်	အရဟတ္တ မဂ္ဂါနန္တရဖိုလ်မှ ပစ္ဆိမစိတ် အနန္တရ			
	အရဖိုလ်	ပစ္ဆိမစိတ်			ပစ္ဆိမ စိတ္တသမင်္ဂီနံ

29A

http://www.dhammadownload.com

ဒုက္ခမူ + မဂ္ဂမူလီ

မူတည်	ယဿ / ယတ္တ	ပုဂ္ဂိုလ်အမျိုးအစား	ဒု	မဂ္ဂ	ဝိဘင်္ဂဌာန
မဂ်ရ	၁၊ ၃၊ ၃	အစမထင် သံသရာမစ၍ အနုလုံ	॥	॥	ယေစညေ မဂ္ဂံ ပဋိလဘိဿန္တိ တေသံယဿ စိတ္တဿ အနန္တရာ အဂ္ဂ မဂ္ဂံ ပဋိလဘိဿန္တိ
	နာဖိုလ်	ဝေါဒါန်			
	အရမဂ်	အရဟတ္တမဂ်စိတ်	॥		အဂ္ဂ မဂ္ဂသမင်္ဂီနံ အရဟန္တာနံ ယေစပုထုဇ္ဇနာ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ
	အရဖိုလ်	အရဟတ္တ မဂ္ဂါနန္တရဖိုလ်မှ ပစ္ဆိမစိတ် အနန္တရ			
မဂ်မရ	ပုထု	မကျွတ်ထိုက်သော ပုထုဇဉ်			
	အရဖိုလ်	ပစ္ဆိမစိတ်			ပစ္ဆိမ စိတ္တ သမင်္ဂီနံ

သမုဒယမူ + မဂ္ဂမူလီ

မူတည်	ယဿ / ယတ္တ	ပုဂ္ဂိုလ်အမျိုးအစား	သ	မ	ဝိဘင်္ဂဌာန
ပဋိ	၁ ၃ ၊ ၃	အစမထင် သံသရာမှစ၍ အဆုံးစွန်သော တဏှာ၏အနန္တရ	॥	॥	ယေမဂ္ဂံ ပဋိလဘိဿန္တိ တေသံ
	၁၊ ၃၊ ၃ အနုလုံ	အဆုံးစွန်သော တဏှာမှ		॥	ယဿစိတ္တဿ အနန္တရာ အဂ္ဂ မဂ္ဂံ ပဋိလဘိဿန္တိ တေသံ
	နာ ဖလဌာန်	ဝေါဒါန်			
	အရမဂ္ဂဌာန်	အရဟတ္တမဂ်			အဂ္ဂမဂ္ဂသမင်္ဂီနံ အရဟန္တာနံ
	အရ ဖလဌာန်	အရဟတ္တ မဂ္ဂါနန္တရဖိုလ်မှ ပစ္ဆိမစိတ်တိုင်အောင်			
မဂ်မရ	ပုထုဇဉ်	မဂ်ကိုမရလတ္တံ့ မကျွတ်သော ပုထုဇဉ်	॥		ယေပုထုဇ္ဇနာ မဂ္ဂံန ပဋိလဘိဿန္တိ

http://www.dhammadownload.com

အနာဂတ၊ ပုဂ္ဂလောကာသ

အခြေခံသရုပ်ခွဲပုံ

ဒုက္ခသစ္စာမူ၊ သမုဒယသစ္စာမူလီ

ဥဒ္ဒေသကို

(၁) စတုဝေါကာရ၊ ပဉ္စဝေါကာရ
(၂) အသညသတ် ဟု နှစ်မျိုးခွဲပါ။

စတုဝေါကာရ၊ ပဉ္စဝေါကာရကို

(၁) ပစ္ဆိမဘဝိက
(၂) ဖြစ်ပြန်ကောင်း
(၃) မဖြစ်ပြန်ကောင်း ဟု သုံးမျိုးခွဲပါ။

အမှာ။ ။ ပစ္ဆိမဘဝိကကို ပုဂ္ဂလဝါရအတိုင်း ဝိဘင်းထုတ်အရကောက်ပါလေ။ သို့သော် အစမထင် သံသရာမှစ၍ ဟူသောနေရာ၌ ပဋိသန္ဓေမှစ၍ ဟု ပြောင်းလဲဆိုပါ။ အဆုံးမှာ ဘုံသတ်ရာ၌ ဤပုဂ္ဂိုလ်တို့အား စတုဝေါကာရ လေးဘုံ၊ အပါယ်ကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်နှစ်ဘုံ ဟု ထည့်သွင်းဆိုပါ။

ဖြစ်ပြန်စတုပဉ် ဝီထိပုံစံ။ ။ ပဋိသန္ဓေ . . . . . စုတိ။

အရကောက်။ ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့။ ပဋိသန္ဓေမှစ၍ စုတိတိုင်ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော မကျွတ်ထိုက်၊ ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့အား၊ စတုဝေါကာရ လေးဘုံ၊ သုဒ္ဓါဝါသကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်တစ်ဘုံ။

http://www.dhammadownload.com

မဖြစ်ပြန်စတုပဉ်

မရဏာသန္နလောဘမူဇော ဝီထိပုံစံ။ ။

ပဋိ . . . . . န၊ ဒ၊ မ၊ ဇ ဇ ဇ ဇ ဇ ၊ ရုံ ရုံ၊ ဘ ဘ၊ . . . . . စုတိ။

ရှင်းလင်းချက်။ ။

(၁) မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇောဖြစ်အံ့။ ပဋိသန္ဓေမှစ၍ စတုတ္ထဇောတိုင်အောင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ နှစ်ပါး ဖြစ်လတ္တံ့ရ၏။

(၂) ပဉ္စမဇောမှစ၍ စုတိ အနန္တရတိုင်အောင် ဒုက္ခသစ္စာသာ ဖြစ်လတ္တံ့ရ၏။

(၃) စုတိစိတ်သည် မည်သည့်သစ္စာမျှ ဖြစ်လတ္တံ့မရ။

မရဏာသန္နဒေါသမူ၊ မောဟမူ၊ မဟာကုသိုလ်ဇောဝီထိ။ ။

ပဋိ၊ ဆုံးဏျာ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ၊ ဘ၊ ဇ ဇ ဇ ဇ ဇ၊ ရုံ ရုံ၊ ဘ . . . စုတိ။

ရှင်းလင်းချက်။ ။

(၁) မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် ဒေါသမူ၊ မောဟမူ၊ မဟာကုသိုလ်ဇောဖြစ်အံ့။ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာနှစ်ပါး ဖြစ်လတ္တံ့ရ၏။

(၂) အဆုံးစွန်သော တဏှာမှစ၍ စုတိအနန္တရတိုင်အောင် ဒုက္ခသစ္စာသာ ဖြစ်လတ္တံ့ရ၏။

(၃) စုတိစိတ်သည် မည်သည့်သစ္စာမျှ ဖြစ်လတ္တံ့မရ။

http://www.dhammadownload.com

အသညသတ်ကို

(၁) ဖြစ်ပြန်ကောင်း

(၂) မဖြစ်ပြန်ကောင်း ဟု နှစ်မျိုးခွဲပါ။

မဖြစ်ပြန် စတုပဉ်အရကောက်

ဒုက္ခသစ္စာဖြစ်လတ္တံ့။ ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇော ဖြစ်အံ့။ ပဥ္စမဇောမှစ၍ စုတိအနန္တရတိုင်အောင် ဒေါသမူ၊ မောဟမူ၊ မဟာကုသိုလ်ဇောဖြစ်အံ့။ အဆုံးစွန်သော တဏှာမှစ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော မကျွတ်ထိုက်၊ ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်ငါးဘုံ။

ဒုက္ခသစ္စာ သမုဒယသစ္စာနှစ်ပါးဖြစ်လတ္တံ့။ ။

မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့အား မရဏာသန္နဇောသည် လောဘဇော ဖြစ်အံ့။ ပဋိသန္ဓေမှစ၍ စတုတ္ထဇောတိုင်အောင်၊ ဒေါသမူ၊ မောဟမူ၊ မဟာကုသိုလ်ဇော ဖြစ်အံ့၊ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော တဏှာ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော မကျွတ်ထိုက်၊ ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်ငါးဘုံ။

စုတိစိတ်။ ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ် ဇက္ကနုဝိသ၊ စေတသိက် ပဉ္စတိံသတို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော မကျွတ်ထိုက်၊ ကျွတ်ထိုက်သော ပုထုဇဉ် လေးယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်တို့အား စတုဝေါကာရ လေးဘုံ၊ အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆယ့်ငါးဘုံ။

http://www.dhammadownload.com

ဒုက္ခသစ္စာမူ၊ သမုဒယသစ္စာမူလီ

	သရုပ်ခွဲပုံ		ဒု	သ	ဝိဘင်္ဂဒ္ဓါန
ပစ္ဆိမစိတ်	အရဟတ္တမဂ် အရဟတ္တ မဂ္ဂါနန္တရဖိုလ်မှ ပစ္ဆိမစိတ် အနန္တရ		॥		အဂ္ဂ မဂ္ဂသမင်္ဂီနံ အရဟန္တာနံ ယဿစိတ္တဿအနန္တရာ အဂ္ဂ မဂ္ဂံ ပဋိလဘိဿန္တိ
	ဝေါဒါန်				
	အဆုံးစွန်တဏှာမှ အနုလုံတိုင်				
မဖြစ်	လောဘ	ပဥ္စမဇောမှ စုတိအနန္တရ			
ပြန်	ဒေါ + ကု	ဆုံးဏှာမှ စုတိအနန္တရ			
အသဉ်	အသညသတ်				အသညသတ္တာနံ
ပဋိ	ပဋိမှ အဆုံးတဏှာ အနန္တရ		॥	॥	ဣတရေသံ စတု ဝေါကာရာနံ ပဥ္စဝေါကာရာနံ
မဖြစ်	လောဘ	ပဋိမှ စတုတ္ထဇော			
ပြန်	ဒေါ + ကု	ပဋိမှ အဆုံးတဏှာ၏ အနန္တရ			
ဖြစ်ပြန်	ပဋိမှ စုတိ				
ပစ္ဆိ	ပစ္ဆိမစိတ်				ပစ္ဆိမ စိတ္တသမင်္ဂီနံ
မဖြစ်ပြန်	စုတိ				
အသဉ်	မဖြစ်ပြန် အသညသတ်				

အမှာ။ ॥ ရှည်လျားလွန်း၍ မဂ္ဂမူလီ နှစ်မျိုးကို ချန်ထားခဲ့ရသည်။

ဥပ္ပါဒဝါရပြီး၏။

❖❖❖❖❖❖❖❖

http://www.dhammadownload.com

နောက်ဆက်တွဲအခန်းပွါယ်

အခြေခံမှတ်ဖွယ်

ပဥှာ။ ။ မေးခွန်းစကားမျိုးကို ပဥှာဟု ခေါ်၏။

ပုရေပဥှာ။ ။ ပုရိမကောဋ္ဌာသ၏ အရနှင့်တူသော ပဥှာမျိုးသည် ပုရေပဥှာ မည်၏။ ရှေ့သန္နိဋ္ဌာန်ပုဒ်အရကို ပုရိမကောဋ္ဌာသဟုခေါ်၏။ ထို့ကြောင့် သန္နိဋ္ဌာန်တစ်ဘက်ရသာ အရကောက်ရှိသော ပဥှာမျိုးသည် ပုရေပဥှာမည်၏ဟု ဆိုလိုသည်။

ပစ္ဆာပဥှာ။ ။ ပစ္ဆိမကောဋ္ဌာသ၏ အရနှင့်တူသော ပဥှာမျိုးသည် ပစ္ဆာပဥှာ မည်၏။ ဤ၌လည်း သံသယပုဒ်ကို ပစ္ဆိမကောဋ္ဌာသဟု ခေါ်၏။ သံသယအရကောက်ရှိသည်ကိုပင် ပစ္ဆိမကောဋ္ဌာသ၏ အရနှင့်တူသည်ဟု ဆိုရသည်။ သဘာဝအားဖြင့် တူသည်ကို ဆိုလိုသည်မဟုတ်။

သံသယပုဒ်အရကောက်ရှိရခြင်းမှာလည်း သန္နိဋ္ဌာန်ပုဒ်အရရှိသောကြောင့်သာဖြစ်နိုင်၏။ သန္နိဋ္ဌာန်ပုဒ်အရမရှိလျှင် သံသယပုဒ်အရလည်း မရှိနိုင်။ ထို့ကြောင့် သန္နိဋ္ဌာန်၊ သံသယနှစ်ဘက်ရရှိသော ပဥှာသည် ပစ္ဆာပဥှာမည်၏ဟု ဆိုလိုသည်။

ပရိပုဏ္ဏပဥှာ။ ။ ပုရေပဥှာ၊ ပစ္ဆာပဥှာ နှစ်ပါး၏လက္ခဏာနှင့် ပြည့်စုံသော ပဥှာမျိုးသည် ပရိပုဏ္ဏပဥှာ မည်၏။ တစ်ဘက်ရ နှစ်ဘက်ရ အပြည့်အစုံရှိသော ပဥှာကို ပရိပုဏ္ဏပဥှာ ခေါ်၏ဟု ဆိုလိုသည်။

ဤပရိပုဏ္ဏပဥှာ၏ တစ်ဘက်ရ နှစ်ဘက်ရဝိဘင်း၌ နှစ်ဖို့နှစ်ခုရှိရာ ရှေ့မှာထားသော အဖို့အစုသည် ပုရိမကောဋ္ဌာသ မည်၏။ နောက်မှာထားသော အဖို့အစုသည် ပစ္ဆိမကောဋ္ဌာသ မည်၏။

မောဃပဥှာ။ ။ ပဋိသေဓ၊ ပဋိက္ခေပ နှစ်မျိုးတွင် တစ်မျိုးမျိုးရသော ပဥှာသည် မောဃပဥှာမည်။

ဝိဿဇ္ဇနာ။ ။ အဖြေနှင့်စပ်သော စကားရပ်ကို ဝိဿဇ္ဇနာ ဟုခေါ်၏။

ပါဠိဂတိဝိဿဇ္ဇနာ။ ။ နအက္ခရာကို ပယ်ဖြုတ်လျက် ပုစ္ဆာပါဠိတော် ပုဒ်ဖြင့်ပင် ဖြေဆိုရသော ဝိဿဇ္ဇနာမျိုးသည် ပါဠိဂတိဝိဿဇ္ဇနာ မည်၏။

ပဋိဝစနဝိဿဇ္ဇနာ။ ။ သန္နိဋ္ဌာန်ပုဒ်၏ အရကို ဝန်ခံသောအားဖြင့် ဖြေဆိုသော ဝိဿဇ္ဇနာသည် ပဋိဝစနဝိဿဇ္ဇနာ မည်၏။

http://www.dhammadownload.com

သရူပဒဿနဝိဿဇ္ဇနာ။ ။ ပုရိမကောဋ္ဌာသ၊ ပစ္ဆိမကောဋ္ဌာသ တို့၏ သရုပ်ကိုပြလျက် ဖြေဆိုသော ဝိဿဇ္ဇနာမျိုးသည် သရူပဒဿနဝိဿဇ္ဇနာ မည်၏။

ပဋိသေဓဝိဿဇ္ဇနာ။ ။ သံသယပုဒ်၏အနက်ကို တားမြစ်သောအားဖြင့် ဖြေဆိုသော ဝိဿဇ္ဇနာသည် ပဋိသေဓဝိဿဇ္ဇနာ မည်၏။

ပဋိက္ခေပဝိဿဇ္ဇနာ။ ။ သန္နိဋ္ဌာန်ပုဒ်၏အနက်ကို ပယ်မြစ်သောအားဖြင့် ဖြေဆိုသော ဝိဿဇ္ဇနာသည် ပဋိက္ခေပဝိဿဇ္ဇနာ မည်၏။

ပါဠိဂတိနှင့် ပဋိသေဓအထူး။

ပါဠိဂတိဝိဿဇ္ဇနာနှင့် ပဋိသေဓဝိဿဇ္ဇနာတို့သည် သဘောလက္ခဏာအားဖြင့် တူမျှသော်လည်း ပါဠိဂတိဝိဿဇ္ဇနာကို ပစ္စနိက်၌သာ ဟောတော်မူ၏။

ပဋိသေဓဝိဿဇ္ဇနာကို အနုလုံ၌သာ ဟောတော်မူ၏။ ဤသို့ဟောရာဌာနကိုလိုက်၍ ဝိဿဇ္ဇနာနှစ်မျိုး ထူးခြားကွဲပြားရ၏။

ပဋိသေဓနှင့် ပဋိက္ခေပအထူး

သံသယပုဒ်၏အနက်ကို တားမြစ်၍ ဖြေဆိုသော ဝိဿဇ္ဇနာသည် ပဋိသေဓဝိဿဇ္ဇနာ မည်၏။ သန္နိဋ္ဌာန်ပုဒ်၏အနက်ကို ပယ်မြစ်၍ ဖြေဆိုသော ဝိဿဇ္ဇနာသည် ပဋိက္ခေပဝိဿဇ္ဇနာ မည်၏။ ဤသို့ ပယ်မြစ်သောအနက်နှင့်စပ်၍ ဝိဿဇ္ဇနာနှစ်မျိုး ကွဲပြားရ၏။

မှတ်ချက်။ ။ အနုသယယမိုက်၊ စိတ္တယမိုက်တို့၌ ဆိုခဲ့ပြီးသော ဝိဿဇ္ဇနာ ငါးမျိုးမှ တစ်ပါးသော ဝိဿဇ္ဇနာ တို့ကိုလည်း တွေ့ရလိမ့်မည်။

ဝိဘင်း။ ။ အကျယ်ခွဲဝေဖြေဆိုသော အဖြေဝါကျကိုပင် ဝိဘင်းဟု ခေါ်၏။ ဝိဿဇ္ဇနန္တိ ဝိဘဇနံ ဟူသော အနုဋီကာဆရာ ဖွင့်ဆိုချက်အရ ဝိဿဇ္ဇနာနှင့် ဝိဘင်းတို့ ထူးခြားမှုမရှိ၊ အတူတူပင်ဖြစ်၏။ ဝိဿဇ္ဇနာကိုပင် ဝိဘင်း၊ ဝိဘင်းကိုပင် ဝိဿဇ္ဇနာ ဟုခေါ်၏။

မှတ်ချက်။ ။ ယမိုက်ပါဠိတော်အသွားအလာကို အလွယ်တကူသင်ယူတတ်မြောက်စေရန် ရည်ရွယ်၍ ဝိဘင်း ခြောက်မျိုးဟု ရှေးဆရာကြီးများ တီထွင်သတ်မှတ်ခဲ့ဟန်တူသည်။ ဝိဘင်း ခြောက်မျိုး၏ သရုပ်သဘောကို တိုက်ရိုက်ပြဆိုချက်ကို အဋ္ဌကထာဋီကာတို့၌ မတွေ့ရှိရပါ။ သို့သော် ရှေးဆရာကြီးများကို ယုံကြည်လေးစားသောအားဖြင့် မှတ်သားသင်ယူပို့ချသင့်သည်သာဖြစ်၏။

http://www.dhammadownload.com

ပါဠိဂတိဝိဘင်း။ ။ "ဥပ္ပဇ္ဇတိ" စသည်ဖြင့် ထိုထိုဝါရအားလျော်စွာ ထွက်သောဝိဘင်းသည် ပါဠိဂတိဝိဘင်း မည်၏။ ထိုပါဠိဂတိဝိဘင်းသည် ပုစ္ဆာပါဠိ (သံသယပါဌ်) အားလျော်စွာ ဥပ္ပဇ္ဇတိ၊ ဥပ္ပဇ္ဇိတ္ထ၊ ဥပ္ပဇ္ဇိဿတိ၊ နိရုဇ္ဈတိ၊ နိရုဇ္ဈိတ္ထ၊ နိရုဇ္ဈိဿတိ ဟု ၆ မျိုးရှိ၏။

တစ်ဘက်ရ။ ။ သန္နိဋ္ဌာန်ပုဒ်၏ အရသာဖြစ်သော ဝိဘင်းသည် တစ်ဘက်ရဝိဘင်း မည်၏။

နှစ်ဘက်ရဝိဘင်း။ ။ သန္နိဋ္ဌာန်၊ သံသယနှစ်ပုဒ်လုံး၏အရဖြစ်သော ဝိဘင်းသည် နှစ်ဘက်ရ ဝိဘင်းမည်၏။

မှတ်ချက်။ ။ တစ်ဘက်ရ၊ နှစ်ဘက်ရ ဝိဘင်းတို့ကို အသီးအခြား ခွဲယူ၍မရစကောင်း၊ သရူပဒဿနဝိဘင်းမျှသာဖြစ်၏။ ထို့ကြောင့် ဝိဘင်း ခြောက်မျိုးမရှိ၊ ငါးမျိုးသာရှိ၏ဟု ယူဆကြသေး၏။ ယမိုက်ပါဠိတော် အသွားကို နားလည်ရုံ ရှေးဆရာကြီးများ တီထွင်ထားခဲ့သော အရာမျှသာဖြစ်သောကြောင့် အထူးစိစစ်ဖွယ် မလိုပေ။ အကြွင်းကို ဝိဿဇ္ဇနာ သဘောသွားအတိုင်း မှတ်ပါ။

၁။ မူလယမိုက်

ယမိုက်ကျမ်းကို ဟောတော်မူရခြင်း

ဓမ္မသင်္ဂဏီ စသောကျမ်းတို့၌ ဟောတော်မူအပ်ပြီးကုန်သော ကုသိုလ် စသောတရားတို့၌ ဓမ္မ၊ ပုဂ္ဂလ၊ ဩကာသ စသော မှီရာရှိကုန်သော သန္နိဋ္ဌာန်၊ သံသယတို့နှင့် စပ်လျဉ်းသဖြင့် အမျိုးမျိုးသော နည်းနာနယတို့၌ ကျွမ်းကျင်လိမ္မာစေခြင်း အကျိုးငှာ မြတ်စွာဘုရားသည် ယမိုက်ကျမ်းကို ဟောတော်မူ၏။

ကထာဝတ္ထုကျမ်းနောက်၌ ယမိုက်ကျမ်းကို ဟောရခြင်း

အထူးထူးသော နည်းနာနယတို့၌ လိမ္မာကျွမ်းကျင်ခြင်းသည် ကုသိုလ် စသောတရားတို့၌ မဖောက်မပြန် မှန်ကန်သော အယူကို ယူသူအားသာ ဖြစ်နိုင်၏။ ချွတ်ယွင်းဖောက်ပြန် မဟုတ်မမှန်သောအယူကို ယူသူအား မဖြစ်နိုင်ချေ။ ကုသိုလ် စသောတရားတို့၌ ဖောက်ပြန်ချွတ်ယွင်းသော မိစ္ဆာအယူကိုလည်း ကထာဝတ္ထုကျမ်းဖြင့် တားမြစ်ပယ်ဖျက်တော်မူ၏။ ဤသို့ အကြောင်းအကျိုး စပ်သောကြောင့် ကထာဝတ္ထုကျမ်း၏ အခြားမဲ့၌ ယမိုက်ကျမ်းကို ဟောတော်မူရ၏။

30A

http://www.dhammadownload.com

ယမကဟောနက်။ ။ ယမကပါဠိဟောရိုး၊ ယမကသာလာ စသော ပါဠိရပ်တို့၌ကဲ့သို့ ယမက သဒ္ဒါသည် အစုံ (ယုဂဠတ္ထ) အနက်ကို ဟော၏။

ယမက။ ။ အနက်အတ္ထ အားဖြင့်လည်းကောင်း၊ ပါဠိဓမ္မအားဖြင့် လည်းကောင်း၊ အစုံအစုံ ပြု၍ ဟောသောကျမ်းဖြစ်သောကြောင့် ယမက (ယမိုက်ကျမ်း) မည်၏။

ယမက သုံးမျိုး။ ။ ယမကသည် အတ္ထယမက၊ ဓမ္မယမက၊ ပုစ္ဆာယမက ဟု သုံးမျိုးပြား၏။

အတ္ထယမက။ ။ မူလယမိုက်၌ အနုလောမပုစ္ဆာ၊ သန္နိဋ္ဌာန်အရဖြစ်သော "ကုသိုလ်" ဟူသော အနက်၊ ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန်ပုဒ်အရဖြစ်သော "ကုသိုလ်မူလ" ဟူသော အနက်။

တစ်နည်းအားဖြင့်

အနုလောမပုစ္ဆာသံသယ၏ အရဖြစ်သော ကုသိုလ် မူလဟူသော အနက်

ပဋိလောမပုစ္ဆာသံသယ၏ အရဖြစ်သော "ကုသိုလ်" ဟူသော အနက်အားဖြင့် အနက် နှစ်ပါးစုံသည်ကို အတ္ထယမကဟု ခေါ်၏။ ဤနေရာ၌ အတ္ထသဒ္ဒါ ပါဠိ၏အနက်ကို ဟောပါသည်။ ဓမ္မဝါစက၊ ဖလာဒိဝါစက မဟုတ်ပါ။

ဓမ္မယမက။ ။ အနုလောမပုစ္ဆာ ပါဠိဓမ္မ၊ ပဋိလောမပုစ္ဆာ ပါဠိဓမ္မ နှစ်ပါးစုံသည်ကို ဓမ္မယမကဟု ခေါ်၏။

ပုစ္ဆာယမက။ ။ အနုလောမပုစ္ဆာ၊ ပဋိလောမပုစ္ဆာဟူသော ပုစ္ဆာနှစ်ပါးစုံသည်ကို ပုစ္ဆာယမကဟု ခေါ်၏။

အမှာ။ ။ ဧကမူလယမက စသည်တို့၌လည်း ဤနည်းအတိုင်းခွဲလေ။

ကျမ်းကို ယမိုက်ခေါ်ပုံ

ဆိုခဲ့ပြီးသည့်အတိုင်း အတ္ထ၊ ဓမ္မ၊ ပုစ္ဆာတို့၏အစုံကိုသာ ယမိုက်ဟု ခေါ်သောကြောင့် မူလယမက၊ ဧကမူလယမက စသော အစိတ်အစိတ်တို့ကိုသာ မုချအားဖြင့် ယမိုက်ဟုခေါ်၏။

ထိုမူလယမက၊ ဧကမူလယမက စသော အစိတ်အစိတ်တို့၏ အပေါင်းဖြစ်သော မူလယမိုက်၊ ခန္ဓယမိုက် စသော ယမိုက်ဆယ်ကျမ်းနှင့် ထိုဆယ်ကျမ်းတို့၏ အပေါင်းဖြစ်သော ယမိုက်တစ်ကျမ်းလုံးကိုကား သမ်စုဏ္ဏ၊ သမုဒ္ဒေါမယာဒိဣ္ဍော စသော ပုံစံတို့၌ကဲ့သို့ အစိတ်၏အမည်ကို

30B

http://www.dhammadownload.com

အပေါင်း၌ တင်စားသော အဝယဝူပစာ (ဧကဒေသူပစာ) အားဖြင့်သာ ယမိုက်ဟု ခေါ်၏။ မူချ အားဖြင့် ယမိုက်ဟု မခေါ်နိုင်။

ယမိုက် ၁၀ ကျမ်း

၁။ မူလယမိုက်
၂။ ခန္ဓယမိုက်
၃။ အာယတနယမိုက်
၄။ ဓာတုယမိုက်
၅။ သစ္စယမိုက်
၆။ သင်္ခါရယမိုက်
၇။ အနုသယယမိုက်
၈။ စိတ္တယမိုက်
၉။ ဓမ္မယမိုက်
၁၀။ ဣန္ဒြိယယမိုက်။

ယမိုက် ၁၀ ကျမ်း အစိပ္ပါယ်

လောဘ၊ ဒေါသ စသောမူလတို့နှင့် စပ်လျဉ်း၍ ပုစ္ဆာ၊ ဝိဿဇ္ဇနာ ပြုလုပ်ဟောကြားအပ်သော ယမကကို "မူလယမက" ဟုခေါ်၏။

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ စသောခန္ဓာတို့နှင့်စပ်လျဉ်းသဖြင့် ပုစ္ဆာ၊ ဝိဿဇ္ဇနာ ပြုလုပ်ဟောကြားအပ်သော ယမကကို "ခန္ဓယမက" ဟုခေါ်၏။

အမှာ။ ။ ကြွင်းသောယမကတို့ကိုလည်း နည်းမှီရေးပါ။

မူလယမိုက်ကိုသာရှေးဦးစွာဟောရခြင်း

ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ စသောတရားတို့ကို မူလနှင့် စပ်သဖြင့် ပုစ္ဆာ၊ ဝိဿဇ္ဇနာ ပြုပြီးဟောတော်မူအပ်သောကြောင့် ယမိုက်ဆယ်ကျမ်းတို့တွင် မူလယမိုက်ကို ရှေးဦးစွာဟောတော်မူ၏။ (ပဥ္စပကရဏ-ဋ၊ ၂၈၇)

မှတ်ချက်။ ။ ကုဒါနိမူလယမကေဒေသိတေ ယေဝကုသလာဒိ ဓမ္မေခန္ဓဝသေနသင်္ဂဟိတွာမူလယမကာနန္တရံ ဒေသိတဿခန္ဓယမကဿဝဏ္ဏနာဟောတိ ဟူသောပါဠိစကားရပ်ကို ထောက်၍ ဂဏ္ဌိဆရာ၊ အနုဂဏ္ဌိဆရာ စသောရှေးဆရာအချို့က

မူလယမိုက်၌ ဟောတော်မူအပ်သောကုသိုလ်၊ အကုသိုလ်၊ အဗျာကတ စသော တရားတို့ကိုပင် ခန္ဓာဖွဲ့၍ ခန္ဓယမိုက်ကို ဟောရ၏။ ထို့ကြောင့် မူလယမိုက်ကိုသာ ရှေးဦးစွာ ဟောရ၏ဟု ဆိုကြ၏။

http://www.dhammadownload.com

ရှေးဆရာများကိုးကားသော အထက်ပါ ပါဠိသည် မူလယမိုက်၏အခြားမဲ့၌ ခန္ဓယမိုက်ကို ဟောရပုံကိုသာပြ၏။ မူလယမိုက်ကို ရှေးဦးစွာဟောရပုံနှင့် မည်သို့မျှဆက်စပ်မှုမရှိ။ ထို့ကြောင့် ရှေးဆရာများ၏အဆိုကို ဆင်ခြင်ကြပါလေ။

ဥဒ္ဒေသ၊ နိဒ္ဒေသ။ ။ အဖြေမပါပုစ္ဆာသက်သက်နည်းရရုံမျှ အကျဉ်းပြဆိုခြင်းသည် ဥဒ္ဒေသမည်၏။ ယင်းကိုပင် ပုစ္ဆာဝါရ ဟုလည်းခေါ်၏။

အဖြေနှင့်တကွ အကျယ်ပြဆိုခြင်းသည် နိဒ္ဒေသမည်၏။ ယင်းကို ဝိဿဇ္ဇနာဝါရ ဟုလည်းခေါ်သင့်သေး၏။

ဥဒ္ဒေသကို ရှေးဦးစွာဟောရခြင်း

ရှေးဦးစွာအကျဉ်းပြဆိုအပ်သော ဥဒ္ဒေသအစဉ်ဖြင့်သာ အကျယ်ပြဆိုထိုက်သောကြောင့် ဥဒ္ဒေသ၊ နိဒ္ဒေသနှစ်ပါးတွင် ဥဒ္ဒေသကို ရှေးဦးစွာဟောတော်မူရ၏။

တိကမာတိကာ ဥဒ္ဒေသကိုရှေးဦးစွာဟောရခြင်း

ဓမ္မသင်္ဂဏီစသောကျမ်းတို့၌ ဟောတော်မူခဲ့ပြီးသော ကုသိုလ်စသောတရားတို့၌ သန္နိဋ္ဌာန် သံသယတို့၏အစွမ်းအားဖြင့် အမျိုးမျိုးသောနည်းနာနယတို့၌ လိမ္မာစေခြင်းအကျိုးငှာ ဤယမိုက်ကျမ်းကို ဘုရားရှင်ဟောတော်မူခဲ့ခြင်းဖြစ်၏။ ယင်းဓမ္မသင်္ဂဏီကျမ်း၌လည်း တိက မာတိကာကိုပင် ရှေးဦးစွာ ဟောတော်မူခဲ့၏။ ထို့ကြောင့် ဓမ္မသင်္ဂဏီကျမ်း၌ ဟောတော်မူခဲ့သောအစဉ်ဖြင့်ပင် ဤယမိုက်ကျမ်း၌လည်း တိက မာတိကာဥဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏။

တိကမာတိကာကို ရှေးဦးစွာဟောရခြင်း

ဒုကမာတိကာထက်မှတ်ယူလွယ်ခြင်းကြောင့်လည်းကောင်း၊ အရေအတွက်နည်းပါးခြင်းကြောင့်လည်းကောင်း၊ ဓမ္မသင်္ဂဏီကျမ်း၌လည်း တိက မာတိကာကို ရှေးဦးစွာဟောတော်မူ၏။

အမှာ။ ။ အဘယ်ကြောင့်တိက မာတိကာဥဒ္ဒေသကို ရှေးဦးစွာဟောတော်မူရပါသနည်း ဟူသောမေးခွန်းနှင့် အဘယ်ကြောင့် တိက မာတိကာကို ရှေးဦးစွာ ဟောတော်မူရပါသနည်း ဟူသောမေးခွန်းနှစ်ခုတို့၏အဖြေကို ကွဲပြားခြားနားအောင် လေ့လာထားပါ။

http://www.dhammadownload.com

တိက်ကုန်၊ ဒုက်ကုန်ဟောတော်မူခဲ့ခြင်း

မူလယမိုက်၊ စိတ္တယမိုက်၊ ဓမ္မယမိုက်ဟု ဆိုအပ်သော ယမကသုံးပါးတို့၌ တိက်ကုန်၊ ဒုက်ကုန်ဟောတော်မူခဲ့၏။ သို့သော် သင်္ဂါယနာတင်ဆရာများက ဒေသနာတော်ကို ချုံးချဉ်းလျက် ကုသလတိက်တစ်ခုကိုသာ ထားတော်မူခဲ့ကြ၏။

ကုသလတိတ်ကို ရှေးဦးစွာ ဟောတော်မူခြင်း

အလုံးစုံသော ရုပ်နာမ်ဓမ္မတို့ကို အကြွင်းမရှိ သိမ်းကျုံးမိသောကြောင့်လည်းကောင်း၊ အနဝဇ္ဇ သာဝဇ္ဇဓမ္မတို့၏ အချင်းချင်းရောယှက်မှုမရှိသောကြောင့်လည်းကောင်း၊ ကုသိုလ်ဟူသော အာဒိကလျာဏနှင့် ပြည့်စုံသောကြောင့်လည်းကောင်း ကုသလတိတ်ကို ရှေးဦးစွာ ဟောတော်မူ၏။

ကုသလပဒကို ရှေးဦးစွာ ဟောတော်မူခြင်း

အနဝဇ္ဇ သုခဝိပါက လက္ခဏာရှိသည်ဖြစ်၍ အလုံးစုံသော သန်တတရားတို့ ထက်မြတ်သောကြောင့်လည်းကောင်း၊ အကုသိုလ်တရားတို့ကို ပယ်ဖျက်တတ်သည်ဖြစ်၍ ပညာရှိများ ချီးမွမ်းအပ်သောကြောင့်လည်းကောင်း၊ မျက်မှောက်ဘဝ၌ဖြစ်သောအကျိုး၊ တမလွန်ဘဝ၌ဖြစ်သော အကျိုးတို့ကို ဆောင်တတ်သောကြောင့်လည်းကောင်း ကုသလပဒကို ရှေးဦးစွာဟောတော်မူ၏။

အကုသလပဒကို ဟောတော်မူခြင်း

ကုသိုလ်နှင့် ပဟာယက၊ ပဟာတဗ္ဗအဖြစ်ဖြင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ကုသလပဒ၏ အခြားမဲ့၌ အကုသလပဒကို ဟောတော်မူ၏။

အဗျာကတပဒကို ဟောတော်မူခြင်း

ကုသိုလ်၊ အကုသိုလ်တို့မှ ဖောက်ပြန်သောသဘောရှိသောကြောင့် အကုသလပဒ၏ အခြားမဲ့၌ အဗျာကတပဒကို ဟောတော်မူ၏။

ကုသလာဓမ္မာ။ ။ ကုသလာဓမ္မာ၌ ကုသလာသဒ္ဒါသည် ဓမ္မသင်္ဂဏီအဋ္ဌကထာအလို အာရောဂျ၊ ဗ္ဗဇ္ဇ၊ ဆေကကုသလ၊ သုခဝိပါက ဟူသော အနက်သုံးမျိုး၌ဖြစ်၏။ ယမိုက်အဋ္ဌကထာ အလိုအားဖြင့်လည်း ဗ္ဗဇ္ဇ၊ သုခဝိပါက၊ အနဝဇ္ဇ ဟူသော အနက်နှစ်မျိုး၌သာ ဖြစ်၏။

ဓမ္မသဒ္ဒါသည် ဓမ္မသင်္ဂဏီအဋ္ဌကထာအလို နိဿတ္တ၊ နိဇ္ဇီဝ ဟူသော အနက်နှစ်မျိုး၌ ဖြစ်၏။ ယမိုက်အဋ္ဌကထာအလိုအားဖြင့်ကား သဘာဝအနက်၌သာ ဖြစ်၏။

http://www.dhammadownload.com

အကုသလာဓမ္မာ။ ။ အကုသလာဓမ္မာ၌ အသဒ္ဒါသည် ဝိရုဒ္ဓအနက်ကို ဟော၏။

အဗျာကတာဓမ္မာ။ ။ အဗျာကတာဓမ္မာ၌ အသဒ္ဒါသည် အညအနက်ကို ဟော၏။

နာမပဒကို ဟောတော်မူရခြင်း

ဓမ္မသင်္ဂဏီပါဠိတော်၌ ကုသလပဒ စသော ပဒသုံးမျိုးမျှသာ ဟောတော်မူသော်လည်း ယမိုက်ကျမ်း၌ ကုသိုလ် စသောတရားတို့ကို ပေါင်းယူရေတွက်ခြင်းငှာ (သုံးပဒကို ပေါင်း၍ပြခြင်းငှာ) နာမပဒကို ထည့်သွင်းဟောတော်မူခဲ့၏။ ထို့ကြောင့် လေးပဒဟောတော်မူ၏။

ဝါရဆယ်ခုအဓိပ္ပါယ်

ဝါရ။ ။ ဝါရိယတိဧတေနာတိဝါရော ဟူသော ဝစနတ္ထနှင့်အညီ ပိုင်းခြားကြောင်းဖြစ်သောကြောင့် ဝါရမည်၏။

မူလဝါရ။ ။ အကျိုးပစ္စယုပ္ပန်တရားတို့၏ တည်ရာဖြစ်သောကြောင့် ဟိတ် ၆ ပါးသည် မူလမည်၏။ ထိုမူလအားဖြင့် ဟောသောဝါရဖြစ်သောကြောင့် မူလဝါရ မည်၏။

ဟေတုဝါရ။ ။ အကျိုးပစ္စယုပ္ပန်တရားတို့၏ ဖြစ်ရာဖြစ်သောကြောင့် ဟိတ် ၆ ပါးသည် ဟေတုမည်၏။ ထိုဟေတုအားဖြင့် ဟောသောဝါရဖြစ်သောကြောင့် ဟေတုဝါရ မည်၏။

နိဒါနဝါရ။ ။ မိမိ၏အကျိုးပစ္စယုပ္ပန်တရားကို နှင်းတတ် (ယူတတ်) သောကြောင့် ဟိတ် ၆ ပါးသည် နိဒါန မည်၏။ ထိုနိဒါနအားဖြင့် ဟောသောဝါရဖြစ်သောကြောင့် နိဒါနဝါရ မည်၏။

သမ္ဘဝဝါရ။ ။ အကျိုးပစ္စယုပ္ပန်တရားတို့၏ ကောင်းစွာဖြစ်ရာဖြစ်သောကြောင့် ဟိတ် ၆ ပါးသည် သမ္ဘဝ မည်၏။ ထိုသမ္ဘဝအားဖြင့် ဟောသောဝါရဖြစ်သောကြောင့် သမ္ဘဝဝါရ မည်၏။

ပဘဝဝါရ။ ။ အကျိုးပစ္စယုပ္ပန်တရားတို့၏ အပြားအားဖြင့် (စ၍) ဖြစ်ရာဖြစ်သောကြောင့် ဟိတ် ၆ ပါးသည် ပဘဝ မည်၏။ ထိုပဘဝအားဖြင့် ဟောသောဝါရဖြစ်သောကြောင့် ပဘဝဝါရ မည်၏။

http://www.dhammadownload.com

သမုဋ္ဌာနဝါရ။ ။ အကျိုးပစ္စယုပ္ပန်တရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဟိတ် ၆ ပါးသည် သမုဋ္ဌာန မည်၏။ ထိုသမုဋ္ဌာန အားဖြင့် ဟောသောဝါရဖြစ်သောကြောင့် သမုဋ္ဌာနဝါရ မည်၏။

အာဟာရဝါရ။ ။ အကျိုးပစ္စယုပ္ပန်တရားတို့ကို ဆောင်ထားတတ်သောကြောင့် ဟိတ် ၆ ပါးသည် အာဟာရ မည်၏။ ထိုအာဟာရအားဖြင့် ဟောသောဝါရဖြစ်သောကြောင့် အာဟာရဝါရ မည်၏။

အာရမ္မဏဝါရ။ ။ အကျိုးပစ္စယုပ္ပန်တရားသည် ဆွဲယူအပ်သောကြောင့် ဟိတ် ၆ ပါးသည် အာရမ္မဏ မည်၏။ ထိုအာရမ္မဏအားဖြင့် ဟောသောဝါရဖြစ်သောကြောင့် အာရမ္မဏဝါရ မည်၏။

ပစ္စယဝါရ။ ။ အကျိုးပစ္စယုပ္ပန်တရား၏ စွဲ၍ဖြစ်ရာဖြစ်သောကြောင့် ဟိတ် ၆ ပါးသည် ပစ္စယ မည်၏။ ထိုပစ္စယအားဖြင့် ဟောသောဝါရဖြစ်သောကြောင့် ပစ္စယဝါရ မည်၏။

သမုဒယဝါရ။ ။ အကျိုးပစ္စယုပ္ပန်တရားတို့၏ ကောင်းစွာတက်ရာ (ဖြစ်ရာ) ဖြစ်သောကြောင့် ဟိတ် ၆ ပါးသည် သမုဒယ မည်၏။ ထိုသမုဒယအားဖြင့် ဟောသောဝါရ ဖြစ်သောကြောင့် သမုဒယဝါရ မည်၏။

ဝါရဆယ်ပါးဟောတော်မူခြင်း

ဟေတုဝါရ စသည်တို့သည် မူလဝါရနှင့် တရားကိုယ်အရချင်း တူကြသော်လည်း ဒေသနာဝိလာသ၊ ပုဂ္ဂလဇ္ဈာသယတို့၏ အစွမ်းအားဖြင့် ဝါရဆယ်ပါး ဟောတော်မူ၏။

နယ ၄ ပါး အဓိပ္ပါယ်

သိအပ်သော သဘောရှိသောကြောင့် နယမည်၏။

တစ်နည်း။ ။ သိကြောင်းဖြစ်သော အနက်သဘောကြောင့် နယမည်၏။ မူလအားဖြင့် သိကြောင်း ဖြစ်သောကြောင့် နယသည် မူလနယ မည်၏။

အမှာ။ ။ ကြွင်းသောနယတို့၏ အဓိပ္ပါယ်ကို သိလောက်ပြီဖြစ်၍ မပြတော့ပါ။

http://www.dhammadownload.com

မူလမူလနယကို ဟောတော်မူခြင်း

မူလမူလနယသည် မူလနယနှင့် အရတူသော်လည်း ရှေးဖြစ်သော ကုသလမူလသဒ္ဒါ၊ ကုသလမူလေနဧကမူလသဒ္ဒါ၊ ကုသလမူလေနအညမညမူလသဒ္ဒါတို့ဖြင့် မူလကို အထူးပြုလျက် ထင်စွာပြလိုသောကြောင့် မူလမူလနယကို ထပ်၍ဟောတော်မူ၏။

မူလကနယ စသည်ကို ဟောတော်မူခြင်း

ဗဟုဗ္ဗီဟိသမာသ်၏ အဆုံး၌ဖြစ်သော "က" အက္ခရာဖြင့် ယမကသုံးပါးလုံးမှာ မူလသဒ္ဒါနှင့် ယှဉ်ခြင်းကို ပြလိုသောကြောင့် မူလကနယကို ဟောတော်မူ၏။

မူလမူလကနယသည် မူလကနယနှင့် အရတူသော်လည်း ရှေးဖြစ်သော ကုသလမူလသဒ္ဒါ၊ ကုသလမူလေနဧကမူလသဒ္ဒါ၊ ကုသလမူလေနအညမညမူလသဒ္ဒါတို့ဖြင့် မူလကို အထူးပြုလျက် ထင်စွာပြလိုသောကြောင့်လည်းကောင်း၊ ဗဟုဗ္ဗီဟိသမာသ်၏ အဆုံး၌ဖြစ်သော "က" အက္ခရာဖြင့် ယမကသုံးပါးလုံးမှာ မူလသဒ္ဒါနှင့် ယှဉ်ခြင်းကို ပြလိုသောကြောင့်လည်းကောင်း၊ မူလမူလကနယကို ထပ်ဟောတော်မူ၏။

မူလယမက စသော ယမကသုံးပါးအဓိပ္ပါယ်

အကျိုးပစ္စယုပ္ပန် တရားတို့၏ တည်ရာဖြစ်သောကြောင့် ဟိတ် ၆ ပါးသည် မူလ မည်၏။ ထိုမူလ၏ အစွမ်းဖြင့် အမေးအဖြေပြုလုပ်ဟောကြားအပ်သော ယမကသည် မူလယမက မည်၏။

အမှာ။ ။ ဧကမူလယမက စသည်တို့၏ အဓိပ္ပါယ်ကိုလည်း နားလည်လောက်ပြီဖြစ်၍ မရေးတော့ပါ။

ဧကမူလာ။ ။ ဧကမူလာ၌ ဧကသဒ္ဒါသည် "တစ်" ဟူသော အရေအတွက် သင်္ချာအနက်ကို မဟော၊ တူမျှခြင်းဟူသော သမာနအနက်ကိုသာ ဟော၏။ ထို့ကြောင့် ဧကံ သမာနံ မူလံ ဧတေသန္တိ ဧကမူလာ ဟု ဝိဂ္ဂဟ ပြုရ၏။

တူသောမူလရှိပုံ။ ။ ဟေတုပစ္စည်း တည်းဟူသော မူလရှိကုန်သော (ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်ကုန်သော) သဟိတ်စိတ် ဧကသတ္တတိ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက်ဒွေပညာသ၊ သဟိတ်စိတ္တဇ, သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့သည် ဧကမူလ မည်၏။

http://www.dhammadownload.com

ယင်း ဧကမူလအရ ဟေတုပစ္စယပွန်တရားတို့တွင် သဟိတ်နာမက္ခန္ဓာတို့၏ အကြောင်းလည်း ဟိတ် ၆ပါး ပစ္စည်းတရားပင်ဖြစ်၏။ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့၏ အကြောင်းလည်း ဟိတ် ၆ ပါး ပစ္စည်းတရားပင်ဖြစ်၏။ ဤသို့ သဟိတ်နာမက္ခန္ဓာတို့၏ အကြောင်းပစ္စည်းတရားနှင့် သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့၏ အကြောင်းပစ္စည်းတရားတို့သည် ဟေတုပစ္စည်းချင်း တူညီကြ၏။ ထိုသို့ အကြောင်းတူညီသော တရားတို့ကို ဧကမူလ (တူသောမူလရှိသည်) ဟု ဆိုလို၏။ ဟိတ်သုံးပါး၊ နှစ်ပါး၊ တစ်ပါး စသောအားဖြင့် တူမျှမှသာ ဧကမူလ (တူသော မူလရှိသည်) ဟု ဆိုလိုသည် မဟုတ်ပါ။

ပုစ္ဆာ ၂ ပါး။ ။ ပါဠိတော်အားလျော်စွာ အစုန်အားဖြင့် မေးအပ်သော ပုစ္ဆာသည် အနုလောမပုစ္ဆာမည်၏။ ပြန်လှန်၍ အဆန်အားဖြင့် မေးအပ်သော ပုစ္ဆာသည် ပဋိလောမပုစ္ဆာမည်၏။

ရှင်း။ ။ မူလယမိုက်ကုသလပဒ ဖြစ်ရကား ရှေးဦးစွာ ကုသိုလ်ကို ပဓာန (မူ) ထား၍ "ကုသိုလ်ဓမ္မတို့သည် ကုသိုလ်မူလ မည်ကုန်သလော" ဟု မေးအပ်သည်။ ထိုသို့ မေးသည်ကို ပါဠိတော်အားလျော်စွာ အစုန်မေးသည်ဟု ဆို၏။

ယင်းပုစ္ဆာကိုပင် သန္နိဋ္ဌာန်သံသယပြန်လှန်၍ "ကုသိုလ်မူလမည်ကုန်သော တရားတို့သည် ကုသိုလ်ဓမ္မ မည်ကုန်သလော" ဟု မေးအပ်ပြန်၏။ ထိုသို့ မေးသည်ကို ပြန်လှန်၍ အဆန်အားဖြင့် မေးသည်ဟု ဆို၏။

အတ္ထ (အနက်) ၂ ပါး။ ။ သန္နိဋ္ဌာန်၊ သံသယနှစ်ပါးကို အတ္ထ (အနက်) ဟုခေါ်၏။

သန္နိဋ္ဌာန်။ ။ အမြဲမှတ်အပ်သော အနက်ရှိသောကြောင့် သန္နိဋ္ဌာန်မည်၏။

သံသယ။ ။ ယုံမှားအပ်သော အနက်ရှိသောကြောင့် သံသယမည်၏။

သန္နိဋ္ဌာန်၊ သံသယ ခွဲပုံ။ ။ ယေကေစိကုသလာဓမ္မာ၊ သဗ္ဗေတေကုသလမူလာ ဟူသော အနုလောမပုစ္ဆာ၌ ယေကေစိကုသလာဓမ္မာသည် သန္နိဋ္ဌာန်မည်၏။

သဗ္ဗေတေကုသလမူလာသည် သံသယမည်၏။

မေး။ ။ အဘယ်ကြောင့် ယေကေစိကုသလာဓမ္မာကို သန္နိဋ္ဌာန်ဟုဆို၍၊ သဗ္ဗေတေကုသလမူလာကို သံသယဟု ဆိုအပ်ပါသနည်း။

http://www.dhammadownload.com

ဖြေ။ ။ အမြဲမှတ်အပ်သော အနက်ရှိသောကြောင့် "ယေကေစိကုသလာဓမ္မာကို သန္နိဋ္ဌာန်" ဟုဆို၍၊ ယုံမှားအပ်သော အနက်ရှိသောကြောင့် "သဗ္ဗေတေကုသလမူလာ" ကို သံသယဟု ဆိုအပ်ပါသည်။

အမြဲမှတ်အပ်သော အနက်ရှိပုံနှင့် ယုံမှားအပ်သော အနက်ရှိပုံ

ယေကေစိကုသလာဓမ္မာ ဟူသော သန္နိဋ္ဌာန်ပုဒ်အရ ကုသိုလ်စိတ် ဇေဝီသ၊ စေတသိက် အဋ္ဌတ္တိံသ တို့၌ "ကုသိုလ် မည်ကုန်သလော၊ မမည်ကုန်သလော" ဟု ယုံမှားသံသယ ဖြစ်ဖွယ်မရှိ၊ ကုသိုလ်မည်ကုန်သည်သာဟု အမြဲမှတ်အပ်သော အနက်ရှိ၏။ ထို့ကြောင့် "ယေကေစိကုသလာဓမ္မာ" ဟူသောပုဒ်သည် သန္နိဋ္ဌာန် မည်၏။

"သဗ္ဗေတေကုသလမူလာ" ဟူသော သံသယပုဒ်၌ "ကုသိုလ်မည်သမျှတရားအားလုံး သည် ကုသိုလ်မူလမည်လေသလော၊ မမည်သလော" ဟု ယုံမှားအပ်၏။ ထိုသို့ ယုံမှားအပ်သော အနက်ရှိသောကြောင့် ယင်းသဗ္ဗေတေကုသလမူလာ ဟူသောပုဒ်သည် သံသယမည်၏။ (ပဉ္စပကရဏဋ္ဌ - ၂၈၈)

တစ်နည်း။ ။ မေးအပ်သမျှသော အနက်တို့ကို ပါဠိဂတိ၊ ပဋိဝစန၊ သရူပဒဿန၊ ပဋိက္ခေပ၊ ပဋိသေဓ ဟူသော ၅ ရပ်သော နည်းတို့ဖြင့် ဆုံးဖြတ်ခြင်းသည် သန္နိဋ္ဌာန် မည်၏။

ထိုသို့ ဆုံးဖြတ်ခြင်း မရှိသောကြောင့် ယုံမှားခြင်းသည် သံသယ မည်၏။ (အနုဋီကာ)

သံသယပုဒ်ကို ဟောတော်မူခြင်း

ဝေနေယျတို့၏ သံသယဖြစ်လောက်သောအရာ၌ သံသယဖြစ်ပုံကို ပြလိုသောကြောင့် သံသယပုဒ်ကို ဟောတော်မူ၏။ ဘုရားရှင်မှာ ယုံမှားသံသယဖြစ်သောကြောင့် သံသယပုဒ်ကို ဟောတော်မူသည်မဟုတ်၊ ဘုရားရှင်မှာ ယုံမှားသံသယဖြစ်ခြင်းမည်သည် လုံးဝမရှိတော့ပါ။

သန္နိဋ္ဌာန်ပုဒ်ကို ရှေးဦးစွာ ဟောတော်မူခြင်း

အဘိဓမ္မာတရားတော်ကို နာကြားကြသော နတ်ပြဟ္မာများ၏ သန္တာန်၌ သံသယ ရှေးဦးစွာဖြစ်၍ သံသယပုဒ်ကို ရှေးဦးစွာ ဟောသင့်သော်လည်း ယမိုက်ကျမ်းကို ဟောတော်မူသော ဘုရားရှင်၏ သန္တာန်၌ သန္နိဋ္ဌာန်သာ ရှေးဦးစွာဖြစ်သည် ဟူသော အနက်အဓိပ္ပါယ်ထူးကို ပြလိုသော ကြောင့် သန္နိဋ္ဌာန်ပုဒ်ကို ရှေးဦးစွာ ဟောတော်မူ၏။

http://www.dhammadownload.com

သန္နိဋ္ဌာန်၊ သံသယမမြဲခြင်း

အနုလောမပုစ္ဆာ၏ သန္နိဋ္ဌာန်သည် ပဋိလောမပုစ္ဆာ၌ သံသယဖြစ်ရ၏။ အနုလောမပုစ္ဆာ၏ သံသယသည်လည်း ပဋိလောမပုစ္ဆာ၌ သန္နိဋ္ဌာန် ဖြစ်ရပြန်၏။ ဤသို့ သန္နိဋ္ဌာန်၊ သံသယပုဒ်များ မမြဲကြပါ။

သတ္တဝါတို့ အလိုအဇ္ဈာသယ အမျိုးမျိုးရှိသောကြောင့် ထိုသို့ သန္နိဋ္ဌာန်၊ သံသယမမြဲရခြင်းဖြစ်၏။

မှန်လှ၏။ အချို့သတ္တဝါများမှာ "ကုသိုလ်မည်သောတရားသည် ကုသိုလ်မူလမည်လေသလော" ဟု သံသယဖြစ်တတ်၏။ အချို့သတ္တဝါများမှာ "ကုသိုလ်မူလမည်ကုန်သော တရားတို့သည် ကုသိုလ်မည်လေကုန်သလော" ဟု သံသယဖြစ်တတ်၏။ ဤသို့ စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ သံသယဖြစ်ကြသောကြောင့် သန္နိဋ္ဌာန်၊ သံသယများ အမြဲမရှိကြပါ။ သတ္တဝါများ ယုံမှားကင်းစေရန် ပြန်လှန်၍ ဟောတော်မူ၏။

အညမညမူလယမက

မေး။ ။ အညမညမူလယမက အနုလောမပုစ္ဆာ၌ ယေကေစိကုသလာဓမ္မာ ဟု မေးတော်မမူဘဲ အဘယ့်ကြောင့် ယေကေစိကုသလမူလေန ဧကမူလာ ဟု မေးတော်မူပါသနည်း။

ဖြေ။ ။ ကုသလသဒ္ဒါ၏ အနက်သည် ကုသလမူလေန ဧကမူလသဒ္ဒါ၏ အနက်၌ အတွင်းဝင်လေပြီးဖြစ်သောကြောင့် ယေကေစိကုသလာဓမ္မာ ဟုမေးတော်မမူဘဲ ယေကေစိကုသလမူလေန ဧကမူလာဟု မေးတော်မူပါသည်။ (အနုဋီ - ၁၁၉)

မေး။ ။ အညမညမူလယမက ပဋိလောမပုစ္ဆာ၌ သဗ္ဗေတေကုသလမူလေန ဧကမူလာ ဟု ဟောတော်မမူဘဲ အဘယ်ကြောင့် သဗ္ဗေတေဓမ္မာ ကုသလာ ဟု ဟောတော်မူပါသနည်း။

ဖြေ။ ။ အနက်အထူးမရှိသောကြောင့် သဗ္ဗေတေဓမ္မာ ကုသလာ ဟု ဟောတော်မူပါသည်။

ရှင်း။ ။ သဗ္ဗေတေကုသလမူလေန ဧကမူလ ဟု ဟောတော်မူသည်ရှိသော် မူလာနိယာနိ ကေတော ဥပ္ပဇ္ဇန္တိ စသော အနုလောမ၌ ဖြေဆိုအပ်ခဲ့သော မူလအဖြေဖြစ်ရာ၏။ ထိုသို့ မူလအဖြေဖြစ်ခဲ့သော် အနုလောမ၊ ပဋိလောမ ဝိဿဇ္ဇနာ (အဖြေ) တူသောကြောင့် အနက်

http://www.dhammadownload.com

အထူးမရှိနိုင်ရာ။ ထိုသို့ အနက်အထူးမရှိသောကြောင့် "သဗ္ဗေတေဓမ္မာ ကုသလာ" ဟု ဟောတော်မူပါသည်။ (အဋ္ဌကထာအလို)

တစ်နည်း။ ။ ဧကမူလအရကား အကျယ်၊ အညမညမူလအရကား အကျဉ်းဖြစ်၍၊ အညမညမူလကို သန္နိဋ္ဌာန်ဆုံးဖြတ်ပြီးသော် ဧကမူလကို သံသယရှိဖွယ်မရှိသောကြောင့် သဗ္ဗေတေကုသလ မူလေန ဧကမူလာ ဟု ဟောတော်မမူဘဲ၊ သဗ္ဗေတေဓမ္မာ ကုသလာ ဟူ၍သာ ဟောတော်မူပါသည်။ (မူလဋီကာအလို)

တစ်နည်း။ ။ သဗ္ဗေတေကုသလမူလေန ဧကမူလာ ဟု မေးလျှင်လည်း အာမန္တာ၊ သဗ္ဗေတေဓမ္မာ ကုသလာ ဟု မေးလျှင်လည်း အာမန္တာပင်။ ကုသလမူ သုံးခုသာရ၍ ဝိသဇ္ဇနာ အထူးမရှိသောကြောင့် သဗ္ဗေဓမ္မာ ကုသလာ ဟု ဟောတော်မူပါသည်။ (ဆရာနည်း)

အတ္ထ။ ။ သန္နိဋ္ဌာန်၊ သံသယကို ယမိုက်ကျမ်း၌ အတ္ထ ဟုခေါ်၏။ သို့သော် မုချအားဖြင့် မခေါ်နိုင်။ ဥပစာအားဖြင့်သာ ခေါ်နိုင်သည်။ သန္နိဋ္ဌာန် သံသယတို့၏ အရဖြစ်သော ကုသိုလ် စသည်တို့သာ မုချအားဖြင့် အတ္ထမည်၏။ သန္နိဋ္ဌာန်၊ သံသယပုဒ်တို့ကား ဖလူပစာအားဖြင့်သာ အတ္ထမည်ကြ၏။

သုဏန္တပက္ခ၌ အနက်နှင့်သဒ္ဒါတို့တွင် အနက်သည် အကျိုး၊ သဒ္ဒါသည် အကြောင်းဖြစ်၏။ ထို့ကြောင့် အကျိုးဖြစ်သောကုသိုလ် စသည်တို့၏ "အတ္ထ" ဟူသော အမည်ကို အကြောင်းဖြစ်သော သန္နိဋ္ဌာန်၊ သံသယတို့၌ တင်စားခေါ်ဝေါ်သော ဖလူပစာအားဖြင့် သန္နိဋ္ဌာန်၊ သံသယတို့ကိုလည်း အတ္ထ ဟုပင်ခေါ်နိုင်၏။

တီဏေဝ ကုသမူလာနိ

တိဟိတ်ကုသိုလ်၊ ဒွိဟိတ်ကုသိုလ် ဟု ကုသိုလ်နှစ်မျိုးရှိရာတွင် တိဟိတ်ကုသိုလ်၌ မူလ သုံးပါးရှိ၍၊ ဒွိဟိတ်ကုသိုလ်၌ မူလနှစ်ပါးသာရှိ၏။ တီဏေဝ ကုသလမူလာနိ ဟု ဟောတော်မူသောကြောင့် ဒွိဟိတ်၌ရှိသော မူလနှစ်ပါးကြွင်းကျန်နေသည် ဟု ယူဆရာ၏။

တိဟိတ်ကုသိုလ်၌ရှိသော မူလသုံးပါး ဟူသော အပေါင်းကို ဆိုသဖြင့် ဒွိဟိတ်ကုသိုလ်၌ ရှိသော မူလနှစ်ပါး ဟူသော အစိတ်လည်း ပါဝင်ပြီးဖြစ်သောကြောင့် ဒွိဟိတ်၌ရှိသော မူလနှစ်ပါး မကြွင်းကျန်တော့ပါ။

http://www.dhammadownload.com

အဝသေသာ။ ။ ကုသိုလ်မူ သုံးခုမှကြွင်းသောတရားတို့သည် ကုသိုလ်မည်ကုန်၏ ဟုဆိုသော် အကုသိုလ်နှင့် အဗျာကတတို့လည်း ကုသိုလ်မည်ရာသည် မဟုတ်လော။

မမည်နိုင်ပါ။ ထေရောအဘိဓမ္မံဘာသတု မထေရ်မြတ်သည် အဘိဓမ္မာကို ဟောတော်မူပါဟုဆိုရာဝယ် "ထေရ" ဟု သာမညဆိုသော်လည်း အဘိဓမ္မာကို မဟောနိုင်သော တောထွက်ထေရ်၊ ပရိယတ်ကျမ်းဂန် မကျွမ်းကျင်သော ဗာလထေရ်များကို မယူဘဲ၊ အဘိဓမ္မာကို ဟောနိုင်ပြောနိုင်သော ပညာရှိကဝိထေရ်များကိုသာ ယူရဘိသကဲ့သို့ ကြွင်းသောတရားဟု သာမညဆိုသော်လည်း အကုသိုလ် အဗျာကတကို မယူရ။ ကုသိုလ်မူ သုံးခုမှ တစ်ပါးသောကုသိုလ်တရားတို့ကိုသာ ယူရ၏။

ပဥ္စဝေါကာရဘုံ၌ဖြစ်သောအခါ

ကုသိုလ်နာမက္ခန္ဓာတို့သည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်သော သဟဇာတ ဇနကသတ္တိ ရှိကြသော်လည်း စတုဝေါကာရဘုံ၌ ဖြစ်ခိုက် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ပါ။ ပဥ္စဝေါကာရဘုံ၌ ဖြစ်ခိုက်သော စိတ္တဇရုပ်ကိုဖြစ်စေနိုင်ကြ၏။ ထို့ကြောင့် စတုဝေါကာရဘုံ၌ ဖြစ်ခိုက်ကုသိုလ်တို့ကို တားမြစ်လို၍ "ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ" ဟု ထည့်သွင်းအရကောက်ရ၏။

ကုသိုလ်နာမက္ခန္ဓာတို့သည် ယထာရဟာပြုအပ်သော

ကုသိုလ်စိတ် ဧကဝီသ၊ စေတသိတ် အဋ္ဌတိံသ နာမက္ခန္ဓတို့သည် ယထာရဟာပြုအပ်သော စိတ္တဇရုပ်ရ၏ ဟူသော စကားရပ်တွင် စိတ္တဇရုပ်ရ၏ ဟူသောစကားသာ လိုရင်းပဓာနဖြစ်၏။ ကျန်စကားများသည် စိတ္တဇရုပ်ကို အထူးပြုသော ဝိသေသနစကားမျှသာဖြစ်၏။

စိတ္တဇရုပ်သည် ကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်၊ အဗျာကတပြုအပ်သော စိတ္တဇရုပ် ဟု သုံးမျိုးရှိ၏။ ထိုတွင် အကုသိုလ်၊ အဗျာကတစိတ္တဇရုပ်တို့ကို တားမြစ်လိုသောကြောင့် "ကုသိုလ်စိတ် ဧကဝီသ၊ စေတသိတ် အဋ္ဌတ္တိံသ နာမက္ခန္ဓ တို့သည် ယထာရဟာပြုအပ်သော" ဟူသော ဝိသေသနစကားရပ်ကို ထည့်ဆိုရ၏။

ယထာရဟာပြုပုံ။ ။ စိတ်ဖြစ်တိုင်း၊ စိတ္တဇရုပ် သတ္တရသကို အပြည့်အစုံဖြစ်စေနိုင်သည်မဟုတ်။ မိန်းမောတွေဝေအိပ်ပျော်နေသောအခါ၊ နှလုံးမသာမယာ စိတ်ညှိုးနွမ်းနေသောအခါတို့၌ သုဒ္ဓဋ္ဌက ကလာပ်ကိုသာ ဖြစ်စေ၏။

ကိုယ်လက်အင်္ဂါ လှုပ်ရှား၍ နှလုံးမသာမယာ စိတ်ညှိုးနွမ်းနေသောအ ခါ ကာယဝိညတ္တိနဝက ကလာပ်ကိုဖြစ်စေ၏။

http://www.dhammadownload.com

စိတ်လေးပါးညီညွတ်၍ စိတ်ကြည်လင်ရွှင်လန်းသောအခါ လဟုတာ ဒေကာဒသက ကလာပ် ကိုဖြစ်စေ၏။

စိတ်ကြည်လင်ရွှင်လန်းစွာဖြင့် ကိုယ်လက်လှုပ်ရှားသောအခါ ကာယ ဝိညတ္တိလဟုတာ ဒွါဒသက ကလာပ်ကိုဖြစ်စေ၏။

စိတ်ကြည်လင်ရွှင်လန်းစွာဖြင့် နှုတ်အင်္ဂါလှုပ်ရှားသောအခါ ဝစီ ဝိညတ္တိသဒ္ဒလဟုတာ ဒွိတေရသက ကလာပ်ကိုဖြစ်စေနိုင်၏။

ဤသို့ယထာရဟာပြုပါသည်။

စိတ္တဇရုပ်သတ္တရသ။ ။ ကေမူလပဋိလောမပုစ္ဆာ၌ ကုသိုလ်နာမက္ခန္ဓတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ်သတ္တရသရ၏ ဟု အရကောက်၏။ သင်္ဂြိုဟ်ကျမ်း၌ စိတ္တဇရုပ် ပန္နရသဟု ဆို၏။ သင်္ဂြိုဟ်ကျမ်း၌ ဥပစယ၊ သန္တတိမ ပါ၍ စိတ္တဇရုပ် ပန္နရသ သာ ဖြစ်၏။ ဤ၌ကား ဥပစယ၊ သန္တတိကို ထည့်၍ စိတ္တဇရုပ်သတ္တရသဟု ဆိုရိုးပြုအရကောက်၏။

မေး။ ။ ဥပစယ၊ သန္တတိကို ထည့်၍ စိတ္တဇရုပ်သတ္တရသဖြစ်လျှင် ဇာယမာနာဒိရူပါနံ (ပ) ကေဟိစိတိကာသိတံ (လက္ခဏာရုပ်များသည် အကြောင်းလေးပါးတွင် မည်သည့်အကြောင်းကြောင့်မျှ မဖြစ်) ဟူသော အဘိဓမ္မတ္ထသင်္ဂဟ စကားနှင့်ဆန့်ကျင်သည် မဟုတ်ပါလော။ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ။ မဆန့်ကျင်ပါ။ ဥပစယ၊ သန္တတိတို့ကား စတုသမုဋ္ဌာနိကရုပ်တို့၏ ဖြစ်စဖြစ်စဉ် ဥပါဒ်သဘောဖြစ်သောကြောင့် ပရိယာယ်အားဖြင့် စတုသမုဋ္ဌာနိကရုပ်သို့သွင်း၍ သတ္တရသဖြစ်ပါသည်။ အဘိဓမ္မတ္ထသင်္ဂဟ၌မူကား မုချအားဖြင့်သာ ဆိုထားသောကြောင့် စိတ္တဇရုပ် ပန္နရသ ဖြစ်ရပါသည်။

မေး။ ။ ဥပစယ၊ သန္တတိကို စတုသမုဋ္ဌာနိကရုပ်အတွင်းထည့်သွင်းကောက်ယူခဲ့သော် လက္ခဏာ ရုပ်ချင်းတူသော ဇရတာနှင့် အနိစ္စတာကိုလည်း စတုသမုဋ္ဌာနိကရုပ်အဖြစ် ကောက်ယူသင့်သည် မဟုတ်ပါလော။

ဖြေ။ ။ မကောက်ယူသင့်ပါ။ ဥပစယ၊ သန္တတိတို့သည် စတုသမုဋ္ဌာနိကရုပ်တို့၏ ဖြစ်စဖြစ် စဉ် ဥပါဒ်သဘောဖြစ်၍ ဇနကသတ္တိရှိစဉ်အခိုက်အတန့်၌ ဖြစ်ကြရ၏။ ထို့ကြောင့် ပရိယာယ်အားဖြင့် စတုသမုဋ္ဌာနိကရုပ်အမည်ကို ရနိုင်ကြ၏။ ဇရတာ၊ အနိစ္စတာတို့ကား

http://www.dhammadownload.com

စတုသမုဋ္ဌာနိကရုပ်တို့၏ ရင့်စဉ်ပျက်စဉ် ဋီသဘော၊ ဘင်သဘောဖြစ်ကြ၍ ဇနကသတ္တိငြိမ်းစဲမှ ဖြစ်သောကြောင့် "စတုသမုဋ္ဌာနိကရုပ်" ဟူသော အမည်ကို မရနိုင်သည့်အတွက် မကောက်ယူသင့်ပါ။

မေး။ ။ ဇရတာ၊ အနိစ္စတာတို့ စတုသမုဋ္ဌာနိကရုပ် ဟူသောအမည်ကို မရခဲ့သော် "ဇရာမရဏံ ဘိက္ခဝေ အနိစ္စံသင်္ခတံပဋိစ္စသမုပ္ပန္နံ" စသည်ဖြင့် ဟောတော်မူအပ်သော သုတ္တန်ပါဠိတော်နှင့်ဆန့်ကျင်နေသည် မဟုတ်လော။

ဖြေ။ ။ မဆန့်ကျင်ပါ။ သုတ္တန်ပါဠိတော်၌ သင်္ခတ၊ ပဋိစ္စသမုပ္ပန္န ဟု ဟောတော်မူသည်ကား မှန်၏။ ထိုသို့ ဟောတော်မူသည်မှာ ယင်းဇရတာ၊ အနိစ္စတာတို့ကို စတုသမုဋ္ဌာနိကရုပ်တို့၏ ရင့်ခြင်း၊ ပျက်ခြင်း အခိုက်အတန့်ဖြစ်၍ ပရိယာယ်အားဖြင့်သာ ဟောတော်မူပါသည်။ မုချအားဖြင့် ဟောတော်မူသည် မဟုတ်ပါ။ ထို့ကြောင့် အထက်ပါ သုတ္တန်ပါဠိတော်နှင့်မဆန့်ကျင်ပါ။

မေး။ ။ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာတို့သည် မုချအားဖြင့် အကြောင်းတရားကြောင့် မဖြစ်ခဲ့သော် ယုန်ချိုကဲ့သို့ ထင်ရှားမရှိသော အဘာဝတရားမျိုး၊ နိဗ္ဗာန်ကဲ့သို့ အခါခပ်သိမ်း ထင်ရှားရှိသော နိစ္စတရားမျိုးဖြစ်ရာသည် မဟုတ်လော။

ဖြေ။ ။ မှီရာဖြစ်သော ပထဝီ စသော ရုပ်တို့နှင့် ဆက်စပ်၍ ဖြစ်ရခြင်းကြောင့် ယုန်ချိုကဲ့သို့ ထင်ရှားမရှိသော အဘာဝတရားမျိုး၊ နိဗ္ဗာန်ကဲ့သို့ အခါခပ်သိမ်း ထင်ရှားရှိသော နိစ္စတရားမျိုး မဖြစ်နိုင်ပါ။

မှန်၏။ မှီရာဖြစ်သော ပထဝီ စသောရုပ်များထင်ရှားဖြစ်ပေါ်လာလတ်သော် လက္ခဏာရုပ်လေးခုထင်ရှားဖြစ်ပေါ်လာ၏။ ထို့ကြောင့် အဘာဝတရားမျိုး မဖြစ်နိုင်ပါ။ ထို ပထဝီ စသောရုပ်များ ထင်ရှားမရှိတော့ဘဲ ချုပ်ပျောက်ခဲ့သော် လက္ခဏာရုပ် လေးခုတို့လည်း ချုပ်ပျောက်ကြရ၏။ ထို့ကြောင့် နိစ္စတရားမျိုးလည်း မဖြစ်နိုင်ပါ။

မေး။ ။ ဇရတာ၊ အနိစ္စတာတို့သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် မဖြစ်ပါဘဲလျက် ဇရာမရဏံ ဘိက္ခဝေ အနိစ္စ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ စသော သုတ္တန်ပါဠိတော်လာ စကားရပ်ကို အဘယ်ကြောင့် ပရိယာယ်အားဖြင့် ဟောတော်မူပါသနည်း။

ဖြေ။ ။ "ဇရာ မရဏတို့သည် ထင်ရှားမရှိသော အဘာဝတရားမျိုးတည်း၊ အခါခပ်သိမ်း ထင်ရှားရှိသော နိစ္စတရားမျိုးတည်း" ဟု သတ္တဝါများ အထင်အမြင် လွဲမှားမှုကို တားမြစ်လိုသော ကြောင့် "ဇရာ မရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စ သမုပ္ပန္နံ" စသော သုတ္တန်ပါဠိတော်ကို ဘုရားရှင် ဟောတော်မူ၏။

http://www.dhammadownload.com

စေတသိကဇ မခေါ်ရ။ ။ စိတ္တသမုဋ္ဌာန စိတ်ကြောင့်ဖြစ်သောရုပ် ဆိုသော်လည်း စိတ်တစ်ခုတည်းကြောင့်သာ ဖြစ်သည်မဟုတ်၊ စိတ်၊ စေတသိတ် နှစ်ပါးစုံကြောင့် ဖြစ်ရ၏။ ထို့ကြောင့် အရကောက်ရာ၌လည်း "ကုသိုလ်စိတ် ဧကဝီသ၊ စေတသိတ် အဋ္ဌတ္တိံသ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော" ဟု စေတသိတ်ကိုပါ ထည့်သွင်းကောက်ပြထား၏။

ယင်းသို့ စိတ်၊ စေတသိတ် နှစ်ပါးကြောင့် ဖြစ်သော်လည်း လောကိယ ဒေသနာတော်အရာမှာ စိတ်သာလျှင် အကြီးအမှူး ခေါင်းဆောင်ဖြစ်သောကြောင့် စိတ္တဇရုပ် ဟုသာ ခေါ်ရ၏။ "စိတ္တစေတသိကဇရုပ်" ဟု မခေါ်ရ။

ကုသလ သမုဋ္ဌာနံ ရူပံ။ ။ ကုသလ သမုဋ္ဌာန ရုပ်သည် ကုသိုလ်ကြောင့်ဖြစ်သော်လည်း (အနဝဇ္ဇသုခဝိပါက) အပြစ်မရှိခြင်း၊ ကောင်းသော အကျိုးကို ပေးခြင်း ဟု ဆိုအပ်သော ကုသိုလ်လက္ခဏာ မရှိသောကြောင့် ကုသိုလ် ဟု မခေါ်ရ။

မေး။ ။ "ကုသလ သမုဋ္ဌာနံ ရူပံ" ဟု ဟောတော်မူသောကြောင့် အတိတ်ကုသိုလ်ကံ စေတနာ ကဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မပစ္စယသတ္တိဖြင့် ဖြစ်စေအပ်သော ကမ္မဇရုပ်များကိုလည်း ကုသလ သမုဋ္ဌာနံ ရူပံ အရကောက်ယူသင့်သည် မဟုတ်ပါလော။ အဘယ်ကြောင့် မကောက်ယူပါသနည်း။

ဖြေ။ ။ ကမ္မဇရုပ် အရာမဟုတ်သောကြောင့် ကုသိုလ် ကမ္မဇရုပ်များကို ကုသလ သမုဋ္ဌာနံ ရူပံ အရမကောက်ယူပါ။ ရှင်းပါဦးအံ့။ ကုသိုလ်မူ သုံးခုတည်း ဟူသော ဟေတုပစ္စည်းတရားသည် ကမ္မဇရုပ်အား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်သောကြောင့် ယင်း ကမ္မဇရုပ်တို့သည် ဧကမူလပင် မဖြစ်နိုင်ကြပါ။ ဤအရာကား ဧကမူလမည်သောတရားတို့ကိုသာ ဟောသော အရာဖြစ်ပါသည်။ ထို့ကြောင့် ဧကမူလအမည်မရသော ကမ္မဇရုပ်တို့ကို မကောက်ယူရပါ။

မူလာနိယာနိ။ ။ အညမညမူလယမက အနုလောမ နှစ်ဘက်ရသည် ကုသိုလ်ဟိတ်သုံးပါး ဖြစ်၏။ မူလယမက အနုလောမ နှစ်ဘက်ရလည်း ကုသိုလ်ဟိတ်သုံးပါးပင်ဖြစ်၏။ ထို့ကြောင့် မူလယမကမှာကဲ့သို့ တီဏေဝဟု ဝိဘင်းထွက်သင့်၏။ သို့ပါလျက် ထိုသို့ မထွက်ဘဲ အဘယ့်ကြောင့် "မူလာနိယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ" ဟု ဝိဘင်းထွက်ရပါသနည်း။

မူလအရဟိတ်သုံးပါးနှင့် အညမညမူလအရဟိတ်သုံးပါးတို့သည် သင်္ချာအားဖြင့် တူကြသော်လည်း သဘာဝအားဖြင့် မတူကြပါ။ ထို့ကြောင့် "တီဏေဝ" ဟု ဝိဘင်းမထွက်ဘဲ "မူလာနိယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ" ဟုသာ ဝိဘင်းထွက်ရပါသည်။

http://www.dhammadownload.com

ရှင်းပါဦးမည်။ ပစ္စည်း ပစ္စယုပ္ပန်ဖြစ်သော ဟိတ်သုံးပါးသည် မူလမည်၏။ ပစ္စယုပ္ပန်မျှသာဖြစ်သော ဟိတ်သုံးပါးသည် အညမညမူလ မည်၏။ သို့ဖြစ်၍ "တီဏော" ဟု သာမညအားဖြင့် ဟောလိုက်ပါလျှင် ပစ္စည်းဟိတ်သုံးပါးလည်း ပါဝင်သွားလိမ့်မည်။ ထိုဟိတ်သုံးပါးသည် အညမညမူလ မမည်ပါ။

ထို့ကြောင့် ထိုက်သည့်အားလျော်စွာ အတူတကွဖြစ်နေကြသော အကျိုးပစ္စယုပ္ပန်ဟိတ်တို့ကိုသာ ယူစေလိုသောကြောင့် "မူလာနိယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ကုသလမူလာနိ" ဟု ဟောတော်မူပါသည်။

ကုသလမူလာနိ။ ။ မူလာနိယာနိ ဧကတော ဥပ္ပဇ္ဇန္တိ ၌ "မူလ" သဒ္ဒါသည် ကုသိုလ်မူလ၊ အကုသိုလ်မူလ၊ အဗျာကတမူလများနှင့် ဆက်ဆံနေသော သာမညသဒ္ဒါ ဖြစ်၏။ ဤအညမညမူလယမက၌ ကုသိုလ်မူလကိုသာ ယူရမည်ဟူသော အနက်ထူးကို ပြလိုသောကြောင့် ကုသလမူလာနိပုဒ်ကို ဘုရားရှင် ထပ်ဟောတော်မူ၏။

မောဟမူဒွေ၌ မောဟ။ ။ မောဟစေတသိက်သည် မောဟမူဒွေ၌သာ ယှဉ်သည်မဟုတ်၊ လောဘမူ, ဒေါသမူတို့၌လည်း ယှဉ်သေး၏။ ထို့ကြောင့် မောဟမူဒွေ၌ မောဟကို ကြဉ်သော်လည်း လောဘမူ၊ ဒေါသမူတို့၌ ယှဉ်သော မောဟကြွင်းကျန်နေခြင်းကြောင့် စေတသိက် အရေအတွက် မလျော့တော့ပါ။

မောဟမူဒွေ၌ မောဟသည် ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ်ဟိတ် မရှိသောကြောင့် အဟိတ်အကုသိုလ် မည်၏။

အကုသိုလ်စိတ်ဒွါဒသ၊ မောဟမူဒွေ၌ မောဟကြဉ်သော စေတသိက် သတ္တဝီသသည် ယှဉ်ဖော်ယှဉ်ဖက် သမ္ပယုတ်ဟိတ်ရှိသောကြောင့် သဟိတ်အကုသိုလ် မည်၏။

ရုပ် ၇ မျိုး ခွဲကောက်ခြင်း

အဗျာကတပဒ အရကောက်၌ ရုပ်အဋ္ဌဝီသကို ပဋ္ဌာန်းပါဠိတော်နည်းအတိုင်း စိတ္တဇ၊ ပဋိသန္ဓေ ကမ္မဇ၊ ဗာဟိရ၊ အာဟာရဇ၊ ဥတုဇ၊ အသညသတ် ကမ္မဇ၊ ပဝတ္တိကမ္မဇရုပ် ဟု ခုနစ်မျိုး ခွဲ၍ ဆိုရိုးပြုထား၏။ သို့သော် ရုပ်အကုန်လုံးပါဝင်သော မူလယမက စသည်၌ အထူးခွဲစိတ်မနေဘဲ "ရုပ်အဋ္ဌဝီသ" ဟုပင် ဆိုရိုးပြုထား၏။ ရုပ်ခုနစ်မျိုး အပြည့်အစုံမရသော ဧကမူလယမက စသည်တို့၌ကား ရသင့်သလို ခွဲစိတ် ဆိုရိုးပြု၏။

http://www.dhammadownload.com

ဓမ္မသင်္ဂဏီကျမ်းနှင့်အညီ

သဗ္ဗံ ရူပံ နဟေတုကမေဝ အဟေတုကမေဝ (ရုပ်မှန်သမျှ သမ္ပယုတ်မရှိသောကြောင့် အဟေတုကချည်းသာတည်း) ဟု ဓမ္မသင်္ဂဏီပါဠိတော်၌ ဟောတော်မူ၏။

ဤယမိုက်ကျမ်း၌ကား ဟေတုပစ္စည်းတည်းဟူသော ဟိတ်ရှိသောကြောင့် သဟိတ် အဗျာကတစိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့ကို "သဟေတုက" ဟု ဟောတော်မူ၏။ ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော်နှင့် ယမိုက်ပါဠိတော်တို့ ဆန့်ကျင်မှုမရှိ။

ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သော။

ဒွေပဉ္စဝိညာဏ် ၁၀ တို့၌ စိတ်အင်္ဂါကို ထက်သန်စေတတ်သော ဈာနင်၊ မဂ္ဂင်၊ ဟိတ်တရားများ မယှဉ်ကြပါ။ ထို့ကြောင့် စိတ်အင်္ဂါအလွန်အားနည်းရကား ဒွေပဉ္စဝိညာဏ်တစ်ဆယ် တို့သည် ရုပ်ကို မဖြစ်စေနိုင်ကြပါ။ ထိုသို့ ရုပ်ကို မဖြစ်စေနိုင်သောကြောင့် "ဒွေပဉ္စဝိညာဏ်တစ်ဆယ် ကြဉ်သော" ဟု ဆိုရိုးပြု အရကောက်ရ၏။

ကုသလာကုသလစိတ္တဇ

ကုသိုလ်၊ အကုသိုလ်တို့၌ ကုသိုလ်၊ အကုသိုလ်ဟိတ်သာ ရှိကြ၏။ အဗျာကတဟိတ် မရှိနိုင်။ သို့ဖြစ်၍ ကုသိုလ်၊ အကုသိုလ်တို့ ဖြစ်စေအပ်သော ရုပ်များမှာ အဗျာကတဟိတ်လုံးဝမရှိ။ ထိုသို့ အဗျာကတဟိတ်မရှိသောကြောင့် ကုသိုလ်၊ အကုသိုလ်တို့ ပြုအပ်သော ရုပ်များကို ဤအဗျာ ကတအရာ၌ အဟိတ်စိတ္တဇရုပ်အတွင်း ထည့်သွင်းကောက်ရ၏။

အဟိတ်ပဋိသန္ဓေနှစ်ခုတို့နှင့် ယထာရဟာအတူဥပါဒ်ပုံ

သြပပါတိက၊ သံသေဒဇ၊ ဇလာဗုဇ၊ အဏ္ဍဇ ဟူသော ယောနိ လေးမျိုးတွင် သြပ ပါတိက၊ သံသေဒဇယောနိဖြင့် ပဋိသန္ဓေ တည်နေကြသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်နှင့်အတူ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဘာဝ၊ ဝတ္ထုဒသကကလာပ်ဟူ၍ အလွန်အားဖြင့် ရုပ်ကလာပ် ခုနစ်စည်း ဥပါဒ်ကြ၏။

စက္ခု၊ သောတ၊ ဃာန၊ ဘာဝဟူ၍ ချို့ကောင်းသောကလာပ် လေးစည်းတွင် တစ်ပါး ပါးသာ ချို့ပါက ချို့သောကလာပ်ကို နှုတ်၍ ကြွင်းသော ကလာပ် ခြောက်စည်း ဥပါဒ်ကြ၏။ နှစ်ပါး နှစ်ပါးသာချို့ပါက ကြွင်းသော ကလာပ် ငါးစည်းသာ ဥပါဒ်ကြ၏။ သုံးပါးချို့ပါက ကြွင်းသော

http://www.dhammadownload.com

ကလာပ် လေးစည်းသာ ဥပါဒ်ကြ၏။ လေးပါးလုံးချို့ပါက ကြွင်းသော "ဇီဝိတဒသက၊ ကာယဒသက၊ ဝတ္ထုဒသက" ဟူ၍ ရုပ်ကလာပ် သုံးစည်းသာ ဥပါဒ်ကြ၏။

ဇလာဗုဇ၊ အဏ္ဍဇယောနိ တို့ဖြင့် ပဋိသန္ဓေ နေကြရသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်နှင့်အတူ "ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက" ဟူ၍ ရုပ်ကလာပ်သုံးစည်း ဥပါဒ်ကြ၏။ ဤသို့ အဟိတ်ပဋိသန္ဓေနှစ်ခုတို့နှင့် ယထာရဟ အတူဥပါဒ်ကြ၏။

မှတ်ချက်။ ။ ပဋိသန္ဓေစိတ် အကုန်လုံးအတွက်ဖြစ်ပါက အသညသတ်ကြဉ် ရူပဗြဟ္မာ၏ ပဋိသန္ဓေစိတ်ဆိုင်ရာကို အောက်ပါအတိုင်း ဆက်ရေးရပါမည်။

ရူပဗြဟ္မာပဋိသန္ဓေစိတ်။ ။ အသညသတ်ကြဉ်သော ရူပဗြဟ္မတို့၏ ပဋိသန္ဓေစိတ်အတူ "စက္ခုဒသက၊ သောတဒသက၊ ဝတ္ထုဒသက၊ ဇီဝိတနဝက" ဟူ၍ ရုပ်ကလာပ်လေးစည်းတို့ ဥပါဒ်ကြ၏။ ကြွင်းသော ကမ္မဇရုပ်ကလာပ်များ မဥပါဒ်ကြတော့ပါ။

ဗာဟိရရုပ်။ ။ အနိန္ဒြိယဗဒ္ဓဖြစ်သော (ဣန္ဒြေနှင့် ဆက်စပ်မှုမရှိသည့် သစ်ပင်၊ တော၊ တောင်၊ ရေမြေ၊ သမုဒ္ဒရာ စသည်တို့၌ရှိသော) ဥတုဇရုပ်ကလာပ် နှစ်စည်းကို ဗာဟိရရုပ် ဟုခေါ်၏။

ဥတုဇရုပ်ကို ထပ်ဆို။ ။ ဗာဟိရရုပ်သည် ဥတုဇရုပ်ပင် ဖြစ်သော်လည်း ဥတုဇရုပ်မကုန်သေး၊ ဣန္ဒြိယဗဒ္ဓဥတုဇရုပ်များ ကျန်နေသေး၏။ ထို့ကြောင့် ဣန္ဒြိယဗဒ္ဓဥတုဇရုပ်တို့ကို ပါဝင်စေလို (သိမ်းယူလို) သောကြောင့် ဥတုဇရုပ်ကို ထပ်ဆိုရ၏။

ပဝတ္တိကမ္မဇရုပ်။ ။ ပဝတ္တိကမ္မဇရုပ်သည် နိရောဓသမာပတ် ဝင်စားခိုက် စိတ်ချုပ်ပျောက်နေစဉ်အခါ၌ပင် ဖြစ်နိုင်၏။ ထို့ကြောင့် ပဋိသန္ဓေကမ္မဇရုပ်ကဲ့သို့ စိတ်နှင့်စပ်၍ ဖြစ်ခြင်းမရှိ၊ အတိတ်ကံနှင့်စပ်၍သာ ဖြစ်ရ၏။ စိတ်နှင့်မစပ်ပါက စိတ်ဖြစ်မှသာ ဖြစ်ကြရသော ဟိတ်တရားတို့နှင့်လည်း ဆက်စပ်မှုမရှိနိုင်။ ထို့ကြောင့် သဟိတ်အဗျာကတအတွင်း ထည့်သွင်းမကောက်ရ။ အဟိတ်အဗျာကတ အတွင်း၌သာ ထည့်သွင်းကောက်ရ၏။

ကမ္မဇရုပ်များ ပဝတ္တိအခါ စိတ်နှင့်မစပ်ခြင်း

ရှေးဦးစွာ သစ်ပင်ပေါက်ရာ၌ လယ်မြေ၊ ရေရှိသော်လည်း မျိုးစေ့ကြောင့် သစ်ပင်ပေါက်သကဲ့သို့လည်းကောင်း၊ နောက်ထပ်ကြီးပွားရာ၌ မျိုးစေ့မရှိသော်လည်း မြေ၏အစွမ်းအာနုဘော်

http://www.dhammadownload.com

ကြောင့် ကြီးပွားရသကဲ့သို့လည်းကောင်း၊ ထို့အတူ ပဋိသန္ဓေအခါ ကမ္မဇရုပ်များ ကံတဏှာရှိသော်လည်း စိတ်နှင့်စပ်၍ ဖြစ်ကြ၏။ ပဝတ္တိအခါ စိတ်ရှိသော်လည်း ကံနှင့်သာစပ်၍ ဖြစ်ကြ၏။ စိတ်နှင့်စပ်၍ ဖြစ်ခြင်းမရှိကြ။

အရူပဝိပါက်ကြဉ်ရခြင်း။ ။ အရူပဝိပါက်လေးခုတို့သည် အရူပလေးဘုံ၌သာ ဖြစ်ကြ၏။ အရူပလေးဘုံသည်လည်း ရုပ်ဖြစ်ရာဘုံမဟုတ်။ ထိုသို့ ရုပ်မဖြစ်ရာ အရူပလေးဘုံ၌သာဖြစ်ကြရသောကြောင့် အရူပဝိပါက်လေးခုတို့သည် ရုပ်ကို မဖြစ်စေနိုင်ကြပါ။ ရုပ်ကို မဖြစ်စေနိုင်သောကြောင့် အရူပဝိပါက်လေးခုကို ကြဉ်ရ၏။

ရဟန္တာတို့ စုတိကြဉ်ရခြင်း။ ။ ရဟန္တာတို့ စုတိသည် ဝဋ်မြစ်အရင်းပြတ်စဲငြိမ်းအေးပြီး ဖြစ်ခြင်းကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါ။ ထို့ကြောင့် ရဟန္တာတို့ စုတိကို ကြဉ်၍ အရကောက်ရ၏။

ပဋိသန္ဓေစိတ်။ ။ မှီရာဝတ္ထုရုပ် အားနည်းသောကြောင့် လည်းကောင်း၊ ထောက်တည်ရာမရှိသောကြောင့်လည်းကောင်း၊ ပုရေဇာတ ပစ္စည်းချို့တဲ့သောကြောင့်လည်းကောင်း၊ ပစ္စုပ္ပန်ဘဝ၌ ဖြစ်ခါစ ဧည့်သည် အာဂန္တုဖြစ်သောကြောင့် လည်းကောင်း၊ ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်ပါ။

တစ်နည်း။ ။ကံအဟုန်ပစ်ချလိုက်သဖြင့် လည်းကောင်း၊ ထောက်တည်ရာဝတ္ထုရုပ်မရှိသဖြင့်လည်းကောင်း အားနည်းသောကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါ။

ထိုသို့ ရုပ်ကို မဖြစ်စေနိုင်သောကြောင့် ပဋိသန္ဓေစိတ်ကို ကြဉ်သင့်သည်။ သို့သော် ပဋိသန္ဓေစိတ် မည်သည်မှာ ဘဝင်စိတ်၊ စုတိစိတ်တို့နှင့် မထူးခြားပါ။ ဘဝင်စိတ်၊ စုတိစိတ်အတွင်း ပါဝင်ပြီး ဖြစ်၏။ ဘဝင်စိတ်၊ စုတိစိတ်များကား ထိုက်သည့် အားလျော်စွာ ရုပ်ကို ဖြစ်စေနိုင်ကြ၏။ ပဋိသန္ဓေစိတ်ကို ကြဉ်သော်လည်း စိတ်အရေအတွက် ယုတ်လျော့ဖွယ်မရှိ။ ထို့ကြောင့် ပဋိသန္ဓေစိတ်ကို မကြဉ်ဘဲ အရကောက်ကြ၏။

ရုပ်ကို မဖြစ်စေနိုင်သော စိတ်များ

၁။ ပဋိသန္ဓေစိတ်၊
၂။ ရဟန္တာတို့ စုတိစိတ်၊
၃။ ဒွေပဉ္စဝိညာဏ် ၁၀၊
၄။ အရူပဝိပါက်စိတ် ၄ ပါး။

http://www.dhammadownload.com

နာမ။ ။ စိတ်၊ စေတသိက်၊ နိဗ္ဗာန်တို့ကို နာမ်ဟု ခေါ်၏။ ထိုတွင် စိတ်စေတသိက် တရားတို့သည် မိမိလည်း အာရုံသို့ ညွတ်သောကြောင့် လည်းကောင်း၊ မိမိသို့ အာရမ္မဏိက တရားတို့ကို ညွတ်စေတတ်သောကြောင့်လည်းကောင်း နာမ်မည်၏။

နိဗ္ဗာန်သည် အာရမ္မဏိက ဖြစ်သော မဂ်ဖိုလ်အစရှိသောစိတ်၊ စေတသိက်တရားတို့ကို မိမိသို့ ညွတ်စေသောကြောင့် နာမ်မည်၏။

ရုပ်ကို နာမ်မခေါ်ရ။ ။ မိမိသို့ အာရမ္မဏိကတရားကို ညွတ်စေတတ်သောကြောင့် နာမ်ဟု ခေါ်လျှင် ရုပ်နာမ်တရားတို့လည်း အာရမ္မဏိက ပစ္စယုပ္ပန်တရားတို့ကို မိမိသို့ ညွတ်စေနိုင်၏။ ထို့ကြောင့် ရုပ်တရားကိုလည်း နာမ်ဟုခေါ်သင့်သည် မဟုတ်လော။ အဘယ် ကြောင့် စိတ်စေတသိက်၊ နိဗ္ဗာန်တို့ကိုသာ နာမ်ဟု ခေါ်ပါသနည်း။

စိတ်၊ စေတသိက်၊ နိဗ္ဗာန်တို့သည် အမည်နှင့်ကင်း၍ မထင်ရှားသောကြောင့် နာမ် မည်၏။ ရုပ်ကား အမည်နှင့် ကင်း၍ ထင်ရှားသောကြောင့် နာမ်မမည်ပါ။

မှန်၏။ နာမ်ဟူသော အမည်သည်စိတ်၊ စေတသိက်၊ နိဗ္ဗာန်တရားတို့ အပေါ်၌သာ ထင်ရှားတွင်ကျယ်နေသည်။ ရုပ်တရားအပေါ်၌ မထင်ရှား မတွင်ကျယ်ပါ။ ထို့ကြောင့် စိတ်၊ စေ တသိက်၊ နိဗ္ဗာန်တို့ကိုသာ နာမ်ဟုခေါ်ရ၏။ ရုပ်တရားကို နာမ်ဟု မခေါ်ရပါ။

နဝေဝနာမ မူလာနိ။ ။ မူလမည်သော ဟိတ်တရားသည် တရားကိုယ်အားဖြင့် ခြောက်ပါးသာ ရှိသော်လည်း ကုသိုလ်မူ သုံးပါး၊ အကုသိုလ်မူ သုံးပါး၊ အဗျာကတမူ သုံးပါးဟူ၍ ကိုးပါးပြားသင့်သောကြောင့် "နဝေဝနာမ မူလာနိ" ဟု ဟောတော်မူ၏။

ထိုသို့ ကိုးပါး ဟောတော်မူသော်လည်း တရားကိုယ်အားဖြင့် ခြောက်ပါးသာဖြစ်သော ကြောင့် "နာမမူ ကိုးခု ကြဉ်သော စေတသိက် **ဆစတ္တာလီသ**" ဟု ဆိုရိုးပြု အရကောက်ရ၏။

အမှာ။ ။ ခန္ဓယမိုက် စသောယမိုက်များ၏ အဓိပ္ပါယ်နှင့် လေ့ကျင့်ခန်း မေးခွန်းတို့ကို စနစ် တကျ ရေးသားချိန်မရ၍ ဒုတိယအကြိမ်ပုံနှိပ်မှ ထည့်သွင်းပေးပါမည်။

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

http://www.dhammadownload.com

အရှင်ခေမိန္ဒ

၏

ပြုစုထုတ်ဝေပြီး ကျမ်းစာများ

၁။ မူလတန်းပါဠိသဒ္ဒါသင်ကြားနည်း (တတိယအကြိမ်)

၂။ ပါဠိဝါကျရေးနည်း ပထမတွဲ (ဒုတိယအကြိမ်)

၃။ ပါဠိဝါကျရေးနည်း ဒုတိယတွဲ (ရိုက်ဆဲ)

၄။ သင်္ဂြိုဟ်သရုပ်ခွဲသင်ကြားနည်း ပထမတွဲ (ဒုတိယအကြိမ်)

၅။ သင်္ဂြိုဟ်သရုပ်ခွဲသင်ကြားနည်း ဒုတိယတွဲ (ဒုတိယအကြိမ်)

၆။ မာတိကာ ဓာတုကထာသင်ကြားနည်း

၇။ ရူပသိဒ္ဓိသင်ကြားနည်း ပထမတွဲ (ရိုက်ဆဲ)

၈။ ယမကသင်ကြားနည်း ပထမတွဲ

http://www.dhammadownload.com

ယမကသင်ကြားနည်းကျမ်းစာအတွက် အလှူရှင်များ

စဉ်	အမည်	ကျပ်
၁။	ဦးစိန်ညို အားရည်စူး၍ ဒေါ်မြင့်ကြည်၊ ကညင်ငူကျေးရွာ၊ ငပုတော။	၁၀၀၀၀၀
၂။	ကိုချိုလေး + မစုစုလှိုင်၊ မရမ်းချိုလမ်း၊ ပုသိမ်။	၁၈၀၀၀
၃။	ကိုသန့်ဇင် + မကြည်ကြည်ဝင်း မိသားစု၊ နုနု ဆေးလိပ်ခုံ၊ မင်းကြီးလမ်း၊ ပုသိမ်။	၇၀၀၀
၄။	ဦးကျော်ခိုင် + ဒေါ်ခင်မေလှိုင် မိသားစု၊ မန်ကျည်းပင်တန်းလမ်း၊ ပုသိမ်။	၅၀၀၀
၅။	ဦးစိုးမြင့် + ဒေါ်ကျင်ဝင်း၊ စံ ပရိဘောဂ၊ ဘိုကနောင်လမ်း၊ ပုသိမ်။	၅၀၀၀
၆။	ဦးအုန်းကြိုင် + ဒေါ်မြင့်ငွေ မိသားစု၊ ကျောင်းကွဲရွာ၊ ငပုတော။	၅၀၀၀
၇။	ဒေါက်တာနွဲ့တင်ထွန်း၊ ၁၄-နတ်မောက်လမ်း၊ တာမွေ၊ ရန်ကုန်။	၃၃၀၀
၈။	မသန်းသန်းဝင်း၊ ခေတ္တ ဂျပန်နိုင်ငံ။	၃၀၀၀
၉။	ဦးကြည်အုန်း + ဒေါ်ကျင်ခ အားရည်စူး၍ သမီး ဒေါ်မြင့်မြင့် မိသားစု၊ မင်းကြီးလမ်း၊ ပုသိမ်။	၂၀၀၀
၁၀။	ဒေါ်ကျင်မှို အားရည်စူး၍ ဦးကုတ်ရင်၊ သမီး မရှုရင်၊ မအေးအေးမြင့်၊ မြေး မအေးအေးသန်း မိသားစု၊ (၃၂-ဗ) ကုန်သည်လမ်း၊ ပုသိမ်။	၂၀၀၀
၁၁။	ဒေါ်တင်မေနှင့် (နုနု ဆေးလိပ်ခုံ) မောင်နှမများ၊ မင်းကြီးလမ်း၊ ပုသိမ်။	၁၅၀၀
၁၂။	ဦးဇေထအောင် + ဒေါက်တာကြည်ကြည်သာ၊ ခေတ္တ ဂျပန်နိုင်ငံ။	၁၂၅၀
၁၃။	ဒေါ်ကျင်မှို အားရည်စူး၍ ဦးကုတ်ရင်၊ သမီး မရှုရင်၊ သား ဦးသောင်းဝင်း + ဒေါ်ကျင်သန်း၊ မြေး မဝင့်ဝင့်၊ မောင်ဇင်မျိုးထွန်း၊ တင်ဇာလီတင့်တင့်၊ (၃၂-ဗ) ကုန်သည်လမ်း၊ ပုသိမ်။	၁၀၀၀
၁၄။	ဦးတင်မောင် အားရည်စူး၍ ဒေါ်လှတင် မိသားစု၊ ကညင်ငူကျေးရွာ၊ ငပုတော။	၁၀၀၀
၁၅။	ဒေါ်ငြိမ်းခင်နှင့် သမီး မတင်တင်ဦး၊ ကညင်ငူကျေးရွာ၊ ငပုတော။	၁၀၀၀
၁၆။	ဦးသူတော် + ဒေါ်ကြည် မိသားစု၊ ၃၇ စကားဝါလမ်း၊ ပုသိမ်။	၅၀၀
၁၇။	ဦးခင်မောင် + ဒေါ်ခင်ဝင်းကြည် မိသားစု၊ စကားဝါလမ်း၊ ပုသိမ်။	၅၀၀

မှတ်ချက်။ ။ အလှူရှင်များသည် မိမိစေတနာ, သဒ္ဓါတရား အားလျော်စွာ လှူဒါန်းကြပါသည်။ သူတစ်ပါးတိုက်တွန်းခြင်းကြောင့် လှူဒါန်းခြင်းမဟုတ်ပါ။ အချို့အလှူရှင်များ ဆရာတော်၏ နဝကမ္မအတွက်လှူဒါန်းကြသော်လည်း ပို၍ အကျိုးများစေဖို့ စာအုပ်ရိုက်ရာ၌ သုံးစွဲကြောင်း သိရှိစေရန် အလှူရှင်များကို ဖော်ပြရခြင်း ဖြစ်ပါသည်။